## အခန်း(၂၉၄) - တစ်ချက်တည်း သတ်လိုက်တာလား..

ရီရီယွီသည် မြေမီးလျှံ ပုတ်သင်ညိုမိစ္ဆာ မှုတ်ထုတ်လိုက်သော မီးထဲသို့ တည့်တည့်မတ်မတ် ခုန်ဝင်သွားသဖြင့် လူတိုင်း အံ့အောာ ထိတ်လန့် သွားသော်လည်း သူမ၏ ခန္ဓာကိုယ်က ဘာမှ မဖြစ်ခဲ့ပေ။

သူမသည် လွန်ခဲ့သော (၇) လ ကပင် မီး ပြီးကြောင်း သိခဲ့သည်။ (မှတ်ချက်။ ပြီးကြောင်း = ထိုအရာနှင့် ပက်သက်၍ ဘာမှ မဖြစ်နိုင်ခြင်း)

ထို့နောက် မကြာခင် ရွှေအဆင့် ပြည့်ဝအဆင့်သို့ ရောက်ရှိသွားခဲ့သည်။ သူမ၏ တိုက်ခိုက်ရေး အဆင့်သည် မတည်ငြိမ်သေးသောကြောင့် လုပ်စရာ ဘာမှမရှိသဖြင့် မုဆိုး တိုက်ပွဲကွင်းပြင်ထဲသို့ ဝင်ရောက်ခဲ့ခြင်းသာ

တိုက်ပွဲနှစ်ခု တိုက်ခိုက်ပြီးနောက် မီးဒြပ်စင် ပိုင်ဆိုင်သော ပြိုင်ဘက်တစ်ယောက်နှင့် ရင်ဆိုင် ခဲ့ရသည်။ သူမ ရှုံးနိမ့်မည်ဟု ထင်ခဲ့သော်လည်း ပြင်းထန်သော တိုက်ပွဲအပြီးတွင် ပြိုင်ဘက်၏ ပစ်ခတ်တိုက်ခိုက်မှုများက သူမကို အနည်းငယ်မျှပင်

ဒုက္ခ မပေးနိုင်ကြောင်း သိခဲ့ရပြီး သူမသည် ထိုတိုက်ပွဲတွင် ထူးဆန်းသော နည်းလမ်းဖြင့် အနိုင်ရရှိခဲ့၏။

မုဆိုး တိုက်ပွဲကွင်းပြင်ထဲမှ ထွက်လာပြီးနောက် သူမ၏လက်ကို မီးရှို့ရန် ကြိုးစားခဲ့သည်။ စမ်းသပ်မှုများ အကြိမ်ကြိမ် ပြုလုပ်ပြီးနောက် မီးဒဏ်ကို ခံနိုင်ရည် ရှိကြောင်း အတည် ပြုနိုင်ခဲ့သည်။

ထိုကဲ့သို့ ရှုပ်ထွေးသော ရှာဖွေတွေ့ရှိမှုကို သူမ၏မိသားစုထံ အသိ ပေးခဲ့ပြီးနောက်

သူမ၏မိသားစုက သူမခန္ဓာကိုယ်ကို စမ်းသပ်မှုအချို့ ပြုလုပ်ခဲ့ရာ ခန္ဓာကိုယ်ထဲတွင် ကြီးမားသော ပြောင်းလဲမှုတစ်ခု ရှိနေကြောင်း သိရှိခဲ့ရသည်။

ထိုပြောင်းလဲမှုက သူမ၏ ခန္ဓာကိုယ်သည် မီးဒြပ်စင်များကို ခံနိုင်ရည် ရှိရုံသာမက မီးနှင့်ပင် အလွန် လိုက်ဖက်မှုရှိနေကြောင်း သိရှိခဲ့ရသည်။

သို့သော်လည်း ရီရီယွီသည် မီးဒြပ်စင်များ ပါရှိသော အရည်အချင်းများ သို့မဟုတ် မွန်းစတား စွမ်းရည်များကို တစ်ခါမျှ မရရှိခဲ့သောကြောင့် ဤအချက်နှင့် ပက်သက်၍ နားမလည်နိုင်

ဖြစ်နေခဲ့သည်။ ထို့ကြောင့် သူမ၏ မိသားစုသည် မီးဖိုးနစ်ဌက်ကို ရွေးချယ်ပြီး သန့်ရှင်းမီးလျှံအဆင့်သို့ တက်လှမ်းရန် ရွေးချယ်စေခဲ့ခြင်းပင်

မီးဖိုးနစ်ဌက်ထဲမှ မီးကံကြမ္မာမျိုးစေ့ကို ရရှိပါက သူမသည် လျှို့ဝှက်စွမ်းအင် အဖြစ် မီးတောက်ခါး မိုးကြိုးစွမ်းရည်ကို ရရှိပြီး သူမ၏ ကံကြမ္မာမီးလျှံကို ထွန်းညှိ နိုင်လိမ့်မည်။

ထိုအချိန်တွင် သူမ ခန္ဓာကိုယ်သည် မီးနှင့် လိုက်ဖက်နေသောကြောင့် ထိုလျှို့ဝှက်စွမ်းရည်ကို ပြီးပြည့်စုံစွာ အသုံးချနိုင်ပြီး ထိုအကျိုးဆက်ကြောင့်

သူမသည် ရီကျန်းထက်ပင် သာလွန်သော ပါရမီရှင်တစ်ယောက် ဖြစ်လာနိုင်၏။

သူမက မီးစွမ်းရည်ကို ခံနိုင်ရည်ရှိကြောင်း လူအများက မသိကြပေ။ ချော်ရည်မြစ်ကို မကူးဖြတ်ချင်ရခြင်းမှာ အမွှေးပြောင်သွားမှာ ကြောက်သောကြောင့် မဟုတ်ဘဲ သူမ၏ လျှို့ဝှက်ချက်ကို မဖော်ထုတ် ချင်သောကြောင့်သာ

ထိုမြင်ကွင်းကို မြင်လျှင် လူအများက ထင်ကြေးပေးကြလိမ့်မည်။

သို့သော်လည်း လီလန်နှင့် လင်းဟွမ်တို့က သူတို့၏လျှို့ဝှက်ချက် ဖြစ်သော ခါးပါရမီရှင် ဖြစ်ကြောင်း ထုတ်ဖော်ပြီးကတည်းက သူမသည် လီလန်နှင့် လင်းဟွမ် တို့ရှေ့တွင် သူမ၏ လျှို့ဝှက်ချက်ကို ထုတ်ဖော်ရန် မကြောက်ရွံ့တော့ချေ။

သူမသည် လီလန်နှင့် မရင်းနှီးသော်လည်း လင်းဟွမ်က ယုံကြည်နေသဖြင့် လီလန်က ယုံကြည်ထိုက်သူ ဖြစ်ကြောင်း ပြောနိုင်သည်။ ထို့ကြောင့် သူတို့ နှစ်ယောက်ရှေ့တွင် သူမ၏ လျှို့ဝှက်ချက်ကို ထုတ်ဖော် ပြသလိုက်ခြင်းပင်။

မြေမီးလျှံ ပုတ်သင်ညိုမိစ္ဆာက သူမထံ မီးမှုတ်ထုတ်လိုက်သော အချိန်တွင် နှစ်ခါ ပြန်မတွေးဘဲ မီးတောက်ထဲသို့ တည့်တည့် တိုးဝင်သွားခဲ့သည်။ အစိမ်းရောင်ဝတ်ရုံနှင့်အတူ သူမ၏ ဆံပင်များသည် လေထဲ လွင့်ခါပြီး ပို၍ပင် အေးမြသွားသလို ခံစားခဲ့ရသည်။

မြေမီးလျှံ ပုတ်သင်ညိုမိစ္ဆာ ဘာမှ မလုပ်နိုင်သေးခင် ရီရီယွီ၏ အစိမ်းရောင် ဆေဘာ ဓါတ်ကြွင်း၏ ထိပ်ဖျားသည် ရွှေရောင်

တောက်ပလာပြီး မြေမီးလျှံ ပုတ်သင်ညိုမိစ္ဆာ၏ ခန္ဓာကိုယ်ကို ထိုးဖောက် ဝင်ရောက်သွားသည်။

ရီရီယွီ ကိုယ်တိုင်ပင် သူမ၏တိုက်ခိုက်မှုက ဤမျှ အဆင်ပြေ ချောမွေ့လိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ။

လင်းဟွမ်က သူမကို ဤမွန်းစတား၏ ကာကွယ်နိုင်စွမ်းက မြင့်မားကြောင်း ပြောပြပြီး မြေမီးလျှံ ပုတ်သင်ညိုမိစ္ဆာလည်း အံ့အောသင့်နေခဲ့သည်။ မီးက ရီရီယွီကို ဘာမှ မလုပ်နိုင်ခဲ့သလို သူ အင်မတန် ဂုဏ်ယူသော

ကာကွယ်ရေး စွမ်းအင်သည်လည်း လုံးလုံးလျားလျား ပြိုကျသွားခဲ့ပြီ။

မြေမီးလျှံ ပုတ်သင်ညိုမိစ္ဆာ ထိတ်လန့် တုန်လှုပ်နေစဉ် သူမ၏ ဆေဘာ အသွားက သူ့ ခန္ဓာကိုယ်ထဲ လုံးလုံးလျားလျား ထိုးဖောက် ဝင်ရောက်သွားပြီး အပြင်ဘက်တွင် ဆေဘာ လက်ကိုင်တစ်ခုသာ ကျန်ခဲ့တော့သည်။

ရီရီယွီသည် အတွေးများကို ချက်ချင်း ရှင်းထုတ်ပြီး ကံကြမ္မာစွမ်းအား အားလုံးကို ဆေဘာအရိုးထဲ ထည့်သွင်းလိုက်လျှင်

မြေမီးလျှံ ပုတ်သင်ညိုမိစ္ဆာ၏ ပါးစပ်နှင့် နှာခေါင်းတို့မှ မီးများ အထိန်းအကွပ် မရှိ လျှံထွက်လာပြီး မြေပြင်၌ အော်ဟစ် လူးလိမ့်နေသည်။

ရုန်းကန်နေသော မြေမီးလျှံ ပုတ်သင်ညိုမိစ္ဆာကို ကြည့်ရသည်မှာ ပြင်းထန်သော နာကျင်မှု ဝေဒနာကို ခံစားနေရပုံပင်။

လင်းဟွမ်သည် သူ့ရှေ့မှမြင်ကွင်းကို ပါးစပ် အဟောင်းသား ငေးကြည့်နေကာ

"ဒါဆိုရင် ဒီကောင်မလေးက သူမရဲ့အရည်အချင်း အစစ်အမှန်ကို ဖုံးကွယ်ထားတာလား"

လီလန်က လင်းဟွမ်ကို လှည့်ကြည့်ပြီး မေးလိုက်သည်။ သူသည် အဝေးမှ လှမ်းကြည့်နေသောကြောင့် မြေမီးလျှံ ပုတ်သင်ညိုမိစ္ဆာ၏ အော်ရာကို မခံစားမိသဖြင့် သံသယ မရှိခဲ့ပေ။

"ဒါက သူမရဲ့အရည်အချင်းနဲ့ မဆိုင်ဘူး။ မွန်းစတားကို ထိန်းချုပ်နိုင်တဲ့ သူမ ကံကြမ္မာစွမ်းအားရဲ့ ဝိသေသ လက္ခဏာပဲ.."

လင်းဟွမ်က ဘာဖြစ်နေလဲ ဆိုသည်ကို သိလိုက်သည်။

သဘောတရားအရ သူမ၏ တိုက်ခိုက်မှုသည် မြေမီးလျှံ ပုတ်သင်ညိုမိစ္ဆာ၏ ခုခံကာကွယ်မှုကို မကျော်လွှား နိုင်သင့်ပေ။ ထို့ကြောင့် မြေမီးလျှံ ပုတ်သင်ညိုမိစ္ဆာ ရှူးကြောင်မှူးကြောင် ဖြစ်သွားသည်မှာလည်း မဆန်းချေ။

မြေမီးလျှံ ပုတ်သင်ညိုမိစ္ဆာသည် နာကျင်စွာ အော်ဟစ်၍ လူးလိမ့်နေစဉ် အနီရောင်

မီးတောက်များက ၎င်း၏ပါးစပ်နှင့် နှာခေါင်းတို့မှ အဆက်မပြတ် လျှံထွက်နေ၏။

၎င်း၏ ခန္ဓာကိုယ်သည်လည်း အရောင်များ အဆက်မပြတ် ပြောင်းလဲနေပြီး ရီရီယွီ၏ တိုက်ခိုက်မှုကြောင့် ထိန်းချုပ်နိုင်စွမ်း ဆုံးရှုံး သွားပုံရသည်။

ထိုအချိန်တွင် ရီရီယွီက ဆေဘာ လက်ကိုင်ကို လက်မလွှတ်ဘဲ တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားသောကြောင့် သူမပုံစံကို ကြည့်ရသည်မှာ ထိန်းမနိုင် သိမ်းမနိုင်

သောင်းကျန်းနေသော မြင်းရိုင်း တစ်ကောင်ကို ထိန်းချုပ် နေသကဲ့ပင်။

သို့သော်လည်း မြေမီးလျှံ ပုတ်သင်ညိုမိစ္ဆာ၏ တုံ့ပြန်မှုသည် စက္ကန့် အနည်းငယ်သာ ကြာမြင့်ခဲ့သည်။ မကြာခင် ၎င်း၏ခန္ဓာကိုယ်မှ လျှံထွက်နေသော မီးလျှံများ ပျောက်ကွယ်သွားပြီး ခန္ဓာကိုယ် တောင့်တင်းသွားသည်။

ခဏအကြာ ရှီရှီယွီသည် မြေမီးလျှံ ပုတ်သင်ညိုမိစ္ဆာ သေဆုံးသွားကြောင်း အတည်ပြုပြီးနောက် မွန်းစတား၏ အလောင်းကို

စမ်းကြည့်ရန် သူမ၏ ဆေဘာကို ဆွဲထုတ်လိုက်ပြီးနောက် သူမသည် ဘာ ဖြစ်ပျက်ခဲ့လဲ ဆိုသည်ကို အမှန်တကယ် နားမလည်နိုင်သေးပေ။

တိုက်ပွဲပြီးသွားသည်ကို မြင်လိုက်သည်နှင့် လင်းဟွမ်နှင့် လီလန်တို့သည် ပျံသန်းနိုင်သော မွန်းစတားများကို ဆင့်ခေါ်ပြီး ရီရီယွီထံ ပျံသန်း သွားကြသည်။

“မင်း ဘယ်လို လုပ်လိုက်တာလဲ။ ဒီသာလွန် မွန်းစတားကြီးကို တစ်ချက်တည်း သတ်လိုက်တာလား”

လီလန်က ရီရီယွီကို ကြည့်ပြီး တအံ့တသြ မေးလိုက်သော်

“ငါလည်း မသိဘူး”

ရီရီယွီသည် သူမ၏ခန္ဓာကိုယ် ပြောင်းလဲမှုနှင့် ပတ်သက်၍ ပြည့်ပြည့်ဝဝ နားမလည်သေးပေ။

လင်းဟွမ်သည် လက်ကို ဆန့်ထုတ်ပြီး မွန်းစတားအလောင်းထဲသို့ ကံကြမ္မာစွမ်းအား ထည့်သွင်း ကြည့်လိုက်နောက် လက်ကို ပြန်ဆွဲထုတ်ကာ ရီရီယွီကို ပြောလိုက်သည်။

"အထဲမှာ မီးဒြပ်စင် မကျန်တော့ဘူး။ မင်း ခန္ဓာကိုယ်က မွန်းစတားတွေရဲ့ မီးဂုဏ်သတ္တိကို ထိန်းချုပ်နိုင်ပြီး မင်းရဲ့ကံကြမ္မာစွမ်းအားက အဲ့ဒီ မွန်းစတားတွေကို နှိပ်စက် ညှင်းပန်းနိုင်တဲ့ အထူးစွမ်းရည်တစ်ခု ပိုင်ဆိုင်ထားတဲ့အတွက် တိုက်ခိုက်မှုရလဒ်က ဒီလိုဖြစ်သွားတာပဲ"

"လင်းဟွမ် ကျေးဇူးပြုပြီး ငါ့ကို မီးဒြပ်စင် ပိုင်ဆိုင်တဲ့ မွန်းစတားတချို့ ရှာပေးပါ။ ငါ့ရဲ့အစွမ်းကို စမ်းသပ် ကြည့်ချင်တယ်"

ရီရီယွီသည် သူမ ခန္ဓာကိုယ်ထဲက လျှို့ဝှက်ချက်များကို ပိုပြီး သိချင် လာသည်။

"ဒါက လွယ်ပါတယ်။ ဒီဟင်းလင်းပြင် အပျက်အစီးနေရာထဲမှာရှိတဲ့ မွန်းစတားအများစုက မီးဒြပ်စင်ရှိတဲ့ မွန်းစတားတွေပဲ"

လင်းဟွမ်က ချက်ချင်း သဘောတူလိုက်လျှင်

ရီရီယွီသည် တောင်ကုန်းတစ်ခု အရွယ်အစားခန့် ရှိသော မြေမီးလျှံ ပုတ်သင်ညိုမိစ္ဆာ၏ အလောင်းကို သိုလှောင်ရာ လက်စွပ်ထဲ သိမ်းပြီး သက်တံ စာကလေးကို ဆင့်ခေါ်လိုက်သည်။

လင်းဟွမ်လည်း သွေးရဲရဲလေးကို ဆင့်ခေါ်လိုက်ပြီး ..

"ငါတို့ ပတ်ဝန်းကျင်မှာ မီးအမျိုးအစား သာလွန် မွန်းစတားတစ်ကောင် ရှိသေးလား.."

သွေးရဲရဲလေးက ခေါင်းညိတ်ပြီး လမ်းကြောင်းတစ်ခု ညွှန်ပြလိုက်သော် သူတို့သုံးယောက်သည် မွန်းစတားရှိမည့် လမ်းကြောင်းကို ဆုံးဖြတ်ပြီးနောက် ဦးတည် သွားကြသည်။

နာရီဝက် မပြည့်ခင် သွေးရဲရဲလေး လမ်းညွှန်ပေးသော နေရာသို့ ရောက်လာကြသည်။

သူတို့၏ စီးတော်ယာဉ် မွန်းစတားများကို ပြန်သိမ်းပြီးနောက် သွေးရဲရဲလေးက လင်းဟွမ်၏ ဘယ်ဘက် လက်မောင်းပေါ်သို့ မိုးကြိုးတစ်ခုအလား လျှင်မြန်စွာ ပြေးဝင်သွားသည်။

ရှေ့ဆက်သွားပြီး မကြာခင် ဒုတိယမြောက် သာလွန် မွန်းစတားကို တွေ့လိုက်ရသည်။

ဒါသည် ကြီးမားသော မီးတောင် ဘီလူးကြီးပင်။

## အခန်း(၂၉၅) - ပင့်ကူတွေကို ငါမုန်းတယ်..

“မီးတောင်ဘီလူးကြီးက မသေနိုင်တဲ့ မျိုးနွယ်ဝင်တွေပဲ။ သူတို့မှာ အစွမ်းထက်တဲ့ ကာကွယ်မှုနဲ့ ပြန်လည် ကောင်းမွန်နိုင်တဲ့ အထူးစွမ်းရည်တွေ ရှိတယ်။ သူ့ကို သတ်နိုင်တဲ့ တစ်ခုတည်းသော နည်းလမ်းက သူ့တို့ ရင်ဘတ်ထဲမှာရှိတဲ့ မီးတောင်နှလုံးကို ဖျက်ဆီးရမယ်။ ဒီသတ္တဝါက ပြင်းထန်တဲ့ ခွန်အားတွေ၊ ပေါက်ကွဲနိုင်တဲ့ စွမ်းရည်တွေ ရှိတယ်။

ဒါကြောင့် ပူလောင်တဲ့ ခံစားမှု ဝေဒနာကို ဖြစ်ပေါ်စေနိုင်တာပဲ”

လင်းဟွမ်က သူတို့ နှစ်ယောက်ကို ရှင်းပြလိုက်သည်။

“ငါ ကြိုးစားပြီး သတ်ကြည့်မယ်။ တကယ်လို့ ငါမကိုင်တွယ်နိုင်ရင် မင်း ကူညီပေးပါ”

ရီရီယွီက လီလန်ကို ပြောလိုက်ပြီးနောက် သက်တံ့ စာကလေးကို ဆင့်ခေါ်ကာ ရောမ လူသားပုံစံ ဖြစ်နေသော ဘီလူးကြီးထံ ဦးတည် ပျံသန်း သွား၏။

သူမသည် မီတောင် ဘီလူးကြီးနှင့် ခဏမျှ တိုက်ခိုက်ပြီးနောက် မီးတောင် ဘီလူးကြီး၏ လက်များကို အကြိမ်ကြိမ် ရှောင်ရှားကာ နောက်ဆုံးတွင် သူမ၏ဓါးက ဘီလူးကြီး၏ ခေါင်းထဲသို့ ထိုးဖောက် ဝင်ရောက်သွားသည်။

၎င်း၏ မာကျောသော ဦးခေါင်းထဲသို့ အစိမ်းရောင်ဓါးက အားထုတ်စရာ မလိုဘဲ တို့ဟူးကဲ့သို့ အလွယ်တကူ ထိုးဖောက် ဝင်ရောက်သွားကာ

မီးတောင် ဘီလူးကြီးသည် မြေပေါ်သို့ ဘုန်းခနဲ လဲကျသွားသည်။

ရီရီယွီသည် ၎င်း၏နှလုံးနေရာကို ချိန်ရွယ်ပြီး မလုပ်ခဲ့သော်လည်း နှလုံးမီးကို ငြိမ်းသတ်နိုင်ကြောင်း သက်သေပြနိုင်ခဲ့ပြီး လင်းဟွမ်၏ ထင်ကြေးကိုလည်း အတည်ပြုနိုင်ခဲ့သည်။ သူပင် မီးတောင်ဘီလူးကြီးကို အလွယ်တကူ မသတ်နိုင်ပေ။

ထို့နောက် မီးတောင်ဘီလူးကြီး၏ အလောင်းထံ သွားပြီး စစ်ဆေးကြည့်လိုက်ရာ မြေမီးလျှံ ပုတ်သင်ညိုမိစ္ဆာနှင့် အဖြစ်အပျက် တူနေကြောင်း

တွေ့လိုက်ရသည်။ ၎င်းကိုယ်ထဲရှိ မီးစွမ်းအားများ လုံး၀ ပျောက်ကွယ်သွားခဲ့ပြီ။

ရီရီယွီသည် မီးတောင်ဘီလူးကြီး၏ အလောင်းကို သိမ်းပြီးနောက် မီးဒြပ်စင် ပိုင်ဆိုင်သော မွန်းစတားများကို ဖိနှိပ်နိုင်သည့် ကိစ္စနှင့်ပတ်သက်၍ လင်းဟွမ်၏ အယူအဆကို သဘောတူ လက်ခံလိုက်သည်။

“မီးဒြပ်စင် မဟုတ်တဲ့ မွန်းစတားတွေကို သတ်ကြည့်ပါလား။ တကယ်လို့ မင်းက လုပ်နိုင်တယ်ဆိုရင် မင်းခန္ဓာကိုယ်က မီးဒြပ်စင်

မွန်းစတားတွေထက် ဒီအကျိုးသက်ရောက်မှုက ပိုအလုပ် ဖြစ်တယ်ဆိုတာ ပြသလိမ့်မယ်”

လင်းဟွမ်က အကြံပြုလိုက်သည်။

“ကောင်းပြီလေ..”

ရီရီယွီသည် မီးဒြပ်စင် မွန်းစတားနှစ်ကောင်ကို ဆက်တိုက် သတ်ဖြတ်ပြီးနောက် လင်းဟွမ်နှင့် အတွေးတူနေခဲ့သည်။

မီးဒြပ်စင် မဟုတ်သော အခြား မွန်းစတားများတွင်လည်း အလားတူ

လုပ်ဆောင်နိုင်မလား ဆိုသည်ကို သူမ သိချင်နေသည်။

လင်းဟွမ်က မီးဒြပ်စင် မဟုတ်သော မွန်းစတားများကို ရှာဖွေရန် သွေးရဲရဲလေးအား ညွှန်ကြားလိုက်ရာ သွေးရဲရဲလေးသည် အင်္ကျီလက်စထဲမှ ထွက်လာသည်။

မကြာခင် သူတို့သုံးယောက်သည် စတုတ္ထမြောက် မွန်းစတားရှိသည့် နေရာသို့ ဦးတည်သွားကြကာ နာရီဝက်ခန့် ကြာသောအခါ သူတို့ဦးတည်သော နေရာသို့ ရောက်ရှိ သွားကြသည်။

ဤတစ်ခါတွင် သူတို့တွေ့ခဲ့သော သာလွန်မွန်းစတားမှာ ရက်ကန်းသမားဟုခေါ်သော မသေမျိုး မွန်းစတားတစ်ကောင် ဖြစ်နေသည်။

"ငါ ပင့်ကူတွေကို မုန်းတယ်"

သူမ၏ ပစ်မှတ်သည် တောင်ကုန်းတစ်ခုနှင့် တူနေသော ပင့်ကူတစ်ကောင် ဖြစ်နေကြောင်း မြင်လိုက်လျှင် ရီရီယွီသည် တစ်ကိုယ်လုံး ယားယံလာ၏။

"ပင့်ကူတွေက ချစ်စရာ ကောင်းပါတယ်။ ခေါင်းပေါ်မှာရှိနေတဲ့ မှိတ်တုတ် မှိတ်တုတ်

မျက်လုံးဝိုင်းလေးတွေကို တွေ့လား။ ခြေထောက်ရှစ်ချောင်းကလည်း စွဲဆောင်မှုရှိတဲ့ ဆံပင်တွေကို ကြည့်နေရသလိုပဲ”

လီလန်က ပြုံးပြီးပြောလိုက်လျှင်

“မင်းဘာသာမင်း သွားချစ်”

ရီရီယွီက အော်ဟစ်လိုက်သည်။

“ဒါက ခြိုးခြံချွေတာ ရက်ကန်းသမားလေးပါ”

“မင်းတို့တွေ ဒီမွန်းစတားအကြောင်း ကြားဖူးမယ်လို့ ငါ ထင်တယ်”

လင်းဟွမ်က သူတို့နှစ်ယောက်ကို ကြည့်ပြီး မေးခွန်းထုတ်လိုက်စဉ်

“ဒါက ဂါထာစွမ်းအင် သုံးနိုင်တဲ့ ရက်ကန်းသမားလား”

လီလန်က မျက်ခုံးပင့်ကာ ပြောလိုက်သည်။

“ဟုတ်တယ်။ သူ့ခန္ဓာကိုယ်က ဆူးတွေကို ခုတ်ဖြတ်မိပြီး သွေးတွေနဲ့ ရေမချိုးရင် မင်းက ကံဆိုးစေတဲ့ ကျိန်စာမိလိမ့်မယ်။ ဒီလိုမ မဟုတ်ရင် တစ်လလောက် ကံဆိုးနေလိမ့်မယ်..”

လင်းဟွမ်က အတည်ပြုလိုက်သည်။

"ဒါဆိုရင် ဘာဖြစ်လို့ နောက်တစ်ကောင် ပြောင်း မရှာတာလဲ"

လီလန်သည် နောက် ပြန်ဆုတ်ချင်လာသည်။

"ဒီပင့်ကူက ချစ်စရာ ကောင်းတယ်လို့ မင်းပဲ ပြောခဲ့တာ မဟုတ်လား"

ရီရီယွီက လီလန်ကို စိုက်ကြည့်ပြီး ပြောလိုက်သည်။

"ငါ.. .."

လီလန်သည် သူ၏နောက်ပြောင်မှုက ဤကဲ့သို့ ကိုယ့်ရှုး ကိုယ် ပတ်လာလိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ။

"ကောင်းပြီလေ။ မင်းတို့ကောင်တွေ ဒီကောင့်ကို မသတ်ချင်ရင် တခြားမွန်းစတား ပြောင်းလို့ရတယ်"

လင်းဟွမ်သည် သူတို့က ဤမွန်းစတားကို မြင်ပြီး တွေ့ဝေနေသဖြင့် မွန်းစတားက သူတို့ကို ခြိမ်းခြောက်နေသည်ဟု မထင်သော်လည်း အကြံပြု လိုက်သေးသည်။

"ဒီကောင်ကိုပဲ သတ်မယ်"

ရီရီယွီက လင်းဟွမ်၏ အကြံပြုချက်ကို ချက်ချင်း ငြင်းလိုက်သည်။

"ပင့်ကူတွေကို မုန်းတယ်လို့ မင်းပဲပြောခဲ့တာ မဟုတ်လား"

လီလန်က ရီရီယွီကို ခေါင်းရှုပ်စွာ လှမ်းကြည့် လိုက်သောအခါ

"မုန်းလို့ကို သတ်ပစ်ရမှာ"

ရီရီယွီ၏ အဖြေကြောင့် လူတိုင်း ဆွံ့အသွားသည်။

လီလန်သည် အမျိုးသမီးတစ်ယောက်၏ စိတ်ကို မည်သို့မှ နားမလည်နိုင်တော့ပေ။

"မင်းက ဆုံးဖြတ်ပြီးပြီ ဆိုတော့လည်း စမ်းကြည့်ပေါ့"

လင်းဟွမ်သည် နောက်ဆုံး တစ်ကြိမ် တွေ့သည့်အချိန်က ရှိရှိယွှီသည် ပင့်ကူအားလုံးကို သတ်ပစ်ရန် ခေတ်ကြွင်းကို အသုံးပြုခဲ့ကြောင်း ပြန်သတိရသွားသည်။ သူမက ဤကောင်များကို အမှန်တကယ်ပဲ မုန်းတီးနေခြင်းပင်။

"တိုက်ပွဲအတွင်းမှာ ပင့်ကူ အဆူးတွေကို မခုတ်မိအောင် ကြိုးစား။ ကံဆိုးစေတဲ့ အပြင် အဲ့ဒီအဆူးတွေမှာ အဆိပ်တွေ ရှိသေးတယ်။ ပင့်ကူမျှင်ကိုလည်း သတိထား။ အဲ့ဒါတွေက မင်းရဲ့ခန္ဓာကိုယ်ကို ထုံကျင်စေတဲ့အတွက် မထိမိစေနဲ့။ အဲ့ဒီနှစ်ချက်ပဲ မှတ်ထားရမှာ ကျန်တဲ့အရာတွေက ဂရုစိုက်နိုင်မယ်လို့ ယုံကြည်တယ်"

လင်းဟွမ်က အကြံပေးလိုက်သည်။

“ အရင်လိုပဲ ငါသတ်ဖို့ ကြိုးစားမယ်။ ဒါပေမယ့် ငါမသတ်နိုင်ရင် လာကူညီပါ”

လီလန်ကို လှည့်ပြောလိုက်သည်။

ထို့နောက် သက်တံ့စာကလေးကို စီးပြီး ခြိုးခြံချွေတာ ရက်ကန်းသမားလေးဆီ ပျံသန်းသွားသည်။

လင်းဟွမ်သည် သူမ ထွက်သွားသည်ကို မြင်လိုက်လျှင်

“လီလန်၊ သူမကို ကူညီဖို့ အသင့်ပြင်ထား”

"သူမ မသတ်နိုင်ဘူးလို့ သံသယ ရှိနေတာလား"

လီလန်က မေးလိုက်သော်

"အရင်ကလို တစ်ချက်တည်း မသတ်နိုင်တော့ဘူး"

သူတို့ စကားပြောနေစဉ် ရီရီယွီသည် ခြိုးခြံချွေတာ ရက်ကန်းသမားနှင့် တိုက်ခိုက်နေသည်။ သူမသည် ၎င်း၏ တိုက်ခိုက်မှုများကို ရှောင်တိမ်းပြီးနောက် ရှေ့သို့ ခြေတစ်လှမ်းတိုးကာ အစိမ်းရောင် ဆေဘာကို ၎င်း၏ဝမ်းဗိုက်သို့ ချိန်ရွယ်ပြီး ထိုးလိုက်သည်။

ဒင်..

သူမ၏ ခေါးထိပ်ဖျားသည် ခြိုးခြံချွေတာ ရက်ကန်းသမား၏ ဗိုက်နှင့်ထိမိပြီး ကြည်လင် ပီသသော အသံတစ်ခု ထွက်ပေါ်လာကာ အခွံပေါ်တွင် အဖြူရောင်ဖျော့ဖျော့ အစင်းကြောင်းတစ်ခုသာ ကျန်နေခဲ့သည်။

သူမသည် အခွံကို မထိုးဖောက်နိုင်ကြောင်း မြင်လိုက်လျှင် သူမ၏ခန္ဓာကိုယ်သည် မီးဒြပ်စင်များ အပေါ်တွင်သာ အလုပ်ဖြစ်ပြီး ကျန်သည့် မွန်းစတားများ အပေါ်တွင် အလားတူ

မလုပ်ဆောင်နိုင်ကြောင်း သေချာသွားပြီး ချက်ချင်း နောက်ပြန်ဆုတ်လိုက်၏။

ရီရီယွီသည် သူ၏ ခံစစ်ကို မဖြတ်ကျော်နိုင်ကြောင်း ပင့်ကူကြီးက သတိထားမိပြီး ရီရီယွီထံ ပြေးဝင်လာသည်။

သူမသည် နောက်ဆုတ်နေရင်း လှည့်ကြည့်လိုက်ရာ သူမ နောက်သို့ ပြေးလိုက်လာသော ပင့်ကူကြီးကိုမြင်ပြီး ထိတ်လန့်သွားသည်။ သူမ လုပ်နိုင်သောအရာမှာ ပင့်ကူကြီး၏ တိုက်ခိုက်မှုကို ကိုးရိုးကားယား ကာကွယ်နေခြင်းပင်။

"မင်း အခု သွားသင့်ပြီ"

လင်းဟွမ်က လီလန်ကို ပြောလိုက်သည်။

"ကောင်းပြီလေ.."

ထို့နောက် လီလန်သည် ကျောက်လင်းယုန်ကို စီးပြီး ရီရီယွီထံ ဦးတည် ပျံသန်းသွားသည်။ လီလန်၏လက်နက်မှာ အနက်ရောင် လှံခါတ်ကြွင်း ဖြစ်ပြီး လင်းဟွမ်သည် လှံ၏စွမ်းအားကို အဝေးမှပင် အာရုံခံနိုင်ပြီး အနည်းဆုံး ကြယ်၃ပွင့် ခါတ်ကြွင်း တစ်ခုဖြစ်ကြောင်း ပြောနိုင်သည်။

လီလန်ထံတွင် ကျင့်စဉ်ကောင်းတစ်ခု ရှိနေပြီး ဒါကို ကတ်တစ်ခုအဖြစ် ဖန်ဆင်းလိုက်ပါက မော်ကွန်းအဆင့် စွမ်းရည်ကတ်တစ်ခု ဖြစ်လာမှာ သေချာသည်။ လီလန်သည် ထိုကျင့်စဉ်ကို ပိုင်နိုင်ကျွမ်းကျင်နေသည်။

လင်းဟွမ်သည် လီလန်က လျှို့ကျင့်စဉ်တွင် ဤမျှ ကျွမ်းကျင် နေလိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ။ လုံလောက်သော အတွေ့အကြုံရှိပါက လုံ့နယ်ပယ် အဆင့်(၁)သို့ ရောက်ရှိသွားနိုင်သည်။

လီလန်က တိုက်ပွဲထဲ ဝင်ပါလာသောအခါ ရီရီယွီ တည်ငြိမ်သွားသည်။ သူမစွမ်းရည်၏ (၉၀) ရာခိုင်နှုန်းကျော် ထုတ်ဖော်လာနိုင်ပြီး တစ်နာရီကြာသောအခါ ခြိုးခြံချွေတာ ရက်ကန်းသမားကို သတ်နိုင်ခဲ့ကြသည်။

လင်းဟွမ်သည် အလက်ဇန္ဒြား လင်းယုန်ပေါ်မှ ဆင်းလာစဉ် ထိုမွန်းစတားကို မုန်းတီးကြောင်းပြောနေသော ရီရီယွီ၏စကားကို ကြားလိုက်ရသည်။

“ဘယ်လောက်တောင် ရွံစရာကောင်းတဲ့ကောင်လဲ ။ မင်းပဲ သူ့ခန္ဓာကိုယ်ကို သိမ်းထားလိုက်”

ရီရီယွီသည် သေဆုံးသွားသော ပင့်ကူကြီးကို ကြည့်ပြီး ဗျစ်တောက် ဗျစ်တောက် ပြောဆိုနေသည်။

လီလန်သည် ပင့်ကူအလောင်းကို သိုလှောင်ရာ လက်စွပ်ထဲသိမ်းရင်း မကျေနပ်သော အမူအရာနှင့် လင်းဟွမ်ကို လှမ်းကြည့်လိုက်သည်။

လင်းဟွမ်က နေကို မော့ကြည့်ပြီး

“ဒါက ဒုတိယမြောက်နေ့ပဲ။ ငါတို့က (၆) ကောင်မှာ (၄) ကောင် သတ်ပြီးသွားပြီ။ တော်တော်လေး အောင်မြင်သွားပြီလို့ ပြောလို့

ရတယ်။ မင်းတို့တွေလည်း ပင်ပန်းနေလိမ့်မယ်။ နေ့လည်စာ စားပြီး အနားယူရအောင်”

“ပင့်ကူကို ကင်စားကြမလား။ ခြေထောက်နဲ့တင် ငါတို့ သုံးယောက်လုံး ဗိုက်ဝနိုင်တယ်”

လီလန်က ရယ်မောပြီး အကြံပေးလိုက်လျှင်

“မင်းဘာသာမင်း သွားစား”

ရီရီယွီက လူသတ်ချင်သော မျက်လုံးများနှင့် လီလန်ကို စိုက်ကြည့်နေသည်။

လင်းဟွမ်က ခေါင်းခါပြီး အဆာပြေမုန့်သာ စားနေလိုက်သည်။

## အခန်း(၂၉၆) - ကောင်းကင် တမန်တော် တရားသူကြီးကို ချိတ်ဖွင့်ခြင်း။

အချိန်သည် နေလည် ၁၂နာရီ ခွဲ ရှိနေပြီ။

နေ့လည်စာ စားပြီးနောက် ရီရီယွီနှင့် လီလန်တို့သည် ပင့်ကူကြီးနှင့်တိုက်ပွဲတွင် သူတို့၏ အဆုံးစွန်သော တိုက်ခိုက်မှုကို နှစ်ကြိမ်တိုင်တိုင် ပြုလုပ်ခဲ့ရသောကြောင့် ကံကြမ္မာစွမ်းအား ကုန်ဆုံးပြီး ပင်းပန်နွမ်းနယ်နေကြောင်း လင်းဟွမ် သိနေသည်။

သူတို့၏ အခြေအနေကြောင့် တိုက်ပွဲများကို ဆက်လက် မလုပ်ဆောင် နိုင်တော့ချေ။

"မင်းတို့က ဒီနေရာမှာ အနားယူရင်း ကျန်ခဲ့ကြ။ ကျန်တဲ့ မွန်းစတားနှစ်ကောင်ကို ငါ သွားသတ် လိုက်မယ်။ လုပ်ပြီးရင် မင်းတို့နဲ့ တွေ့ဖို့ ပြန်လာခဲ့မယ်"

လင်းဟွမ်က အဆိုပြုလိုက်သည်။

မွန်းစတား ခြောက်ကောင် သတ်ပစ်ရမည့် တာဝန်တွင် မွန်းစတားလေးကောင် သတ်ဖြတ်ပြီးပြီ

ဖြစ်သောကြောင့် တာဝန် တစ်ဝက်ကျော် အောင်မြင်သွားပြီဟု ဆိုရမည်။

လင်းဟွမ်သည် ကျန်သည့် မွန်းစတား နှစ်ကောင်ကို သတ်ပစ်ရန် ကြံစည်နေသည်။ ထို့နောက် နောက်ပိုင်း ရှစ်ရက်တွင် သူ၏ ကိုယ်ပိုင် ကိစ္စများကို လုပ်ဆောင်နိုင်လိမ့်မည်။

"ငါတို့မှာ အချိန် လုံလောက်တယ် ဆိုပေမယ့် စောစောပြီးလေ ပိုကောင်းလေပဲ"

လင်းဟွမ်သည် အချိန်ဆွဲကာ နောက်ဆုံးအချိန်မှ ကပ်၍ ဖုတ်ပူမီးတိုက် ထလုပ်တတ်သော လူမျိုး

မဟုတ်ပေ။ ထို့ကဲ့သို့ မဟုတ်ခဲ့လျှင် ယခုလက်ရှိ အခြေအနေအထိ အားကောင်းနေခဲ့မည် မဟုတ်ပေ။

အခြား တစ်ဖက်တွင်မူ လီလန်၏ လုံ့စွမ်းရည်သည် ကောင်းမွန်နေသောကြောင့် လင်းဟွမ်သည် လီလန်၏ လုံ့စွမ်းရည်နှင့် တိုက်ပွဲ အတွေ့အကြုံသည် အစောပိုင်းက တိုက်ခိုက်ခဲ့သော ပင့်ကူနှင့် တိုက်ပွဲထက် ပိုကောင်းမွန်ကြောင်း ပြောနိုင်သည်။

ထိုအချိန်တွင် ရီရီယွီသည် တာဝန်ပြီးဆုံးသွားကာ လမ်းခွဲရမည် ဖြစ်ကြောင်း သိလိုက်သည်။ သူမသည်

စိတ်မကောင်း ဖြစ်သွားသော်လည်း ထွက်သွားမည့် လင်းဟွမ်ကို မတားခဲ့ပေ။

"ငါတို့ မင်းကို ဒီနေရာကနေ စောင့်နေမယ်"

ရီရီယွီက လင်းဟွမ်းကို ပြောလိုက်သည်။

လင်းဟွမ်သည် နှစ်ယောက်လုံးက မတားသည်ကို မြင်လိုက်လျှင် အလက်ဇန္ဒြားလင်းယုန်ကို ဆင့်ခေါ်ပြီး သွေးရဲရဲလေး၏ လမ်းညွှန်ချက်အတိုင်း အဝေးသို့ ထွက်ခွာသွား၏။

လီလန်သည် ကောင်းကင်ပေါ်တွင် ပျောက်ကွယ်သွားသော လင်းဟွမ်ကို လှမ်းကြည့်ပြီး သူ့ကိုယ်သူ တိုးတိုးလေး ရေရွတ်လိုက်သည်။

“ဒါတွေပြီးလို့ လင်းဟွမ် ပြန်လာတဲ့အခါကျရင် လမ်းခွဲကြတာပေါ့”

“လမ်းခွဲရတာ ပိုကောင်းတယ်။ ပတ်ဝန်းကျင်မှာ လူရှုပ်နေရင် ငါ မကြိုက်ဘူး”

ရီရီယွီသည် စိတ်မပါသော်လည်း လိမ်ပြော လိုက်သည်။

"လင်းဟွမ်က နှစ်ဝက်အတွင်း ဒီလောက် ကြီးပြင်းလာလိမ့်မယ်လို့ မထင်ထားမိဘူး။ သူရဲ့ အရည်အချင်းတွေနဲ့ ဒီနေရာ ရောက်လာဖို့ဆိုရင် စိတ်မကူး နိုင်လောက်အောင် ကြိုးစား အားထုတ်ခဲ့ရလိမ့်မယ်"

လီလန်က ရှက်ရွံ့စွာပြုံးပြီး ပြောလိုက်သည်။ လင်းဟွမ်၏ သေနတ်ပစ် စွမ်းရည်နှင့် တိုက်ပွဲဝင်အတွေ့အကြုံများကို ကြည့်ပြီး အလားအလာကို ခန့်မှန်းကာ အငယ်လေး တစ်ယောက်ကဲ့သို့ ဆက်ဆံခဲ့သည်။

လင်းဟွမ်၏ အလားအလာကို ရှင်းရှင်းလင်းလင်း မြင်ခဲ့သည်ဟု ထင်ခဲ့မိပြီး လင်းဟွမ်က သူ့ထက် သာလိမ့်မည်ဟု မည့်သည့်အချိန်ကမျှ မမျှော်လင့် ထားခဲ့ပေ။

ရီရီယွီသည် လီလန်၏စကားကို ကြားပြီးနောက် လေးလေးနက်နက် တွေးလိုက်မိသည်။ သူမသည် (၁၀) လတာကာလအတွင်း ရွှေအဆင့် (၃) မှ ရွှေအဆင့် ပြည့်ဝအဆင့်သို့ ရောက်အောင် တက်လှမ်းနိုင်ခဲ့သော်လည်း လင်းဟွမ်ကမူ ကံကြမ္မာစွမ်းအား မရှိသော သာမန်လူတစ်ယောက်

အဆင့်မှ ယခုအခါ ရွှေအဆင့် (၂) အထိရောင်အောင် တက်လှမ်း နိုင်ခဲ့သည်။

သူမ လက်မခံနိုင်သော အရာမှာ ရွှေအဆင့် (၂) သာ ရှိသေးသည့် လင်းဟွမ်က သန္ဓေပြောင်း မွန်းစတားကိုသာမက သန္ဓေနှစ်ကြိမ်ပြောင်း မွန်းစတား တစ်ကောင်ကိုပင် သတ်ဖြတ်နိုင်ခဲ့သည်။

လင်းဟွမ်ကမူ သူတို့နှစ်ယောက်က သူ့အကြောင်း တွေးတောနေသည်ကို မသိခဲ့ပေ။

"သွေးရဲရဲလေး အမှောင်ထု သက်ရှိကို ရှာစမ်းပါအုံး"

လင်းဟွမ်သည် သူ ဘာလိုချင်လဲ ဆိုသည်ကို သေသေချာချာ သိနေသည်။ သူ၏ ဦးစားပေးမှာ ဆင့်ခေါ် မွန်းစတားများကို ချိတ်ဖွင့်ဖို့အတွက် သတ်ဖြတ်ရန် ပစ်မှတ် မွန်းစတားတစ်ကောင် ရှာဖွေရေးသာ

ပထမဦးဆုံး ရွေးချယ်မှုသည် ဤဟင်းလင်းပြင် အပျက်အစီးနေရာတွင် ချိတ်ဖွင့်ရန် အလွယ်ကူဆုံး ဖြစ်သည့် ကောင်းကင်တမန်တော် တရားသူကြီးပင်။ ချိတ်ဖွင့်မှု လုပ်ငန်းစဉ် ပြီးမြောက်စေရန် အမှောင်သက်ရှိ တစ်ကောင်ကို သန့်စင်ပေးရမည်။

သွေးရဲရဲလေးက ခေါင်းငြိမ့်ပြီး ဦးတည်ရာ တစ်ခုသို့ ညွှန်ပြလိုက်သောအခါ လင်းဟွမ်သည် အလက်ဇန္ဒြား လင်းယုန်ကို ထိန်းကျောင်းပြီး ထိုဦးတည်ရာသို့ ပျံသန်းသွားသည်။ မိနစ် (၄၀) ခန့်ကြာသောအခါ သွေးရဲရဲလေး၏ လမ်းညွှန်မှုအောက်တွင် လိုရာခရီးသို့ ရောက်ရှိ သွားသည်။

အလက်ဇန္ဒြားလင်းယုန်သည် သာလွန် မွန်းစတား အာရုံခံနိုင်သော နေရာ၏ အပြင်ဘက်တွင် ဆင်းသက်လိုက်သည်။

လင်းဟွမ်သည် ထိုသာလွန် မွန်းစတားကို အဝေးမှပင် မှတ်မိလိုက်သည်။

"မသေနိုင်သော စစ်သည်တော်"

ထိုမွန်းစတားသည် ထူးခြားသော သန္ဓေပြောင်းလဲမှု တစ်မျိုးဖြင့် သေမျိုးခန္ဓာကိုယ်မှ မသေမျိုးသက်ရှိအဖြစ် ပြောင်းလဲနိုင်သော မသေမျိုး မျိုးစိတ် ဖြစ်သည်။

ခေါင်းကို လှီးဖြတ်လျှင်ပင် မသေနိုင်သောကြောင့် ဤကဲ့သို့ မွန်းစတားမျိုးသည် ကိုင်တွယ်ရ ခက်လှသည်။ သတ်ဖြတ်ရန် တစ်ခုတည်းသော

နည်းလမ်းမှာ ၎င်း၏ ခန္ဓာကိုယ် တစ်ခုလုံးကို ဖျက်ဆီးပစ်ရန်သာ။

အားနည်းချက် တစ်ခုရှိကာ မသေနိုင်သော အမှောင်မျိုးစိတ် အများစုသည် တူညီကြပြီး အချို့မွန်းစတားများ၏ သန့်စင်ခြင်း စွမ်းအားကို ကြောက်လန့်ကြ၏။

"ကောင်းကင် တမန်တော် တရားသူကြီးရဲ့ လျှပ်စီးကြောင်းကို သန့်စင်ခြင်း စွမ်းအားတစ်မျိုးလို့ ယူဆလို့ ရလားတော့ မသိဘူး"

လင်းဟွမ်သည် မသေချာ မရေရာသော်လည်း မသေနိုင်သော စစ်သည်တော်ကို မြင်လိုက်သောအခါ ကောင်းကင် တမန်တော် တရားသူကြီးကို ဆင့်ခေါ်လိုက်သည်။ ကောင်းကင် တမန်တော် တရားသူကြီးသည် မသေနိုင်သော စစ်သည်တော်ကို မြင်လိုက်လျှင် စိတ်လှုပ်ရှားနေသည်။

လင်းဟွမ်သည် သူမ၏ စိတ်အားထက်သန်မှုကို ခံစားမိကာ

"သွားပြီး အဆုံးသတ်လိုက် ငါမင်းကို ကူညီပေးမယ်"

လင်းပွှမ်က ကောင်းကင် တမန်တော် တရားသူကြီးကို အာမခံလိုက်လျှင် ကောင်းကင် တမန်တော် တရားသူကြီး၏ နောက်ဘက်မှ တောင်ပံ(၆) ခုသည် အနည်းငယ် လှုပ်ခတ်သွားပြီး ခပ်လှမ်းလှမ်းတွင် ရှိနေသော မသေနိုင်သော စစ်သည်တော်ထံ ပျံသန်းသွားသည်။

မသေနိုင်သော စစ်သည်တော်သည် ကောင်းကင် တမန်တော် တရားသူကြီးနှင့် ဆင်တူသော ချပ်ဝတ်တန်ဆာကို ဝတ်ဆင်ထားသည်။

ကောင်းကင် တမန်တော် တရားသူကြီးက သူ့ဘက် လာနေသည့်ကို မြင်လိုက်လျှင် ဆီးကြိုပြီး ချက်ခြင်း တိုက်ခိုက်လိုက်သည်။

စိမ်းပြာရောင်လက်မှ ကြောက်စရာ ကောင်းသော အလင်းတစ်ခု တိုးထွက်လာပြီး သူ့လက်ကို ဝေ့ယမ်းလိုက်ရာ လေထဲတွင် ပေါက်ကွဲသံတစ်ခု ထွက်ပေါ် လာသည်။

ကောင်းကင် တမန်တော် တရားသူကြီးက မရှောင်တိမ်းခဲ့ပေ။ ထိုအစား သူမ၏ ခရမ်းရောင် လှံကို ထုတ်ယူလိုက်ပြီး လှံထိပ်ဖျားတွင် ရွှေရောင်

လင်းလက်နေသော လျှပ်စီးများ ထွက်ပေါ်လာပြီး မသေနိုင်သော စစ်သည်တော်ကို ချိန်ရွယ်လိုက်သည်။

လင်းဟွမ်သည် သူမ တိုက်ခိုက်ပြီးနောက် မသေနိုင်သော စစ်သည်တော်သည် ခန္ဓာကိုယ်တောင့်တင်းပြီး လဲကျသွားသည်ကို မြင်လိုက်ရလျှင်

"မသေနိုင်သော စစ်သည်တော် မွန်းစတားကတ်တစ်ကတ် ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်"

"တစ်ချက်တည်း အသတ်ခံရတာလား"

လင်းပြွမ် အံ့အောသင့်နေသည်။

ကောင်းကင်တမန်တော် တရားသူကြီး သည် ကောင်းကင်ပေါ်မှ ဖြာကျလာသော အဖြူရောင် အလင်းတန်းများနှင့်အတူ လေထဲတွင် ပျံဝဲနေသည်။

သူမကို ကြည့်ရသည်မှာ ရောမ အလင်းတန်းကြီး တစ်ခုကဲ့သို့ပင်။ ရွှေရောင် လျှပ်စီးများက သူမ ခန္ဓာကိုယ် တစ်ခုလုံးကို အပြည့်အဝ ဖုံးလွှမ်းသွားပြီး သူမ၏အော်ရာက ပို၍ အားကောင်းလာသည်ကို ခံစားမိပြီး။

"သူမရဲ့ လျှပ်စီးကြောင်းထဲမှာ သန့်စင်ခြင်း စွမ်းအားတွေ ပါဝင်နေတာ ဖြစ်လိမ့်မယ်"

လင်းဟွမ်သည် သူ့ဘာသာသူ စိတ်ထဲမှ တွေးလိုက်သည်။

ကောင်းကင် တမန်တော် တရားသူကြီးသည် လေထဲတွင် (၂) မိနစ်၊ (၃) မိနစ်ခန့် ပျံဝဲနေပြီး အရပ်(၂.၅) မီတ ရှိသော သူမခန္ဓာကိုယ်သည် အဖြူရောင် အလင်းများအောက်တွင် လျင်မြန်စွာ ကျုံ့လာပြီး အရပ် (၁.၇) မီတာသို့ ရောက်သောအခါ ရပ်တန့်သွားသည်။

ကျုံ့လာသည်နှင့်အမျှ ငွေရောင်ချပ် ဝတ်တန်ဆာအောက်မှ သူမခန္ဓာကိုယ်သည် ပို၍ ပြည့်ဖောင်းလာသည်။

"ကောင်းကင် တမန်တော် တရားသူကြီးကို ချိတ်ဖွင့် ပြီးသွားတဲ့အတွက် ဂုဏ်ပြုပါတယ်"

"ကောင်းကင် တမန်တော် တရားသူကြီးရဲ့ စွမ်းရည်အသစ် သန့်စင်ခြင်း အလင်းကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်"

လင်းဟွမ်သည် ကောင်းကင် တမန်တော် တရားသူကြီးကတ်၏ ရှင်းလင်းချက်ကို ချက်ချင်း ဖတ်ကြည့်လိုက်သော်

"မွန်းစတား ကတ်"

"ရှားပါးမှု အဆင့် - မော်ကွန်း"

"မွန်းစတား နာမည် - ကောင်းကင် တမန်တော် တရားသူကြီး"

"မွန်းစတား အမျိုးအစား - နတ်သမီး တစ်ပိုင်း"

"တိုက်ပွဲအဆင့် - အဖြူရောင် မီးလျှံအဆင့်"

“စွမ်းရည် (၁) - လုံ နှလုံးသား”

“စွမ်းရည် (၂) - တမန်တော် အရှိန်”

“စွမ်းရည် (၃) - တမန်တော် အတောင်”

“စွမ်းရည် (၄) - တရား စီရင်ရေး လုံ”

“စွမ်းရည် (၅) - လျှပ်စီး ထိန်းချုပ်ခြင်း (အဆင့်မြင့်)”

“စွမ်းရည် (၆) - ဒြပ်စင် အသွင်ပြောင်းခြင်း (မိုးကြိုး)”

“စွမ်းရည် (၇) - သန့်စင်ခြင်း အလင်း (အလင်း ဂုဏ်သတ္တိ)”

“ဆင့်ခေါ်ခွင့် အာဏာ - အသက်ဝင်”

“ကတ်မှတ်ချက် - လေ့ကျင့်ပေးနိုင်”

.....

“သန့်စင်ခြင်း အလင်း - မကောင်းဆိုးဝါး၊ ငရဲသား အများစုကို နှိမ်နှင်းပေးနိုင်တဲ့ သန့်စင်ခြင်း အလင်းရောင်”

"မှတ်ချက် (၁) - အမှောင်ထု သက်ရှိများအပေါ်မှာ ကြီးမားတဲ့ သက်ရောက်မှု ရှိတယ်"

"မှတ်ချက် (၂) - အမှောင်ထုသက်ရှိ မဟုတ်တဲ့ သတ္တဝါများ အပေါ်မှာ အသုံးပြုရင် မကောင်းတဲ့ စွမ်းအားတွေ အရည်ပျော် သွားလိမ့်မယ်"

ချိတ်ဖွင့်ခြင်း လုပ်ငန်းစဉ် ပြီးဆုံးသွားပြီးနောက် ကောင်းကင် တမန်တော် တရားသူကြီးအပေါ်တွင် တောက်ပနေသော အဖြူရောင်အလင်းများသည် မှိန်ဖျော့သွားသည်။

ကောင်းကင် တမန်တော် တရားသူကြီးသည် လင်းပွှမအနား နှစ်မီတာ အကွာကို ကပ်လာကာ လင်းပွှမ်ကို စိုက်ကြည့်နေလိုက်၏။

"ငါ ကစားဖူးတဲ့ ဂိမ်းတစ်ခုထဲမှာ ကိုင်ရာ လို့ခေါ်တဲ့ ကောင်းကင်တမန်တော် တရားသူကြီး တစ်ယောက်ရှိတယ်။ အဲ့ဒီတော့ မင်းကို ကိုင်လီလို့ နာမည် ပေးလိုက်မယ်။ မင်းက ကိုင်ရာရဲ့ညီမ ကိုင်လီပေါ့"

လင်းဟွမ်သည် သူမထံမှ ခွင့်ပြုချက်ကိုပင် မတောင်းဘဲ ကောင်းကင် တမန်တော် တရားသူကြီးကို နာမည် ပြောင်းပေးလိုက်သည်။

သူမကတော့ တုံ့ပြန်မှု လုံးဝ မရှိပေ။

"ဆိတ်ဆိတ်နေခြင်းဟာ ဝန်ခံခြင်းပဲပေါ့။ မင်းက ဒီနာမည်ကို သဘောတူတယ်လို့ သတ်မှတ်လိုက်မယ်"

လင်းဟွမ်က ပြုံးပြီးပြောလိုက်ပြီးနောက် သူမ ငြင်းသည်ကို မစောင့်ဘဲ ကတ်အဖြစ် ပြောင်းလိုက်သည်။

"ကိုင်လီကို ချိတ်ဖွင့် ပြီးသွားပြီဆိုတော့ အခု အာဏာရှင်အလှည့် ရောက်လာပြီ"

လင်းဟွမ်သည် အလက်ဇန္ဒြား လင်းယုန်ပေါ်တက်ပြီး ကျောကို ပွတ်သပ်လိုက်ကာ

"မသေနိုင်တဲ့ သွေးဝက်သစ်ချပင် သစ်တောကို သွားရအောင်"

## အခန်း(၂၉၇) - သွေးရဲရဲလေး၏ စွမ်းရည်အသစ်

တစ်နာရီ ကြာသောအခါ မသေနိုင်သော သွေးဝက်သစ်ချပင် တောအုပ်သို့ ရောက်ရှိလာသည်။ လွန်ခဲ့သော ရက်ပိုင်းက ဤနေရာတွင် ဒုက္ခအများအပြား ခံစားခဲ့ရသည်။ လင်းဟွမ်ကြောင့်သာ မဟုတ်ပါက သင်တန်းသား၏ အနည်းဆုံး သုံးပုံတစ်ပုံသည် ပထမအကျော့ လေ့ကျင့်မှုတွင် ကျဆုံးသွားလိမ့်မည်။

အစပိုင်းတွင် လင်းဟွမ်သည် ဤတောအုပ်ထဲရှိ အပင်များ အားလုံးကို အာဏာရှင်အား ခုတ်ခိုင်းမည်ဟု စဉ်းစားထားခဲ့သော်လည်း ဒါသည် ကံကြမ္မာ စွမ်းအားကို အသုံးမပြုဘဲ အလွယ်တကူ ပြုလုပ်နိုင်သော်လည်း အချိန်အနည်းငယ် ကြာမြင့်သည်။

သို့သော်လည်း ကိုင်လီ၏ သန့်စင်ခြင်း အလင်း စွမ်းရည်နှင့် ဆိုပါက အာဏာရှင်ထက်ပင် ပို၍ မြန်ဆန်စွာ သစ်ပင်များကို ရှင်းလင်းနိုင်ပေလိမ့်မည်။

ထို့အပြင် ယခုအခါ၌ ကိုင်လီသည် သာလွန် မွန်းစတား ဖြစ်နေသဖြင့် ရွှေအဆင့် မသေနိုင်သော သွေးဝက်သစ်ချပင်များထက် ပို၍ အစွမ်း ထက်နေသေးသည်။

လင်းဟွမ်သည် သူ့အောက်တွင် ရှိနေသော တောအုပ်ကြီးကို ကြည့်ပြီး အကြံများစွာဖြင့် ပြုံးလိုက်ပြီးနောက် ကောင်းကင် တမန်တော် တရားသူကြီး ကိုင်လီကို ဆင့်ခေါ်လိုက်ကာ

"ကိုင်လီ အောက်က တောအုပ်ကြီးကို ရှင်းပစ်လိုက်"

ကိုင်လီသည် အောက်ဘက်ရှိ တောအုပ်ကြီးကို တစ်ချက် ငုံ့ကြည့်ပြီး သူမတွင် ရွှေရောင် လျှပ်စီးကြောင်းများ တလက်လက် တောက်ပလာသည်။

ထို့နောက် သူမ လက်ထဲမှ ခရမ်းရောင် လုံ့ထိပ်ဖြားတွင် ရွှေရောင် လျှပ်စီးလုံးတစ်ခု ဖြစ်တည်လာပြီး ထိုလျှပ်စီးလုံး၏ အလယ်တွင် တောက်ပသော အဖြူရောင် ကြယ်ပုံစံတစ်ခု ရှိနေသည်။

စက္ကန့်ပိုင်းအတွင်းမှာပင် ထိုလျှပ်စီလုံးလေးသည် သေးငယ်သော ကြယ်တစ်ခုကဲ့သို့ တောက်ပလာပြီး လက်သီးဆုပ် အရွယ်အစားအထိ ကြီးထွားလာသည်။

ကိုင်လီက လှံကို ကောင်းကင်ပေါ်သို့ ချိန်ရွယ်လိုက်ရာ ထိုလျှပ်စီးလုံးသည် တိမ်များကို ဖောက်ထွက်ပြီး ပေါက်ကွဲသွားကာ ဆူညံသံကြီး ထွက်ပေါ်လာသည်နှင့် အမျှ တိမ်များက စတင် မည်းမှောင်လာသည်။ တိမ်များကြားမှ ရွှေရောင် လျှပ်စီးများ လင်းလက်လာပြီး တောက်ပလာသည်။

သွေးဝက်သင်ချပင်များသည်လည်း သန့်စင်ခြင်း စွမ်းအားကို ခံစားသိရှိပုံရပြီး အကိုင်းအခက်များက ပြင်းထန်စွာ လှုပ်ရမ်းလာသည်။ အချို့ အပင်များသည် သူတို့ကိုယ်သူတို့ ကာကွယ်နိုင်ရန် ဘေးအပင်က ကံကြမ္မာစွမ်းအားများကို စုတ်ယူရန် ကြိုးစားလာသလို တိုက်ခိုက် လာကြသည်။

နှစ်မိနစ်၊ သုံးမိနစ်ခန့် ကြာသောအခါ ပထမဆုံး မိုးကြိုးကို ပစ်ချလိုက်သည်။ စက္ကန့်ပိုင်းလေး အတွင်းမှာပင် ကောင်းကင်ကြီး တောက်ပလာပြီး

တောအုပ်ထဲမှ မသေနိုင်သော သွေးဝက်သစ်ချပင် တစ်ခုကို ထိမှန်သွားသည်။

မိုးကြိုး ထိမှန်သွားသည်နှင့် မသေနိုင်သော သွေးဝက်သစ်ချပင်သည် မလှုပ်ရှားနိုင်တော့ချေ။ အပေါ်ယံတွင် ဘာမှ ဖြစ်ပုံမရသော်လည်း ထိုအပင် ဘေးနားရှိ သွေးဝက်သစ်ချပင်များသည် မတော်တဆ ထိမှန်ပြီး မီးလောင် ပြာကျသွား၏။

"အခုပဲ လောင်ကျွမ်း ပြာကျသွားတာလား"

လင်းဟွမ်သည် ထိုအဖြစ်အပျက်ကို မြင်လိုက်လျှင် အံ့အော တုန်လှုပ်သွားသည်။ အဝေးမှ

လှမ်းကြည့်လိုက်လျှင်ပင် မိုးကြိုး ထိမှန်သွားသော အပင်မှ သန့်စင်ခြင်း အော်ရာကို ခံစားရသည်။ မကြာခင် မိုးကြိုးများ ပိုများလာပြီး လျှပ်စီးကြောင်းများက တော့အုပ်တစ်ခုလုံး ဖုံးလွှမ်းသွားသည်။

ကိုင်လီ၏ ထိန်းချုပ်မှုနှင့် တိုက်ခိုက်မှုအောက်တွင် မသေနိုင်သော ဝက်သစ်ချပင်များသည် ကိုယ့်ကိုယ်ကို ကာကွယ်နိုင်စွမ်း မရှိကြဘဲ တစ်ပင်ပြီးတစ်ပင် သေဆုံးသွားကြ၏။

လင်းဟွမ်သည် မသေနိုင်သော သွေးဝက်သစ်ချပင် ကတ် အပိုင်းအစများ ရရှိကြောင်း ရှောင်ဖိန်ထံမှ အကြောင်းကြားချက်များ လက်ခံ ရရှိနေသည်။ စက္ကန့်ပိုင်းလေး အတွင်းမှာပင် ကတ်အပိုင်းအစ တစ်ထောင်ခန့် စုဆောင်း နိုင်ခဲ့သည်။

ထို့အတူ သူ၏ကံကြမ္မာစွမ်းအား များလည်း တိုးမြင့်လာကာ စက္ကန့်ပိုင်းလေး အတွင်းမှာပင် ရွှေအဆင့် (၂) မှ ရွှေအဆင့် (၃) သို့ တက်လှမ်း သွားသည်။

ကံကြမ္မာ စက်ဝိုင်း ၁၂ ခုလုံးမှ တိုင်များသည် အလင်းအရှိန်နှင့် ပြည့်နှက်လာသည်။ ကနဦးတွင် ကံကြမ္မာ စက်ဝိုင်းများ ပြည်လာစေရန် နှစ်စက္ကန့်၊ သုံးစက္ကန့် အချိန်ယူခဲ့ရပြီး နောက်ပိုင်းတွင် ကံကြမ္မာစက်ဝိုင်း လေးခု တပြိုင်နက်တည်း ဖြည့်သွင်းနေ၏။ ဆယ်စက္ကန့်ခန့် ကြာသောအခါ ကံကြမ္မာစက်ဝိုင်း ငါးခုလုံး ပြည့်လျှံသွားသည်။

"ကံကြမ္မာစွမ်းအား အမြောက်အများ တွေ့ရှိထားပါတယ်။ ကံကြမ္မာစွမ်းအား သိုလှောင်ကတ်ထဲ ထည့်သွင်းချင်လား"

လင်းဟွမ်သည် ရှောင်ဖိန်ထံမှ ထိုအကြောင်းကြားချက်ကို ကြားသည့်အချိန်မှ ထိုကတ် ရှိနေကြောင်း သတိရသွားပြီး

"ဖြည့်မယ်"

လင်းဟွမ်သည် သူ၏ ကံကြမ္မာစက်ဝိုင်းထဲတွင် ကံကြမ္မာစွမ်းအားများ ထပ်မထည့် နိုင်တော့သဖြင့် နှစ်ခါပြန် မတွေးဘဲ ဆုံးဖြတ်လိုက်သည်။

ရွှေအဆင့် (၃) မှ ရွှေအဆင့် ပြည့်ဝအဆင့်သို့ ရောက်ရန် ကံကြမ္မာစွမ်းအားများကို ထပ်ကာ ထပ်ကာ ဖိနှိပ်ပေးရန် လိုအပ်သည်။ ထိုသို့ မလုပ်ခင်

ရွှေအဆင့် (၃) ကံကြမ္မာစက်ဝိုင်း ပြည့်သွားသည်နှင့် ကံကြမ္မာစွမ်းအားများကို အပိုထပ်ဆောင်း၍ မသိမ်းထား နိုင်တော့ချေ။

လင်းဟွမ်သည် ကံကြမ္မာစွမ်းအား သိုလှောင်ကတ်ထဲ၌ မည်မျှ သိုလှောင် ထားနိုင်ကြောင်း မသိသော်လည်း အသုံးပြုရန် ဆုံးဖြတ် လိုက်သည်။

ရတ်တရက်ဆိုသလို အနက်ရောင် ကံကြမ္မာစွမ်းအား သို့လှောင်ကတ်သည် (၅) ခုမြောက် ကံကြမ္မာစက်ဝိုင်းဘေးတွင် ပေါ်လာသည်။

ဒါသည် လင်းဟွမ် ခန္ဓာကိုယ်ထဲရှိ ကံကြမ္မာစက်ဝိုင်းများနှင့် တူညီသော အစီအစဉ် ရှိသည်။

သို့သော်လည်း ၎င်းပေါ်ရှိ ကော်လံတိုင်အားလုံးက အလွတ် ဖြစ်နေသည်။ မိနစ်ဝက်အတွင်းမှာပင် ထိုကံကြမ္မာ စွမ်းအားတိုင်များပြည့်လာပြီး ပထမမြောက် ကံကြမ္မာစက်ဝိုင်းထဲမှ ကံကြမ္မာစွမ်းအား တိုင်များ ပြည့်သွားကာ ဒုတိယမြောက် ကံကြမ္မာစက်ဝိုင်းသို့ ကူးပြောင်းသွားသည်။

"ဒါ မလုံလောက်သေးဘူး။ ဒီအတိုင်းဆိုရင် ကံကြမ္မာစွမ်းအား သိုလှောင်ကတ်တွေ ထပ်လိုအုံးမယ်"

လင်းဟွမ်သည် ထိုကဲ့သို့ တွေးပြီးနောက် ရှောင်းဖိန်နှင့် ဆက်သွယ်လိုက်ကာ

"ရှောင်ဖိန် ကံကြမ္မာစွမ်းအား သိုလှောင်ကတ်ကို ထုတ်ယူဖို့ ကတ်အပိုင်းအစ ဘယ်နခုလောက်လိုလဲ"

"ကံကြမ္မာစွမ်းအား သိုလှောင် ကတ်တစ်ခု ထုတ်ယူဖို့ အဆင့် (၁) ကတ်အပိုင်းအစ တစ်သောင်းလိုမယ်။ နောက်ပြီးတော့ အခုလက်ရှိ

မင်းကို ခွင့်ပြုထားတဲ့ လုပ်ပိုင်ခွင့် အာဏာအရ ကံကြမ္မာစွမ်းအား သိုလှောင်ကတ် သုံးကတ် ပိုင်ဆိုင်နိုင်တယ်”

“အဆင့် (၁) မွန်းစတား ကတ်အပိုင်းအစ ဟုတ်လား။ ကတ်အပိုင်းအစတွေမှာ အဆင့်တွေ ရှိနေပြီလား”

လင်းဟွမ်က မေးလိုက်သော်

“ဟုတ်တယ်။ မင်းမှာ အဆင့် (၂) မွန်းစတား ကတ်အပိုင်းအစတွေ မပိုင်ဆိုင်သေးတဲ့အတွက် တစ်ခုမှ မရှိသေးဘူး”

“ဒါဆိုရင် သံအဆင့်ကနေ ရွှေအဆင့်ထိကို အဆင့်(၁) လို့ သတ်မှတ်တယ်လို့ ပြောနေတာလား။ သန့်ရှင်းမီးလျှံအဆင့်က အဆင့် (၂) ပေါ့”

လင်းဟွမ်သည် ဟင်းလင်းပြင် အပျက်အစီး နေရာထဲသို့ ဝင်မလာခင်က သာလွန်အဆင့် မွန်းစတားကတ်အပိုင်းအစ တစ်ခုမှ မရရှိခဲ့ကြောင်း ပြန်တွေးလိုက်မိသည်။

“အခြေခံအားဖြင့်တော့ မင်းရဲ့ ကောက်ချက်က မှန်တယ်။ ဒါပေမယ့် မင်းကို ပြင်ပေးရအုံးမယ်။ မွန်းစတားကတ် အပိုင်းအစ အများစုက

သင်္ချေနှစ်ကြိမ်ပြောင်း မွန်းစတားနဲ့ ကံကြမ္မာစက်ဝိုင်း အထက်အဆင့် မပါဝင်တာကို အဆင့် (၁) လို့ သတ်မှတ်တယ်။ သင်္ချေနှစ်ကြိမ်ပြောင်း သန့်ရှင်း မီးလျှံအဆင့် မွန်းစတားက အဆင့် (၂) နဲ့ သက်ဆိုင်တယ်။ သင်္ချေသုံးကြိမ်ပြောင်း အင်မော်တယ်အဆင့် မွန်းစတားကပဲ အဆင့် (၃)နဲ့ သက်ဆိုင်တယ်။ မင်းသိပြီလား”

“အခု နားလည်ပြီ”

လင်းဟွမ်သည် ကတ်အပိုင်းအစ အဆင့်အတန်း ခွဲခြားပုံကို နားလည်သွားပြီး

"ငါ့ကို ကံကြမ္မာစွမ်းအား သိုလှောင်ကတ် ၃ကတ်ပဲ ခွင့်ပြုတယ်လို့ ပြောခဲ့တယ်နော်။ ဒါဆိုရင် အခုလက်ရှိ ပိုင်ထားတဲ့ တစ်ကတ် မပါဘဲ နောက်ထပ်သုံးကတ် ထပ်ရမှာလား"

"မဟုတ်ဘူး၊ အခု မင်းမှာရှိနေတဲ့ ကတ်အပါအဝင် ကုန်တိုက်က နောက်ထပ် ကတ် နှစ်ကတ်ပဲ ထပ်ဝယ်လို့ ရမယ်"

ရှောင်ဖိန်က ပြန်ဖြေသည်။

"ဒါဆိုလည်း ကောင်းပြီလေ။ ကံကြမ္မာစွမ်းအား သိုလှောင်ကတ် နှစ်ကတ်ဝယ်မယ်"

လင်းဟွမ်သည် ရှောင်ဖိန်က ဤကဲ့သို့ ပြန်ဖြေမည်ဟု ခန့်မှန်းထားခဲ့သော်လည်း ကတ်က အသုံးဝင်နေသောကြောင့် မည်သို့ပဲ ဖြစ်ဖြစ် ကံစမ်းကြည့်ရန် ဆုံးဖြတ်ခဲ့ခြင်းပင်။

"မင်းဆီမှာ ကတ်အပိုင်းအစ မလုံလောက်သေးလို့ တစ်ကတ်ပဲ ဝယ်လို့ရမယ်။ အခုလက်ရှိ ကတ်အပိုင်းအစ ရနေတဲ့ နှုန်းနဲ့ဆိုရင် သုံးမိနစ်ကြာရင် ဒုတိယကတ် ဝယ်လို့ရလိမ့်မယ်"

"ကောင်းပြီ။ အခုပဲ ဝယ်မယ်။ ငါ့ဆီမှာ ကတ်အပိုင်းအစ လုံလောက်တာနဲ့ ဒုတိယကတ် ဝယ်ပေးပါ"

လင်းဟွမ်က ခေါင်းငြိမ့်ပြီး ပြောလိုက်သည်။

"ကံကြမ္မာစွမ်းအား သိုလှောင်ကတ် ဝယ်ဖို့အတွက် ကတ်အပိုင်းအစ တစ်သောင်း အသုံးပြုမှာ သေချာလား"

"သေချာတယ်"

လင်းဟွမ်က ချက်ချင်း ခေါင်းငြိမ့်လိုက်လျှင်

“အဆင့် (၁) ကတ်အပိုင်းအစ တစ်သောင်းကို အသုံးပြုနေပါတယ်”

“ကံကြမ္မာစွမ်းအား သိုလှောင်ကတ် တစ်ကတ် ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်”

ဒုတိယမြောက် ကံကြမ္မာ စွမ်းအား သိုလှောင်ကတ်သည် လင်းဟွမ်၏ လက်ထဲတွင် ပေါ်လာသည်။ နှစ်မိနစ် ခန့်ကြာသောအခါ ပထမဆုံး ကံကြမ္မာစွမ်းအား သိုလှောင်ကတ်ထဲရှိ ကံကြမ္မာ စက်ဝိုင်း ၅ခု ပြည့်သွားပြီး ခန္ဓာကိုယ်ထဲ အလိုလို ဝင်သွားသည်။ ဒုတိယမြောက် ကံကြမ္မာစွမ်းအား

သိုလှောင်ကတ်ထဲ ဖြည့်သွင်းနေသည့် အချိန်၌ တတိယမြောက် ကံကြမ္မာစွမ်းအား သိုလှောင်ကတ်ကို အလိုလို ဝယ်ယူလိုက်သည်။

မကြာခင် ဒုတိယမြောက် ကံကြမ္မာစွမ်းအား သိုလှောင်ကတ်က ပြည့်သွားပြီး တတိယမြောက် ကံကြမ္မာစွမ်းအား သိုလှောင်ကတ်ကို စတင် ဖြည့်သွင်းလိုက်သည်။

ကောင်းကင်ပေါ်တွင် မိုးခြိမ်းသံများ ထစ်ချုန်း နေခြင်းနှင့်အတူ မသေနိုင်သော သွေးဝက်သစ်ချပင်

ထောင်ပေါင်းများစွာသည် သန့်စင်ခြင်း စွမ်းအားကြောင့် သေဆုံး သွားကြသည်။

အချိန်အနည်းငယ် ကြာပြီးနောက် တတိယမြောက် ကံကြမ္မာစွမ်းအား သိုလှောင်ကတ်လည်း ပြည့်သွားသည်။

သို့သော်လည်း ကိုင်လီက အစုလိုက်၊ အပြုံလိုက် သတ်ဖြတ်ခြင်းကို ဆက်လက် လုပ်ဆောင် နေသောကြောင့်

“ဒါက ကံကြမ္မာစွမ်းအားတွေ ဖြုန်းတီးနေတာပဲ။ ငါ သိမ်းနိုင်မယ့် တခြားနေရာတွေ မရှိတော့ဘူးလား”

လင်းဟွမ်က တွေးနေသည်။

သူ့အင်္ကျီလက်စအောက်မှ သွေးရဲရဲလေးသည် ရတ်တရတ် ထွက်လာပြီး စိတ်ချင်း ဆက်သွယ်ကာ

“သခင် ရွှေအဆင့် (၃) ရောက်အောင် ငါ့ကို ကံကြမ္မာစွမ်းအား မျှဝေပေးပါလား”

“ရတာပေါ့”

လင်းဟွမ်က ချက်ချင်း သဘောတူလိုက်သည်။

တတိယမြောက် ကံကြမ္မာစွမ်းအား သိုလှောင်ကတ်ကို ဖြည့်သွင်းပြီးနောက် သူ၏ ကံကြမ္မာစက်ဝိုင်းကို သွေးရဲရဲလေးနှင့် စတင်ဝေမျှလိုက်သည်။

သွေးရဲရဲလေးသည် အင်္ကျီလက်စအောက်မှ ထွက်လာကာ မီတာ တစ်ထောင်အထိ ဆန့်၍ ရှည်ထွက်လာကာ မှူလပုံစံသို့ ပြန်လည်ပြောင်းလဲသွားသည်။

ကံကြမ္မာစွမ်းအားများ၏ လွှမ်းမိုးမှုအောက်တွင် သွေးရဲရဲလေးသည် ရွှေအဆင့်ထိ ချက်ချင်း

မြင့်တက်လာကာ ယခုအခါ ယခင်ကထက် အများကြီး ပိုကြီးလာသည်။

သူ၏ အထူက လက်မောင်း အရွယ်အစားအထိ ကြီးလာသည်။ ရောမ စပါးကြီးမြွေတစ်ကောင်ကဲ့သို့ ဖြစ်နေပြီး သွေးရဲရဲလေးသည် ရွှေအဆင့် တက်လှမ်း သွားသော်လည်း မရပ်တန့်ဘဲ ရွှေအဆင့် (၃) အထိ ဆက်တိုက် တက်လှမ်းနေကာ မရပ်တန့်သေးချေ။

“မရပ်နဲ့အုံး ပိုယူနိုင်သေးတယ်”

လင်းဟွမ်သည် သွေးရဲရဲလေးက ကံကြမ္မာ စွမ်းအားများကို ပို၍ မစုပ်ယူနိုင်တော့ဘူးဟု

တွေးမိနေသဖြင့် စိုးရိမ်နေခဲ့သည်။ ကံကြမ္မာစွမ်းအား လွှဲပြောင်းခြင်းကို ရပ်တန့်ရန် လုပ်လိုက်စဉ် သွေးရဲရဲလေးက ဆက်လက် လွှဲပြောင်းပေးရန် တောင်းဆို လာခဲ့သည်။

လင်းဟွမ်သည် ပိုလျှံနေသော ကံကြမ္မာစွမ်းအားများက ဖြုန်းတီးနေသလို ဖြစ်နေသဖြင့် ငြင်းဆန်ခြင်း မရှိခဲ့ပေ။ သွေးရဲရဲလေးသည် သူ့ဘာသာသူ ကိုင်တွယ်နိုင်သောကြောင့် သွေးရဲရဲလေး၏ ဆန္ဒအတိုင်း လုပ်ပေးရန် ဆုံးဖြတ်လိုက်သည်။

သွေးရဲရဲလေး၏ တိုက်ခိုက်ရေးအစွမ်းသည် မကြီးထွားလာသော်လည်း အရွယ်အစားသည် လျင်မြန်စွာ ကြီးထွားလာသည်။

အထူသည် လက်ဆွဲပုံး အရွယ်အစားအထိ ကြီးလာပြီး အရှည်မှာ မီတာ (၁,၅၀၀) အောက်မှ မီတာ (၂,၀၀၀) အထိ လျင်မြန်စွာ ကြီးထွားလာပြီးနောက် မီတာ (၃,၀၀၀) အထိ ရှည်လာပြီး မီတာဝက်မှ တစ်မီတာအထိ ထူထဲလာသည်။

အချိန် ကြာလာသည်နှင့်အမျှ ပို ကြီးထွားလာကာ ယခုအခါ၌ ရောမ ဘီလူးကြီး တစ်ကောင်ကဲ့သို့ ဖြစ်နေသည်။

ကိုယ်ပေါ်တွင် ခရမ်းရောင် ပန်းပွင့်များ ပေါက်နေပြီး အရောင်အသွေးမှာ ယခင်ကထက်ပို၍ ကြည့်ကောင်းနေ၏။

လင်းဟွမ်သည် သွေးရဲရဲလေး ပေါက်ကွဲထွက်သွားမည်ကို စိုးရိမ်နေပြီး ရင်တထိတ်ထိတ်နှင့် စောင့်ကြည့်နေခဲ့သော်လည်း ကြီးထွားမှု အရှိန်က

နေ့ကွေးလာသည်ကို သတိထား လိုက်မိသော အချိန်တွင်

"မော်ကွန်းအဆင့် မွန်းစတားကတ် သေးရဲရဲလေးက အကန့်အသတ်မဲ့ ထည့်သွင်းခြင်း စွမ်းရည်ကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်။

"အကန့်အသတ်မဲ့ ထည့်သွင်းခြင်း - မွန်းစတား စွမ်းအားရဲ့ အဆတစ်ရာ စားသုံးနိုင်တယ်"

"မှတ်ချက် - အထူးကန့်သတ်ထားတဲ့ စွမ်းအားများ အပါအဝင် ကံကြမ္မာစွမ်းအား အများစုကို ဝါးမြို နိုင်တယ်"

လင်းဟွမ်သည် ရှောင်ဖိန်ထံမှ အကြောင်းကြားချက်ကို ကြားသောအခါ အံ့အော သွားသည်။ ဤကဲ့သို့ အခြေအနေအောက်တွင် သွေးရဲရဲလေးက စွမ်းရည် အသစ်တစ်ခု ရရှိသွားလိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ။

ထိုစဉ် သွေးရဲရဲလေးသည် စတင် တုန်ခါလာပြီး အော်ရာများ မြင့်တက်လာသဖြင့်

"သွေးရဲရဲလေးက ရွှေအဆင့် ပြည့်ဝအဆင့် ရောက်သွားတာလား"

လင်းဟွမ်သည် သွေးရဲရဲလေး၏ တိုက်ခိုက်ရေး အဆင့်က နောက်တစ်ကြိမ် တက်လှမ်းသွားမည်ဟု မမျှော်လင့်ထားခဲ့ပေ။

## အခန်း(၂၉၈) - မဟာ ဓါးမိစ္ဆာ။

ရှာသွန်းနေသော မိုးကြိုး မိုးများသည် မပျောက်ကွယ်သွားခင် မိနစ် (၂၀) ခန့် ကြာမြင့်ခဲ့သည်။ ထိုအချိန်အတောအတွင်း၌ ကိုင်လီသည် ရှန်းကန်နေသည့် မသေနိုင်သော သွေးဝက်သစ်ချပင် ငါးသိန်းကျော်ကို မီးလောင် ပြာချခဲ့သည်။

လင်းဟွမ်သည် ကိုင်လီ၏ အကူအညီဖြင့် ရွှေအဆင့် သုံးအထိ မြင့်တက်လာရုံသာမက ကံကြမ္မာစွမ်းအား သိုလှောင်ကတတ် သုံးခုလုံးကိုလည်း

ဖြည့်သွင်း နိုင်ခဲ့သည်။ သွေးရဲရဲလေးပင် ငွေအဆင့်သုံးမှ ရွှေအဆင့်သုံးကို ကျော်ကာ စွမ်းရည်အသစ် တစ်ခု ရရှိခဲ့သည်။

လင်းဟွမ်သည် ကတ်အပိုင်းအစ နှစ်သောင်းဖြင့် ကံကြမ္မာစွမ်းအား သိုလှောင်ကတ်များကို လဲလှယ်ပြီးနောက် မသေနိုင်သော သွေးဝက်သစ်ချပင် ကတ်အပိုင်းအစ သုံးသောင်းကျော်နှင့် မသေနိုင်သော သွေးဝက်သစ်ချပင်ကတ် အပြည့်အစုံ ကတ် (၂၀) ကျော် ရရှိခဲ့သည်။ ထိုကတ်များကို ဘာလုပ်ရမှန်း

မသိသေးသောကြောင့် သိမ်းထားလိုက်ပြီး အာဏာရှင်ကို စိတ်လှုပ်ရှားစွာ ဆင့်ခေါ်လိုက်ကာ

"အာဏာရှင် မြေကြီးအောက်မှာ ဝိညာဉ်စွမ်းအား ချော်ရည်မြစ်ကြီး ရှိတယ် မင်း ပုန်းနေနိုင်မလား ဆိုတာ စမ်းကြည့်စမ်း"

လင်းဟွမ်က သူ့ခြေထောက် အောက်ကို ညွှန်ပြလိုက်သောအခါ

အာဏာရှင်က မြေကြီးကို ခပ်ပြင်းပြင်း ထိုးလိုက်ရာ တုန်ခါပြီး ပြိုကျသွားပြီးနောက် သူ့လက်ဖြင့် ဝိညာဉ်ချော်ရည်ကို ခပ်ယူလိုက်သည်။

ခဏအကြာ နီရဲနေသော သူ့လက်ကို ပြန်ရုတ်သိမ်းလိုက်သည်။ အပူကြောင့် ဒဏ်ရာများ မရရှိခဲ့သော်လည်း ဝိညာဉ်ချော်ရည်များက ခုခံကာကွယ်မှု အလွှာကို ထိုးဖောက် ဝင်ရောက်ကာ ဒဏ်ရာရနိုင်ကြောင်း သိသာ ထင်ရှားနေသည်။ သို့သော်လည်း အာဏာရှင်က လုံးဝ စိတ်မဝင်စားဘဲ ကျယ်လောင်စွာ ပြုံးပြီး ခေါင်းငြိမ့်ပြလိုက်လျှင်

"ဒါဆိုရင် ဒီနေရာမှာ ကျင့်ကြံပြီး နေရစ်ခဲ့၊ ကိုင်လီကို ဒီနေရာမှာ အစောင့် ထားခဲ့မယ်။

မင်းကိုချိတ်ဖွင့်ဖို့အတွက် (၁၂) ရက် ကြာရင် ပြန်လာခဲ့မယ်”

အာဏာရှင်က ခေါင်းငြိမ့်ပြလိုက်ပြီး လင်းဟွမ် ထွက်သွားသည်ကိုပင် မစောင့်တော့ဘဲ မြေကြီးကို ပြင်းပြင်းထန်ထန် နင်းခွဲလိုက်သောကြောင့် မြေကြီးအောက်သို့ ကျွံကျသွားပြီး ဝိညာဉ်ချော်ရည်ထဲ ပလုံခနဲ နစ်မြုပ်သွားသည်။

“ကိုင်လီ အခု လောလောဆယ်တော့ ဒီကောင်ကြီးကို စောင့်ရှောက်ဖို့ ဒီနေရာမှာ ကျန်ရစ်ခဲ့ပါ။ ဘယ်သူမှ မနှောက်ယှက်စေနဲ့။

မွန်းစတားတွေ အနားရောက်လာရင် သတ်ပစ်လိုက်၊ လူသားတွေဆို မောင်းထုတ်လိုက်"

လင်းဟွမ်က ကိုင်လီကို ညွှန်းကြားလိုက်သည်။

ကိုင်လီက တုန့်ပြန် ပြောဆိုခြင်း မရှိ။ ခေါင်းငြိမ့်ခြင်း မရှိ။ ခေါင်းရမ်းခြင်း မရှိ။ ထိုနေရာမှာသာ မတ်တပ် ရပ်နေခဲ့သည်။

လင်းဟွမ်သည် သူ့ညွှန်ကြားချက်က ရှုပ်ထွေးခြင်း မရှိသဖြင့် နားလည်နိုင်ကြောင်း သဘောပေါက်သည်။

သံအဆင့်ရှိ သာမန် မွန်းစတားတစ်ကောင်ပင် သူ၏ ညွှန်ကြားချက်ကို စိတ်ခြင်းဆက်သွယ်မှုမှ တစ်ဆင့် နားလည်နိုင်သည်။ ထို့ကြောင့် သန္ဓေနှစ်ကြိမ်ပြောင်း မွန်းစတားတစ်ကောင်သည် အခြေခံ ညွှန်ကြားချက်များသာမက အခြေခံအားဖြင့် လူဘာသာ စကားကိုလည်း နားလည်ကြသည်။

လင်းဟွမ်သည် ကိုင်လီ၏ အေးစက်သော အမူအယာသည် မွေးရာပါ စရိုက်တစ်ခု ဖြစ်လိမ့်မည်ဟု တွေးလိုက်သည်။

ထို့နောက် သူ၏ အင်္ကျီလက်စထဲသို့ ပြန်ဝင်လာသော သွေးရဲရဲလေးကို ကြည့်လိုက်သည်။ သွေးရဲရဲလေးသည် ရွှေအဆင့် ပြည့်ဝအဆင့်သို့ ရောက်နေပြီ ဖြစ်သော်လည်း စွမ်းရည်က မစုံသေးပေ။

လင်းဟွမ်သည် ချိတ်ဖွင့်ရန်အတွက် ဖုန်းကွယ်ထားသော အခြေအနေကို မမြင်နိုင်ပေ။ ထို့ကြောင့် သွေးရဲရဲလေး မတိုင်ခင် အခြားမွန်းစတားများကို ချိတ်ဖွင့်ရန် ဆုံးဖြတ်လိုက်သည်။

သူ၏ ဆင့်ခေါ်မွန်းစတားများထဲမှ ကိုင်လီနှင့် အာဏာရှင်တို့သည် ချိတ်ဖွင့်မှု လုပ်ငန်းစဉ်ပြီးမြောက်ခဲ့ပြီး မျှော်လင့်ချက် အရိုးဝိညာဉ်သည် ချိတ်ဖွင့်ရန် မလိုအပ်ဘဲ အဖြူရောင် မီးလျှံအဆင့်သို့ ရောက်ရှိနေခဲ့ပြီ။ ကျန်သည့်မွန်းစတားများကတော့ ပိုင်၊ ချောကလက်လေးနှင့် ကြမ်းတမ်း ဓါးသခင်တို့ပင်..

ချောကလက်လေး၏ အလားအလာကို ချိတ်ဖွင့်ရန် ဤကန္တဆေးပင်ကို လိုအပ်သော်လည်း

ဟင်းလင်းပြင် အပျက်အစီးနေရာတွင် တစ်ခုမှ မရှိသောကြောင့် စောင့်ဆိုင်းရအုံးမည်။

ပိုင်အတွက်မူ သန္ဓေနှစ်ကြိမ်ပြောင်း မွန်းစတား တစ်ကောင်ကို သတ်ပြစ်ပြီး သွေးအားလုံးကို စုပ်ယူပါက ချိတ်ဖွင့်နိုင်လိမ့်မည်။

ကြမ်းတမ်း ဓါးသခင်ကို ချိတ်ဖွင့်ရန်အတွက်မူ မတူညီသော ဓါးအမျိုးအစား သာလွန်မွန်းစတား ကိုးကောင်ကို သတ်ပစ်ရမည်။

ပိုင်နှင့် ကြမ်းတမ်း ဓါးသခင် တို့၏ အခြေအနေများသည် အလွယ်တကူ

လိုက်လျောညီထွေ ဖြစ်ခြင်း မရှိသော်လည်း လင်းဟွမ်က ကြိုးစား ကြည့်ချင်သေးသည်။

"သွေးရဲရဲလေး၊ ပိုင်ခ်နဲ့ ကြမ်းတမ်း ခါးသခင်အတွက် မွန်းစတားတွေ ရှိ၊ မရှိ ရှာပေးပါဦး။ တစ်ကောင်က သန္ဓေကြိမ်ပြောင်း မွန်းစတားရဲ့ သွေးပဲ။ နောက်တစ်ကောင်က သာလွန်မွန်းစတား ခါးအမျိုးအစား ဖြစ်ရမယ်"

လင်းဟွမ်က သွေးရဲရဲလေးကို ညွှန်ကြား လိုက်လျှင်

“ဒီနေရာ တစ်ဝိုက်ကို ငါ စစ်ဆေးပြီးသွားပြီ ခါးအမျိုးအစား သာလွန် မွန်းစတား တစ်ကောင်ရှိတယ်”

သွေးရဲရဲလေးက စိတ်ချင်းဆက်သွယ်ပြီး ချက်ချင်း ပြန်ပြောလာသည်။

နေ့ခင်းနှစ်နာရီ ကျော်နေပြီ ဖြစ်သဖြင့် ယနေ့ မနက် ဆယ်နာရီ၌ အကြွင်းမဲ့ ကံကြမ္မာစွမ်းရည်ကို အသုံးပြုခဲ့သည်မှာ (၂၄) နာရီ ပြည့်တော့မည်။

“ဒါဆို ငါ့ကို ကိုဩဒိနိတ်ပေး”

လင်းဟွမ်က ပြောပြီးသည်နှင့် မြေပုံကို ချက်ချင်း ထုတ်ကြည့်လိုက်သည်။ မြေပုံပေါ်တွင် သွေးရဲရဲလေး ပြောနေသည့် နေရာကို အနီရောင်အစက် အမှတ်အသားများ ပြုလုပ်ပြီးနောက် အဲလက်န္ဒြား လင်းယုန်ကို ဆင့်ခေါ်ကာ ထိုကိုသြဒိနိတ်သို့ ဦးတည်သွားလိုက်သည်။

ကိုင်လီသည် လင်းဟွမ် ထွက်သွားသည်ကို မြင်လျှင် အာဃာရင် ကျွံကျသွားသော မြေပြင်ဘက်သို့ လှည့်ကြည့်၍ မလှုပ်မယှက် ထိုင်နေလိုက်၏။

နာရီဝက်ခန့် ကြာပြီးနောက် လင်းဟွမ်သည် သွေးရဲရဲလေး၏ လမ်းညွှန်မှုဖြင့် ဦးတည်ရာ နေရာတစ်ခုသို့ ရောက်ရှိလာသည်။

အဲလက်ဇန္ဒြားလင်းယုန် မြေပေါ်သို့ ဆင်းသက်ပြီးနောက် လင်းဟွမ်က အကန့်အသတ်မဲ့ အမြင်အာရုံကို စတင် အသက်သွင်းလိုက်ရာ လူသားပုံစံရှိသော မွန်းစတားတစ်ကောင်ကို အဝေးမှ မြင်လိုက်ရသည်။

ထိုမွန်းစတားသည် အရပ် ဆယ်မီတာကျော်မြင့်ပြီး အဆိပ်ခတ် ခံရသော မျက်နှာကဲ့သို့ မျက်နှာက

ခရမ်းရောင် ဖြစ်နေသည်မှ လွဲ၍ ၎င်း၏ ခန္ဓာကိုယ်အများစုသည် လူသားနှင့် တူပြီး အနက်ရောင် ချပ်ဝတ်တန်ဆာက ခန္ဓာကိုယ်အများစုကို ဖုံးလွှမ်းထားသည်။ ညာဘက်လက်တွင် အရှည် (၁၀) မီတာနီးပါးခန့် ရှိသော ဓါးတစ်ချောင်း ကိုင်ထားပြီး ၎င်း၏အရပ်နှင့် အတူတူ ဖြစ်နေသည်။

“ဒါက မဟာ ဓါးမိစ္ဆာလား”

လင်းဟွမ်သည် မြင်လိုက်သည်နှင့် ချက်ချင်း သိလိုက်သည်။ ဒါသည် ပြင်းထန်သော

ပေါက်ကွဲစွမ်းအား ရှိသည့် တစ်ခုတည်းသော သန္ဓေပြောင်း မွန်းစတားဖြစ်သည်။

ငင်း၏ခေါ်နှင့် တိုက်ခိုက်မှုသည် ကြောက်စရာကောင်းအောင် ကြမ်းတမ်းလွန်းသည်။ လိပ်အခွံနှင့်တူသော ချပ်ဝတ်တန်ဆာကို မြင်လိုက်လျှင် လင်းဟွမ်သည် စိတ်မထိန်းနိုင်အောင် ဖြစ်သွားသည်။

သို့သော်လဲ ငင်း၏ တစ်ခုတည်းသော အားနည်းချက်မှာ အမြန်နှုန်း နှေးကွေးခြင်းပင်။

"ဒီနတ်ဆိုးကို သတ်ဖို့အတွက် သူ့ရဲ့ အဆုံးစွန်သော လှုပ်ရှားမှုကို အသုံးပြုရမယ်"

လင်းဟွမ်သည် ကြမ်းတမ်း ဓားသခင်ကို မဆင့်ခေါ်ခင် စိတ်ထဲက တွေးလိုက်ပြီး

အကြွင်းမဲ့ ကံကြမ္မာစွမ်းရည်ကို အသုံးမပြုခဲ့ပါက ကြမ်းတမ်း ဓါးသခင်သည် ဤနတ်ဆိုးကို မည်သို့မည်ပုံ သတ်မလဲ ဆိုသည်ကို သိချင်နေသည်။

ကြမ်းတမ်း ဓားသခင်သည် အနက်ရောင် ချပ်ဝတ်တန်ဆာကို ဝတ်ဆင်ထားပြီး အနက်ရောင် ဓားတစ်ချောင်းကို ကိုင်ဆောင်ထားသည်။ သေမင်း၏

အော်ရာများ ပိုင်းရံထားသော အနက်ရောင် မြူခိုးတစ်ခုရှိကာ ၎င်း၏ မျက်လုံးသည် လေဆာရောင်ချည်နှင့် တူပြီး တိုက်ရိုက်ကြည့်ရန် ခက်လှသည်။

နှစ်မီတာထက် မနည်းသော အကွာအဝေးတွင် ပေါ်လာသည်နှင့်အမျှ မဟာခါးမိစ္ဆာသည် သူရောက်ရှိနေကြောင်း အာရုံခံမိပြီး သူ့ဘက်သို့ လှည့်ကြည့်လာသည်။

“ငါတို့က သူသိနိုင်မယ့် နေရာအပြင်ဘက်မှာ ရောက်နေတယ်လို့ ထင်ထားတာ ငါတို့ကို ဘယ်လို

သတိထားမိတာလဲ ဒါမှမဟုတ်ရင် ခေါးစွမ်းရည်ကြောင့်လား”

လင်းဟွမ်သည် ခါးမိစ္ဆာက သူတို့ ရောက်နေကြောင်းကို သိနေရန် မမျှော်လင့်ထားသောကြောင့် မျက်မှောင်ကြုတ်သွားသည်။

ကြမ်းတမ်း ခါးသခင်သည် မဟာခါးမိစ္ဆာကို လှမ်းကြည့်ကာ လင်းဟွမ်၏ ညွှန်ကြားချက်ကိုပင် မစောင့်ဘဲ မဟာခါးမိစ္ဆာထံ ပြေးဝင်သွားသည်။

လင်းဟွမ်သည် မျက်ခုံး ပင့်လိုက်ပြီး သူ ပိုင်သော မွန်းစတားကတ်အားလုံးတွင် ထူးခြားသော ဝိသေသ လက္ခဏာများ ရှိပုံရကြောင်း သတိထားမိလိုက်သည်။

အထင်ရှားဆုံးမှ, ခုနကတင် ချိတ်ဖွင့်ခဲ့သည့် ကိုင်လီပင်။

“သူတို့အားလုံးမှာ သူတို့ရဲ့ ကိုယ်ပိုင် ဝိသေသ လက္ခဏာရှိနေရင် ဒီအဖွဲ့ကို ဦးဆောင်ဖို့ ခက်လိမ့်မယ် ကံကောင်းတာက အခုလောလောဆယ် စကားပြောလို့ ရတဲ့ သွေးရဲရဲလေးပဲ ရှိသေးတယ်”

လင်းဟွမ်သည် သူ၏ မွန်းစတားများအားလုံး တစ်နေ့တွင် စကားပြောလာနိုင်မလားဟု စိတ်ကူး ယဉ်နေသည်။

ထိုအချိန်တွင် ကြမ်းတမ်း ခေးသခင်သည် မဟာခါးမိစ္ဆာထံ ရောက်ရှိသွားပြီး လင်းဟွမ်သည် မဟာခေးမိစ္ဆာထံမှ အကြောက်တရားကို မြင်လိုက်ရသဖြင့် အံ့သြသင့်သွားသည်။

တိုက်ပွဲအတွင်းတွင် သူ၏ အမြင့်ဆုံး စွမ်းဆောင်ရည်၏ ၅၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းအထိသာ စွမ်းဆောင်နိုင်ခဲ့သည်။ ထို့အပြင်

သူ၏ ခုခံကာကွယ်မှုသည် ကြမ်းတမ်း ဓါးသခင်၏ အနက်ရောင် ဓါးအောက်တွင် ထိရောက်ခြင်း မရှိခဲ့ပေ။

ကြမ်းတမ်း ဓါးသခင်၏ ဓါးချက်တိုင်းသည် သူ့ကို ဒဏ်ရာရစေခဲ့သည်။ တိုက်ပွဲသည် မိနစ်ဝက်ခန့်သာ ကြာမြင့်ခဲ့ပြီး ကြမ်းတမ်း ဓါးသခင်က ၎င်း၏ခေါင်းကို ဓားဖြင့် ထုတ်ချင်းဖောက်လိုက်သည်နှင့် တိုက်ပွဲ ပြီးဆုံး သွားခဲ့သည်။

လင်းဟွမ်သည် မွန်းစတား အသေကောင်ကို သယ်ရန် လှမ်းလျှောက်လာစဉ် ရှောင်ဖိန်ထံမှ အကြောင်းကြားချက် တစ်ခု ထွက်ပေါ်လာသည်။

“မင်းမှာ မွန်းစတားကဒ် အသစ် မဟာခေးမိစ္ဆာ ခေးကျေးကျွန်ကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်”

## အခန်း(၂၉၉) - မီးဖိုးနစ်ဌက်ကို တွေ့ပြီလား။

”ငါက မွန်းစတားကတ် အပြည့်အစုံ အခုပဲ ရလိုက်တာလား။ ဘာဖြစ်လို့ အနောက်မှာ ခေါးကျေးကျွန်ဆိုတဲ့စာက ဘာဖြစ်လို့ ပါနေတာလဲ”

လင်းဟွမ်သည် ကတ်ကို သေသေချာချာ ကြည့်လိုက်သည်။

“မွန်းစတား ကတ်”

“ရှားပါးမှု အဆင့် - ရှားပါး”

“မွန်းစတား အမျိုးအစား - မဟာ ဓါးမိစ္ဆာ (ဓါးကျေးကျွန်”

“တိုက်ပွဲအဆင့် - အဖြူရောင် မီးလျှံအဆင့်”

“စွမ်းရည် (၁) - မိစ္ဆာ သံချပ်ကာ”

“စွမ်းရည် (၂) - မဟာ လူသားခွန်းအား”

“စွမ်းရည် (၃) - မိစ္ဆာ ယစ်ပူဇော်ခြင်း”

“စွမ်းရည် (၄) - အစွမ်းမဲ့ မဟာဓါး (တိုက်ခိုက်ရေး စွမ်းရည်)”

“ဆင့်ခေါ်ခွင့် အာဏာ - ကန့်သတ်”

"ကတ်မှတ်ချက် - လက်ခံနိုင်"

"မှတ်ချက် - သက်ဆိုင်တဲ့ စွမ်းရည် မဖွင့်ခင် ကြမ်းတမ်း ခါးသခင်ရဲ့ တွဲဖက်က တ်ကို အသုံး မပြုနိုင်ပါ"

"ကြမ်းတမ်း ခါးသခင်ရဲ့ တွဲဖက်ကတ်ကို ဆင့်ခေါ်လို့ မရဘူးလား"

လင်းဟွမ်သည် မျက်လုံးပြူးပြီး ရှောင်ဖိန်ကို မေးလိုက်သည်။

“ရှောင်ဖိန်၊ ကြမ်းတမ်း ဓါးသခင် သတ်တဲ့ ဓါးအမျိုးအစားနဲ့ သက်ဆိုင်တဲ့ မွန်းစတားတွေဆီကနေ မွန်းစတားကတ် အပြည့်အစုံ ရမှာလား”

“မင်းရဲ့ အဖွဲ့ဝင်အနေနဲ့ ကတ်အပြည့်အစုံကို တန်းရလိမ့်မယ်။ ဒါပေမယ့် ဓါးအမျိုးအစား မွန်းစတားအတွက်ပဲ။ အများဆုံး အရေအတွက်က ကိုးကတ်ပဲ ရလိမ့်မယ်”

လင်းဟွမ်သည် သူစိတ်ထဲမှ ဖြစ်နိုင်ချေများကို တစ်ချက် တွက်ချက် ကြည့်လိုက်ပြီးနောက် နောက်တစ်ကြိမ် ထပ်မေးလိုက်သည်။

"ရထားတဲ့ကတ်ကို မကြိုက်ရင် ငါ ကြိုက်တဲ့ ကတ်ကို ထပ်ရွေးလို့ ရလား"

"အတည်ပြုပြီးတာနဲ့ ပြန်လည် ရွေးချယ်ခွင့် မရှိဘူး။ တွဲဖက်ကတ် မွန်းစတား သေဆုံးသွားရင် တွဲဖက်ကတ်နေရာကို ရှင်းလင်းပြီး အခြားကတ်နဲ့ အစားထိုးမယ်"

"အမ်၊ ဒါဆို မွန်းစတား သေသွားမှပဲ အစားထိုးလို့ ရမှာပေါ့။ ဒါဆိုရင် ငါက ကျန်တဲ့ကတ် ရှစ်ကတ်ကို ပညာရှိရှိ ရွေးချယ်ရမယ့်ပုံပဲ"

လင်းဟွမ်၏ မျက်လုံးများသည် စိတ်လှုပ်ရှားမှုကြောင့် တောက်ပနေသည်။

"ကြမ်းတမ်း ဓါးသခင်ရဲ့ ကာရိုက်တာအရ သူက သန္ဓေနှစ်ကြိမ်ပြောင်း မွန်းစတားတွေကို သတ်နိုင်ရင် ငါက ပြီးပြည့်စုံတဲ့ မော်ကွန်းအဆင့် မွန်းစတားကတ် ရှစ်ကတ် ရလိမ့်မယ်"

လင်းဟွမ်သည် လိုအင်ဆန္ဒ ပြင်းထန်သော စိတ်ဖြင့် ကြမ်းတမ်းဓါးသခင်ကို ကြည့်လိုက်ပြီး

"ဘာ နာမည်ပေးရင် ကောင်းမလဲ"

လင်းဟွမ်သည် ကြမ်းတမ်း ဓါးသခင်ထံ လျှောက်သွားပြီး မဟာဓါးမိစ္ဆာ၏ အလောင်းကို သိမ်းလိုက်ကာ ကြမ်းတမ်းဓါးသခင်ကို ခဏမျှ စိုက်ကြည့်ပြီး အတွေးနက် သွားသည်။

"မင်းက ရက်စက်တဲ့ ဓားသမားဖြစ်လို့ မင်းကို လန်စန်လော့လို့ ခေါ်လိုက်မယ်"

ကြမ်းတမ်း ဓါးသခင်က မည်သည့်နာမည်ပဲ ခေါ်ခေါ် သဘောတူဟန်ဖြင့် ခေါင်းငြိမ့်ပြသည်။

“သာလွန် မွန်းစတား ခြောက်ကောင်ကို သတ်ပစ်ရမယ့် တာဝန်က ပြီးသွားပြီ။ ဒါပေမယ့် သန္တေနှစ်ကြိမ်ပြောင်း မျှော်လင့်ချက် အရိုးစု ဝိညာဉ်ကို အပ်လိုက်ရင် အလာဟာသ ဖြစ်သွားမယ်။ ဒီလိုဆိုရင် အစားထိုးဖို့အတွက် နောက်ထပ် မွန်းစတားတစ်ကောင်ကို သတ်ရမယ်”

လင်းဟွမ်သည် မျှော်လင့်ချက် အရိုးဝိညာဉ် အလောင်းကို သိမ်းထားချင်သေးသည်။

လင်းဟွမ်သည် သူ့ဘာသာသူ တိုးတိုးလေး ရေရွတ်နေစဉ် သွေးရဲရဲလေးက စိတ်ချင်း ဆက်သွယ်လာပြီး

"သခင်၊ နောင်မှာ အစွမ်းထက်တဲ့ သန္ဓေနှစ်ကြိမ်ပြောင်း မွန်းစတား အသေကောင်တွေ ရလာရင် အဲ့ဒီပေါ်မှာ ကပ်ပါးကောင်တွေ ထားလို့ ရမလား"

"မင်းက အလောင်းတွေပေါ်မှာ အဲ့ဒီလို လုပ်နိုင်လား"

လင်းဟွမ်သည် မမျှော်လင့် ထားသဖြင့် အံ့အားသင့်သွားကာ

"အရင်ကတော့ မလုပ်နိုင်ဘူး။ ဒါပေမယ့် အခု ငါ့ရဲ့ကပ်ပါး စွမ်းရည်က ပိုအားကောင်းလာပြီဆိုတော့ ငါ လုပ်နိုင်တယ်။ ဒါပေမယ့် လက်ခံကောင်ရဲ့ အမှတ်တရနဲ့ အမွေဆက်ခံနိုင်မှု ဖြစ်နိုင်ချေ အရမ်းနည်းလို့ အလောင်းရဲ့ဦးနှောက်ကို ကောင်းကောင်း ထိန်းထားရင်တော့ အလောင်းကို အသုံးပြုနိုင်တယ်။ အဲ့ဒီလိုဆိုရင် အမှတ်တရတွေနဲ့ မှတ်ဉာဏ်တွေကို အမွေ ဆက်ခံရဖို့ ပိုများတယ်။ ဒါပေမယ့်

ဦးနှောက်မပါတဲ့ မျှော်လင့်ချက် အရိုးဝိညာဉ်လိုမျိုး မွန်းစတားတွေကိုတော့ ရုပ်သေးရုပ်အဖြစ်ပဲ အသုံး ပြုနိုင်တယ်”

သွေးရဲရဲလေးက ရှင်းပြသည်။

“ဒါပေမယ့် မင်းက မင်းနဲ့အဆင့်တူ ဒါမှမဟုတ် အဆင့်နိမ့်တဲ့ သက်ရှိတွေအပေါ်မှာပဲ အလုပ်ဖြစ်တာ မဟုတ်လား။ အခု သန္ဓေပြောင်း သက်ရှိတွေ အပေါ်မှာလဲ လုပ်နိုင်ပြီလား”

လင်းဟွမ်က မေးလိုက်လျှင်

"မလုပ်နိုင်သေးဘူး။ ဒါပေမယ့် ငါ့ကို သာလွန်အဆင့်အထိ ရောက်အောင် ချိတ်ဖွင့်ရမယ်။ မျှော့မျိုးစိတ်က ငါ့ရဲ့ တိုက်ခိုက်ရေးအဆင့်ထက် ပိုမြင့်တဲ့ သက်ရှိတွေအပေါ်မှာ အလုပ် မဖြစ်ဘူး။ အဲ့ဒါကြောင့် အဆင့်ကျော်ပြီး ကူးစက်နိုင်တဲ့ ကပ်ပါးစွမ်းရည် တစ်ခု လိုအပ်တယ်။ အမှန်တိုင်း ပြောရရင် ရှင်သန်ခြင်းစွမ်းရည်က ငါ့ရဲ့ ဦးစားပေး မဟုတ်ဘူး"

သွေးရဲရဲလေးက စေ့စေ့စပ်စပ် ရှင်းပြရုံသာမက လင်းဟွမ်ကို သူ လိုချင်သောစွမ်းရည်ကို မည်ကဲ့သို့

ရယူမည့် အစီအစဉ် အကြောင်းကိုပင် ပြောပြခဲ့သည်။

"ဟုတ်ပြီလေ။ ငါတို့ အပြင်ထွက်ရင် လေ့လာကြမယ်"

လင်းဟွမ်က သွေးရဲရဲလေး၏အကြံကို သဘောတူလိုက်သည်။

"အခု လောလောဆယ်တော့ ဓါးအမျိုးအစား ဒါမှမဟုတ် သန္ဓေ နှစ်ကြိမ်ပြောင်း သာလွန် မွန်းစတားတွေ မတွေ့ရသေးဘူး၊ သခင် မင်းရဲ့ တာဝန် ပြီးဆုံးအောင်လုပ်ဖို့ ရည်ရွယ်ထားတယ်

ဆိုရင် ဒီနေရာတစ်ဝိုက်မှာရှိတဲ့ သာလွန်မွန်းစတား တစ်ကောင်ကို ရှာလို့ရတယ် မဟုတ်လား”

သွေးရဲရဲလေးသည် လင်းဟွမ်က မျှော်လင့်ချက် အရိုးဝိညာဉ်ကို သိမ်းထားချင်ကြောင်း သိနေသဖြင့် မေးလိုက်သည်။

“ဒါဆိုလဲ အနီးဆုံး တစ်ကောင်ကို ရွေးလိုက် ရအောင်”

လင်းဟွမ်က ခေါင်းငြိမ့်ပြီး မြေပုံကို ထုတ်လိုက်သောအခါ

"ကီလိုမီတာ တစ်ထောင့်ငါးရာအကွာမှာ ခားသွား သလင်းကျောက် ကင်းမြီးကောက် ရှိတယ်"

သွေးရဲလေးလေးက မြေပုံပေါ်တွင် အမှတ်အသား လုပ်ပေးလိုက်သည်။

လင်းဟွမ်သည် လန်စန်လော့ကို ပြန်သိမ်းပြီးနောက် အဲလက်ဇန္ဒြား လင်းယုန်ကို စီးကာ (၁၁) နာရီ ထောင့်သို့ ဦးတည် ပျံသန်း သွားသည်။ တစ်နာရီခွဲခန့် ကြာသောအခါ ထိုမွန်းစတား အနားသို့ ရောက်လာ၏။

ခါးသွားသလင်းကျောက် ကင်းမြီးကောက်သည် ကြည်လင်သော အနီရောင်ကိုယ်ထည်ရှိသည့် ရောမ ကင်းမြီးကောက်ကြီး တစ်ကောင် ဖြစ်သည်။ ၎င်းသည် အနီရောင် သလင်းကျောက်ကို ထွင်းထုထားသော ပုံစံနှင့်ပိုတူသည့် သက်ရှိတစ်ခုပင်။

နေရောင်အောက်တွင် နူးညံ့သိမ်မွေ့သော အနုပညာ လက်ရာတစ်ခုကို ကြည့်နေရသကဲ့သို့ ကြည်လင် တောက်ပနေသည်။

လင်းဟွမ်သည် ခါးသွား သလင်းကျောက် ကင်းမြီးကောက်ကို အဝေးမှ လှမ်းကြည့်ပြီး

ဤအလှတရားက အန္တရာယ် ကြီးကြောင်း ကောင်းကောင်း သိနေသည်။

ခါးသွား သလင်းကျောက် ကင်းမြီးကောက်သည် တိုက်ခိုက်ရေးစွမ်းရည် ပြင်းထန်သော သန္ဓေပြောင်း မွန်းစတားတစ်ကောင် ဖြစ်သည်။ အထူးသဖြင့် ၎င်း၏အမြီးသည် ပြင်းထန်သော တိုက်ခိုက်မှု ပေါက်ကွဲအားနှင့် တုန်လှုပ်စရာ ကောင်းသော အရှိန်အဟုန်ကို ပိုင်ဆိုင်ထားသည်။

သူ့ထက် တစ်ဆင့်မက မြင့်မားသော မွန်းစတားများကိုပင် သတ်ဖြတ် နိုင်သည်။

အစွမ်းထက်ရုံ သာမက သက်ရှိများကို သေစေနိုင်သော အဆိပ်ပြင်းသည့် အဆိပ်လည်း ပိုင်ဆိုင်ထားသည်။ တိုက်ခိုက်မှု စွမ်းရည်အပြင် ၎င်း၏ခန္ဓာကိုယ်က ခုခံမှုစွမ်းရည် မြင့်မားကာ မာကျောပြီး သူ့ကိုယ်သူ ပြန်လည် ကုသနိုင်သလို မီးနှင့်ချော်ရည်များလည်း ထွေးထုတ်နိုင်သည်။

လင်းဟွမ်သည် အန္တရာယ်အရှိဆုံး သန္ဓေပြောင်း မွန်းစတား စာရင်းထဲတွင် အဆင့် (၁၈) နေရာတွင် ရှိနေကြောင်း မှတ်မိလိုက်သောအခါ

"လွယ်တဲ့ပုံတော့ မရှိဘူး"

လင်းဟွမ်သည် ထိုကဲ့သို့ ပြောလိုက်သော်လည်း ထိုမွန်းစတားက အမှန်တကယ် ခြိမ်းခြောက်နိုင်လိမ့်မည်ဟု မယူဆထားသဖြင့် တပြုံးပြုံး ရှိနေသည်။

တိုက်ခိုက်ရန် လုပ်လိုက်စဉ် သွေးရဲရဲလေးက လှမ်းပြောလာသည်။

“သခင် မီးဖီးနစ်ဥက်ကို ရှာတွေ့ပြီ”

“ဘာ…..၊ မင်း သေချာလား”

လင်းဟွမ်သည် သွေးရဲရဲလေးက ရီရီယွီ လိုချင်သော ပစ်မှတ်ကို ရှာတွေ့ရန် မမျှော်လင့်ထားသဖြင့် မျှော်လင့်ချက် သိပ်မထားခဲ့ချေ။

"အဲ့ဒါ က မီးဖိုနစ်ဌက်ဆိုတာ သေချာရဲ့လား"

"မွန်းစတား စွယ်စုံကျမ်းထဲက ရုပ်ပုံအားလုံးကို ငါမှတ်မိတယ်၊ မမှားနိုင်ဘူး"

"ငါ့ရဲ့ ကပ်ပါးကောင်ကို ရှာတွေ့ပြီး သတ်ပစ်လိုက်ပြီ။ စောင့်ကြည့်တဲ့ ကပ်ပါးကောင် ရှိမနေတော့ အဲ့ဒီနေရာမှာ ဘယ်လောက်ကြာကြာ

နေမလဲဆိုတာ ငါလည်းမသိဘူး။ အခုချက်ခြင်း လှုပ်ရှားဖို့ လိုတယ်"

သွေးရဲရဲလေးက အကြံပေးလိုက်သည်။

လင်းဟွမ်သည် သွေးရဲရဲလေး၏ စုံစမ်းထောက်လှမ်းမှု အောက်မှ မီးဖိုးနစ်ဌက် ပျောက်ကွယ်သွားမည်ကို ကြောက်လန့်သွားပြီး ထွက်သွားရန် လုပ်လိုက်သော်လည်း ဓါးသွား သလင်းကျောက် ကင်းမြှီးကောက်၏ အော်ရာသည် သူ့ဘက်သို့ ချည်းကပ်လာကြောင်း သတိ ထားလိုက်မိသည်။

"နောက်ကျသွားပြီ။ ဓါးသွား သလင်းကျောက် ကင်းမြှီးကောက်က ငါတို့ကို တွေ့သွားပြီ"

## အခန်း(၃၀၀) - ဓါးသွား သလင်းကျောက် ကင်းမြီးကောက်ကို သတ်ဖြတ်ခြင်း။

လင်းဟွမ်သည် သွေးရဲရဲလေးက မီးဖိုနစ်ဌက်ကို ရှာတွေ့ခဲ့သောကြောင့် တိတ်တိတ်လေး ထွက်သွားချင်ခဲ့သည်။ သို့သော်လည်း ဓါးသွား သလင်းကျောက် ကင်းမြီးကောက်က သူ ရောက်ရှိနေကြောင်း သတိထား မိသွားသဖြင့် မထွက်သွားနိုင်တော့ချေ။

"ငါတို့မှာ အချိန်ဖြုန်းဖို့ အချိန် မရှိဘူး။ ဒီကောင့်ကို တလက်စတည်း သတ်လိုက်ရအောင်"

လင်းဟွမ်သည် မျက်မှောင်ကြုတ်၍ မျှော်လင့်ချက် အရိုးဝိညာဉ်ကို ဆင့်ခေါ်လိုက်သည်။

မျှော်လင့်ချက် အရိုးဝိညာဉ်သည် အဖြူရောင် မီးလျှံ အဆင့်ဖြစ်ပြီး ဓါးသွား သလင်းကျောက် ကင်းမြီးကောကထက် ပို အားကောင်းသည်။

သို့သော်လည်း ဓါးသွား သလင်းကျောက် ကင်းမြီးကောက်တွင် ခိုင်ခံ့၍ သန်မာသော ခုခံမှု ရှိကာ တိုက်ခိုက်ပါက အချိန် အတော်ကြာလိမ့်မည်။

ထို့ကြောင့် လင်းဟွမ်သည် သူ့ကို တစ်ယောက်တည်း တိုက်ခိုက်ခိုင်းမည့်အစား အကူအညီပေးရန် ဆင့်ခေါ်လိုက်သည်။

"ဒီကောင့်ကို ဖိနှိပ်ခြင်း ချိန်းကြိုးပဲ သုံးပေး။ ကျန်တာကိုငါ ကိုင်တွယ်လိုက်မယ်။"

လင်းဟွမ်က ညွှန်ကြားလိုက်သော်

ခါးသွား သလင်းကျောက် ကင်းမြီးကောက်သည် မျှော်လင့်ချက် အရိုးဝိညာဉ်က သန္ဓေနှစ်ကြိမ်ပြောင်း မွန်းစတားတစ်ကောင် ဖြစ်ကြောင်း ခံစားလိုက်မိပြီး အနားကပ်ရန် ရုတ်တရက် ချီတုံချတုံ ဖြစ်သွား၏။

မျှော်လင့်ချက် အရိုးဝိညာဉ်က ဖိနှိပ်ခြင်း ချိန်းကြိုးများကို အသက်သွင်းလိုက်သည်။ မီးတောက်ချိန်းကြိုး ကိုးခုသည် အသက်ဝင်လာပြီး ဓါးသွား သလင်းကျောက် ကင်းမြီးကောက်ကို ချုပ်နှောင်လိုက်သဖြင့် ဓါးသွား သလင်းကျောက် ကင်းမြီးကောက်သည် ထွက်ပြေးချင်သော်လည်း နောက်ကျခဲ့ပြီ။

ချိန်းကြိုးများက ကင်းမြီးကောက်ကို ချုပ်နှောင်ပြီး ကံကြမ္မာစွမ်းအားများကို လုံးဝ ချိတ်ပိတ်သွားသည်။

ကံကြမ္မာစွမ်းအား မရှိပါက မည်မျှပင် ရုန်းကန်စေကာမူ အသုံးမဝင်ပေ။

ထိုအချိန် အတောအတွင်း၌ လင်းဟွမ်က ဓါးဓါတ်ကြွင်းထဲသို့ ကံကြမ္မာစက်ဝိုင်း နှစ်ခုမှ ကံကြမ္မာစွမ်းအားများ ထည့်သွင်း လိုက်သည်။ အဆုံးစွန်သော တိုက်ကွက်ဖြစ်သည့် ကမ္ဘာသန့်စင်ခြင်း တိုက်ကွက်ကို အသုံးပြုရန် အဆင်သင့် ဖြစ်နေခဲ့ပြီးနောက် လေထဲခုန်တက်ပြီး ဓါးသွားသလင်းကျောက် ကင်းမြီးကောက်၏ခေါင်းကို ခုတ်ချ လိုက်သည်။

တောက်ပသော ရွှေရောင် အလင်းရောင်များ ဖြာထွက်လာပြီး ခါးသွား သလင်းကျောက် ကင်းမြီးကောက် ချက်ချင်း လဲကျသွားသည်။ မိနစ်ဝက်သာ ကြာမြင့်ခဲ့သော တိုက်ပွဲအတွင်း၌ သေခြင်းတရား၏လက်မှ မလွတ်မြောက်ခဲ့ပေ။

ထို့နောက် လင်းဟွမ်သည် ခါးသွား သလင်းကျောက် ကင်းမြီးကောက် အလောင်းကို သိမ်းဆည်းပြီး အလက်ဇန္ဒြားလင်းယုန်ကို ဆင့်ခေါ် လိုက်ပြီး

"ရီရီယွီဆီ သွားပြီး မီးဖိုးနစ်ဌက်အကြောင်း ပြောရမယ်"

ဆက်သွယ်ရေးလိုင်းများ မရှိသောကြောင့် ဒါသည် ရီရီယွီကို ဆက်သွယ်နိုင်သည့် တစ်ခုတည်းသော နည်းလမ်းပင်။

"သွေးရဲရဲလေး၊ မီးဖိုးနစ်ဌက် ရှိနေတဲ့ ကိုသြဒိနိတ်ကို မှတ်ပေးပါအုံး"

အလက်ဇန္ဒြား လင်းယုန်သည် အတောင်ပံများ ဖြန့်၍ ရီရီယွီနှင့်လီလန်တို့ ရှိရာဘက်သို့ ဦးတည် ပျံသန်းသွားသည်။ လေထဲ၌ ပျံသန်းနေစဥ်

သွေးရဲရဲလေးက မီးဖိုးနစ်ဌက် ရှိနေသော ကိုသြဒိနိတ်ကို အမှတ်အသား လုပ်ပေးခဲ့သည်။

"ရီရီယွီတို့က လမ်းတဝက်မှာ ရှိနေတာ ကံကောင်းတယ်"

လင်းဟွမ်သည် မြေပုံကိုကြည့်လိုက်ရာ ရီရီယွီ တည်ရှိရာ လမ်းကြောင်းဘက်တွင် တည်ရှိနေသဖြင့် ထိုကဲ့သို့ ပြောလိုက်ခြင်း။ လမ်းကြောင်းမသင့်ပါက ဝေးကွာလွန်းသည်။

လင်းဟွမ်သည် အတည်ပြုပြီးနောက် ကံကြမ္မာ စွမ်းအား သိုလှောင်ကတ်ကို ထုတ်ယူနေရင်း

အလက်ဇန္ဒြားလင်းယုန်ကို ပို၍ မြန်မြန်ဆန်ဆန် ပျံသန်းရန် ညွှန်ကြားလိုက်သည်။

ခါးသွား သလင်းကျောက် ကင်းမြီးကောက်ကို အမြန် သတ်နိုင်ရန် ကံကြမ္မာစက်ဝိုင်း နှစ်ခုကို အသုံးပြုခဲ့ရ၏။ မီးဖီးနစ်ငှက်နှင့် တိုက်ပွဲသည် ခက်ခဲနိုင်သောကြောင့် သူ၏ စွမ်းဆောင်ရည်ကို အထွတ်အထိတ် ရောက်နေစေရန် ကံကြမ္မာစွမ်းအား သိုလှောင်ကတ်ကို အသုံးပြုချင်သည်။

နောက်ဆုံးတွင် မီးဖီးနစ်ဌက်ဆိုသည်မှာ ဖီးနစ်သွေးမျိုးဆက် ပါဝင်သော သန္ဓေနှစ်ကြိမ်ပြောင်း သက်ရှိတစ်မျိုး ဖြစ်သည်။

၎င်းသည် တိမ်နဂါးနှင့် အဆင့်အတန်းချင်း တူညီပြီး သန္ဓေနှစ်ကြိမ်ပြောင်း မွန်းစတားများထဲတွင် ၎င်း၏စွမ်းရည်က သေချာပေါက် ထိပ်တန်းမှာ ရပ်တည်နေသည်။ သန္ဓေနှစ်ကြိမ်ပြောင်း မျှော်လင့်ချက် အရိုးဝိညာဉ်နှင့် နှိုင်းယှဉ်ပါက အဆင့်တစ်ခု ပိုမြင့်သည်။

လင်းဟွမ်သည် ကံကြမ္မာစွမ်းအား သိုလှောင်ကတ်ကို အသက်သွင်း လိုက်သည်နှင့် ကံကြမ္မာစွမ်းအား ကုန်ခမ်းနေသော ကံကြမ္မာစက်ဝိုင်း နှစ်ခုလုံးသည်. အလင်း၏ အမြန်နှုန်းဖြင့် ပြန်ပြည့်လာကြောင်း သတိထားလိုက်မိသည်။

ခံစားချက်မှာ ဆောင်းရာသီတွင် နေပူလှုံနေရသကဲ့သို့ နွေးထွေးသော စီးကြောင်းတစ်ခုက ခန္ဓာကိုယ်ထဲ ဖြတ်သန်း စီးဆင်းနေပြီး သက်တောင့်သက်သာ ခံစားရသည်။ နှစ်စက္ကန့် မပြည့်သော အချိန်လေးမှာပင်

ကံကြမ္မာစွမ်းအား ကုန်ခမ်းနေသော ကံကြမ္မာစက်ဝိုင်း နှစ်ခုသည် ပြန်ပြည့်သွားသည်။

ကံကြမ္မာစွမ်းအား သိုလှောင်ကတ်ထဲရှိ ကံကြမ္မာစက်ဝိုင်း ငါးခုထဲမှ ကံကြမ္မာစက်ဝိုင်း နှစ်ခုမှာ ကုန်ခမ်းသွားသည်ကို မြင်လိုက်လျှင်

“မြန်လိုက်တာ။ မနှစ်မြို့စရာ ကောင်းတဲ့ ဘေးထွက် ဆိုးကျိုးလည်း မရှိဘူး အံ့အောစရာပဲ”

လင်းဟွမ်သည် သူ့ခန္ဓာကိုယ်ထဲရှိ ကံကြမ္မာ စွမ်းအားများကို ကြည့်လိုက်ရာ အရာအားလုံး ပုံမှန်ပင်။

“ဒီကတ်က အံ့အောစရာပဲ”

လင်းဟွမ်သည် သူ့လက်ထဲရှိ ကံကြမ္မာစွမ်းအား သိုလှောင်ကတ်ကို ကြည့်ရင်း ဝမ်းသာပီတိ ဖြစ်နေသည်။ ကတ်ကို သိမ်းဆည်းပြီးနောက် မီးဖီးနစ်ဌက်နှင့် တိုက်ခိုက်မည့် နည်းလမ်းများကို စတင် စဥ်းစားနေခဲ့သည်။

“မျှော်လင့်ချက် အရိုးဝိညာဉ်ရဲ့ ဖိနှိပ်ခြင်း ချိန်းကြိုးနဲ့ မီးဖီးနစ်ဌက်ရဲ့ ကံကြမ္မာစွမ်းအားကို ချိတ်ပိတ်လိုက်မယ်ဆိုရင် သတ်ရတာ ပိုလွယ်သွား လိမ့်မယ်။ ဒါပေမယ့် မျှော်လင့်ချက် အရိုးဝိညာဉ်ကို

ဘယ်လိုရခဲ့တာလဲ ဆိုတာက ရှင်းပြဖို့ အစိက ပြသနာပဲ”

“မျှော်လင့်ချက် အရိုးဝိညာဉ်က သန္ဓေနှစ်ကြိမ်ပြောင်း မွန်းစတား တစ်ကောင် ဖြစ်နေလို့ ငါတို့ရောက်နေတဲ့ ဟင်းလင်းပြင် အပျက်အစီး နေရာထဲမှာတောင် နောက်တစ်ကောင် တွေ့ဖို့တောင် ရှားတယ်။ သူတို့ကို ကံကောင်းတယ်လို့ ပြောရမှာလည်း ခပ်ခက်ခက်ပဲ”

“နောက်ပြီးတော့ ပုံမှန် အခြေနေဆိုရင်လည်း ထိန်းချုပ်သူက သူတို့ဆင့်ခေါ်တဲ့ မွန်းစတားတွေနဲ့

အသားကျအောင် ဖြည်းဖြည်းချင်း လေ့ကျင့်ပေးရအုံးမယ်။ အမြန်ဆုံး လေ့ကျင့်ပေးနိုင်တဲ့ လူတောင် တစ်ပတ်၊ နှစ်ပတ်လောက် အချိန်ယူရတယ်။ တချို့ဆို နှစ်လ၊ သုံးလ လောက်ကြာတယ်။ အစွမ်းထက်တဲ့ ထိန်းချုပ်သူကပဲ ဆင့်ခေါ်တဲ့ မွန်းစတားတစ်ကောင်ကို ချက်ချင်း ထိန်းချုပ်နိုင်လိမ့်မယ်”

“ငါ ဆင့်ခေါ်လိုက်လို့ ရီရီယွီနဲ့ လီလန်တို့ တွေ့သွားရင် စောစောတုန်းက သတ်ခဲ့တဲ့ မျှော်လင့်ချက် အရိုးဝိညာဉ်နဲ့ ဆက်စပ်မိသွားမှာပဲ”

“ဒီနည်းလမ်းက အလုပ် မဖြစ်နိုင်ဘူး။ နောက်တစ်နည်းဆိုရင် မစ္စတာဖူးက ငါဆင့်ခေါ်တဲ့ မျှော်လင့်ချက် အရိုးဝိညာဉ်ကို ငါ့အတွက် ဖမ်းပေးခဲ့တယ်လို့ပဲ ပြောရမယ်”

လင်းဟွမ်သည် ဤကိစ္စနှင့် ပတ်သက်၍ မစ္စတာဖူးကို စစ်ဆေးရန် မဖြစ်နိုင်သောကြောင့် အရာအားလုံးကို မစ္စတာဖူးထံ လွှဲချရန် ဆုံးဖြတ်လိုက်သည်။

“ဒါပေမယ့် ငါက ဘယ်လောက်ပဲ ကူညီကူညီ မီးဖီးနစ်ဌက်ကို သတ်တဲ့လူက ရီရီယွှီပဲ ဖြစ်ရမယ်။

ဒီလိုမှမဟုတ်ရင် မီးမျိုးစေ့ မထုတ်ယူနိုင်ဘဲ ကံကြမ္မာမီးတောက် မပြောင်းလဲနိုင်လို့ သန့်ရှင်း မီးလျှံအဆင့်ကို တက်လှမ်းနိုင်မှာ မဟုတ်ဘူး”

ထို့နောက် လင်းဟွမ်သည် ပြဿနာ နောက်တစ်ခုကို စဉ်းစားလိုက်မိပြီး

“ဒါပေမယ့် မီးဖီးနစ်ဌက်ရဲ့ ကံကြမ္မာစွမ်းအားကို ချိတ်ပိတ်ထားရင်တောင် သူ့ခန္ဓာကိုယ်က အလိုလို အစွမ်းထက်နေသေးတယ်။ ရီရီယွီက အဲ့ဒါကို မကိုင်တွယ်နိုင်ရင် တိုက်ခိုက်နိုင်မှာ မဟုတ်ဘူး”

လင်းဟွမ်သည် တိုက်ပွဲအတွင်း၌ ဖြစ်ပျက်နိုင်သော အခြေအနေများကို ကြိုတင် ခန့်မှန်းနေခဲ့သည်။ သူ၏ အတွေးအရ ရီရီယို့ တစ်ယောက်တည်း ဆိုပါက သန့်ရှင်း မီးလျှံအဆင့်သို့ မြှင့်တင်ရန် မဖြစ်နိုင်ကြောင်း သိလိုက်သည်။

“ဘာပဲဖြစ်ဖြစ်ကွာ။ ဒီကိစ္စကို ဆက် မတွေးတော့ဘူး။ အဆင့်တက်တာ၊ မတက်တာက သူ့ကိစ္စ။ ငါတို့က သူငယ်ချင်းတွေဆိုတော့ ကူညီ ပေးရမှာပဲ။ ကျန်တာတော့ ကံတရားပဲ”

နောက်ဆုံး၌ နာရီဝက်ခန့် ကြာသောအခါ ရီရီယွှီနှင့် လီလန်တို့ထံ ရောက်လာသည်။

သူတို့နှစ်ယောက်သည် မျက်လုံးမှိတ်၍ ကံကြမ္မာစွမ်းအားများကို ပြန်လည် ဖြည့်တင်း နေကြရာ အလက်ဇန္ဒြားလင်းယုန်၏ တောင်ပံ ခတ်သံကို ကြားလိုက်ရသဖြင့် မျက်လုံး ဖွင့်ကြည့် လိုက်ကြ၏။

“ငါ့ နောက်လိုက်ခဲ့။ မီးဖိုးနစ်ငှက်ကို ရှာတွေ့ပြီ”

အလက်ဇန္ဒြား လင်းယုန် မရောက်သေးခင် လင်းဟွမ်က လှမ်းအော်လိုက်သည်။

သူတို့နှစ်ယောက်သည် ထိုစကားကို ကြားလိုက်လျှင် အံ့အားသင့်သွားပြီး လုပ်လက်စ အလုပ်ကို ရပ်တန့်ကာ ချက်ချင်း မတ်တပ် ထရပ်ကြပြီး

"မီးဖိုနစ်ဌက်ဆိုတာ သေချာရဲ့လား"

ရီရီယွီသည် လင်းဟွမ် ထွက်သွားသည်မှာ နာရီ အနည်းငယ်သာ ကြာသေးပြီး ဤသတင်းနှင့်အတူ ပြန်ရောက်လာသဖြင့် ယုံရ ခက်ခက် ဖြစ်နေသည်။

"မမှားဘူး။ မင်းကို သွားရင်း ရှင်းပြမယ်။ မြန်မြန်လာ။ အချိန်ကြပ် လွန်းတယ်။ ငါတို့မှာ အချိန် မရှိဘူး"

လင်းဟွမ်က ပြောပြောဆိုဆို ဆက်လက် ပျံသန်းသွားသည်။

ရီရီယွီနှင့် လီလန်တို့လည်း သူတို့၏ စီးတော်ယဉ် မွန်းစတားများကို ဆင့်ခေါ်ကာ အလက်ဇန္ဒြား လင်းယုန် နောက်သို့ ကတိုက်ကရိုက် လိုက်ပါ သွားကြ၏။

## အခန်း(၃၀၁) - မွန်းစတားများကြားမှ ဆက်ဆံရေး။

လင်းဟွမ်သည် မီးဖီးနစ်ငှက်ကို အမဲလိုက်ရန် သွားနေစဥ် ရီရီယွီနှင့် လီလန်တို့ကို ဘာကြောင့် ဤမျှ အလျှင်လိုနေရကြောင်း ရှင်းပြလိုက်သည်။

“မီးဖိနစ်ငှက် ပေါ်လာတာ တစ်နာရီ ခွဲရှိပြီ။ အဲ့ဒါကြောင့် အဲဒီနေရာမှာပဲ ဆက်ရှိမလားဆိုတာ မသေချာဘူး”

လင်းဟွမ်ရှင်းပြသော စကားကို ကြားပြီးနောက် ရီရီယွှီက

"အဲ့ဒါ အမှန်ပဲ။ မီးဖိုးနစ်ငှက်က သွေးရဲရဲလေးရဲ့ ထောက်လှမ်း မျိုးစေ့အကြောင်းကို သိပြီး ခြေရာဖျောက် သွားနိုင်တယ်။ အခုလက်ရှိ မီဖိုးနစ်ငှက် ဘယ်မှာရှိလဲဆိုတာ တိတိကျကျ သိနိုင်မယ့် နည်းလမ်း မရှိဘူး"

လင်းဟွမ်က ခေါင်းငြိမ့်ပြီး ပြန်ပြောလိုက်သည်။

“ဒါကို သိသိချင်း မင်းတို့နှစ်ယောက်ဆီ အပြေး လာခဲ့တာပဲ။ မီးဖီးနစ်ဌက်က တစ်နာရီကို ကီလိုမီတာ နှစ်ထောင်ကျော်နှုန်းနဲ့ ပျံသန်းနိုင်တယ်”

ငါတို့ အဲ့ဒီကိုရောက်ဖို့ ဘယ်လောက်ကြာမလဲ”

ရီရီယွီက မေးလိုက်လျှင်

“ကီလိုမီတာ တစ်ထောင်ကျော်လောက်ပဲ ဝေးတယ်။ တစ်နာရီလောက်တော့ ကြာလိမ့်မယ်”

“ငါတို့ အဲ့ဒီကိုရောက်ရင် မီးဖီးနစ်ဌက်ကို ဘယ်လိုသတ်ကြမလဲ။ ဒါက ငါတို့

နောက်ဆုံးတွေ့ခဲ့တဲ့ မျှော်လင့်ချက် အရိုးဝိညာဉ် ထက်တောင် ပိုပြီး အစွမ်းထက်တဲ့ သန္ဓေ နှစ်ကြိမ်ပြောင်း မွန်းစတားတစ်ကောင်ပဲ”

လီလန်က မည်သူမျှ လျစ်လျူမရှုနိုင်သော လက်တွေ့ကျသည့် မေးခွန်းကို ထမေးလိုက်သည်။

“မစ္စရီရဲ့ ခန္ဓာကိုယ်ဖွဲ့စည်းပုံက မီးဒြပ်စင် မွန်းစတားအားလုံးကို ထိန်းချုပ်နိုင်ရင် အရာအားလုံး အဆင်ပြေသွားလိမ့်မယ်။ ဒါပေမယ့် သူ မလုပ်နိုင်ရင် ငါတို့ ဘာလုပ်ကြမလဲ”

လင်းဟွမ်နှင့် ရီရီယွီတို့လည်း တိတ်ဆိတ်နေကြသည်။

တစ်နာရီ ကြာသောအခါ သူတို့ဦးတည်ရာသို့ ရောက်ရှိသွားပြီး နောက်ဆုံးတွင် တိတ်ဆိတ်မှုလည်း ပျောက်ကွယ်သွား၏။

သူတို့သုံးယောက်သည် မြေပေါ်သို့ ဆင်းသက်ပြီး မွန်းစတားများကို ပြန်သိမ်းလိုက်ကြပြီး

"အပေါ်က လှမ်းကြည့်တာတော့ ဒီအနီးအနားမှာ မွန်းစတားတွေ မတွေ့ဘူး"

လီလန်က လင်းဟွမ်ကို ပြောလိုက်သည်။

"ကိစ္စ မရှိပါဘူး"

လင်းဟွမ်က အင်္ကျီ လက်စအောက်တွင် ပုန်းနေသော သွေးရဲရဲလေးကို ခေါ်ထုတ်လိုက်ကာ

"သွေးရဲရဲလေး မင်း မီးဖီးနစ်ဥက်ကို ရှာတွေ့ခဲ့တယ်ဆို ဘယ်မှာလဲ"

သွေးရဲရဲလေး အမှတ်အသား ပြုလုပ်ပေးထားသော ကိုဩဒိနိတ်သည် နေရာအတိအကျ မဟုတ်ဘဲ ခန့်မှန်းခြေသာ ဖြစ်သောကြောင့် ယခုအချိန်၌

နေရာအတိအကျ ညွှန်ပြရန် သွေးရဲရဲလေးကို လိုအပ်လာခဲ့ပြီ။

သွေးရဲရဲလေးသည် အကျီ င်္ လက်စအောက်မှ သွေးရောင်နှယ်ပင်ကို ဆန့်ထုတ်ပြီး ပတ်ပတ်လည်ကို ကြည့်လိုက်ပြီးနောက် ခရမ်းရောင် ပန်းပွင့်များကို ဖြန့်ကျက်လိုက်ကာ လင်းဟွမ်၏ စိတ်ထဲသို့ သတင်းစကားတစ်ခု ပို့လိုက်သည်။

"ပန်းတွေ နောက်ကလိုက်။ တိတ်တိတ်လေး လိုက်နော်။ စီးတော်ယဉ် မွန်းစတားကို မခေါ်နဲ့"

လင်းဟွမ်က ခရီးစဉ်ကို ဦးဆောင်နေရင်း သွေးရဲရဲလေး၏ သတင်းစကားကို ရီရီယွီနှင့် လီလန်တို့ထံ မျှဝေပေးလိုက်သည်။

ရီရီယွီနှင့် လီလန်တို့သည် သူ့နောက်မှ လမ်းလျှောက် လိုက်ပါလာရင်း မီးတောက်များစွာရှိသည့် နေရာသို့ ရောက်လာကြသည်။ ထိုနေရာ၌ အနက်ရောင် မီးခိုးများ အူထွက်နေပြီး လှုပ်ရှားနေသော မီးတောင်ပေါင်း တစ်ရာကျော် ရှိသည်။

မီးတောင်မှာ အကြီးအသေး၊ အနိမ့်အမြင့် စုံလှ၍ တော်တော်လေးကို လှပကာ ကြည့်ကောင်းသော မြင်ကွင်းတစ်ခုပင်။

"မီးတောင်နောက်မှာ ပုန်းနေတာလား"

လီလန်က ခန့်မှန်းလိုက်သောအခါ

လင်းဟွမ်က သူ့ကို တိတ်တိတ်လေးနေရန် အမူအရာ ပြလိုက်သည်။

ရှူး....

သူတို့သုံးယောက်သည် ခရမ်းရောင်ပန်း နောက်မှ တိတ်တိတ်လေး လိုက်လာကြပြီး နာရီဝက်ခန့် ကြာသောအခါ မီးတောင်ထိပ် တစ်ခုသို့ ရောက်လာကြသည်။ ပန်းများသည် တောင်ထိပ်သို့ ရောက်လျှင် အောက်ဘက်သို့ ဆင်းသွားကြောင်း မြင်လိုက်လျှင် မီးတောင် အစွန်းဘက်သို့ လမ်းလျှောက် သွားကြပြီး တစ်ဖက်ကို လှမ်းကြည့်လိုက်ရာ တုန်လှုပ် သွားကြသည်။

မီးတောင်အားလုံးကို ပိတ်ဆို့နေသော ချော်ရည်အိုင်ကြီး တစ်ခု ရှိနေပြီး ရေကန်ဟု

ပြောခြင်းထက် အကန့်အသတ် မရှိဘူးဟု ပြောခြင်းက ပို၍ တိကျသည်။ ပုံစံသည် သာမန်ထက် ကီလိုမီတာ ရာနှင့်ချီ ကျယ်ဝန်းပြီး ချော်ရည်ကန်ကြီးနှင့် ပိုတူနေ၏။

"ချော်ရည် ပင်လယ်ပြင်ကြီးဟာ"

သူတို့သုံးယောက်သည် သူတို့ရှေ့တွင် ရှိနေသော အရာကြောင့် အံ့အားသင့်နေကြသည်။

ရုတ်တရက်ဆိုသလို ချော်ရည်များ ဘုန်းခနဲ၊ ဝုန်းခနဲ မြင့်တက်လာပြီး ကြီးမားသော အရိပ်ကြီးတစ်ခုက ချော်ရည် မျက်နှာပြင်ပေါ်

ထိုးတက်လာသည်။ ဒါသည် ရွှေရောင် အမောက်နှင့် အမြီးကိုးချောင်းရှိသော ရောမ ငှက်ကြီး တစ်ကောင်ပင်။

သူတို့အာရုံကို ဖမ်းစား လိုက်သည့်အရာမှာ အနီရောင် တောက်ပနေသော ရောမ မီးကျောင်းကြီးနှင့် နီညိုရောင် လက်သည်းကြီးများပင်။ ထို မီကျောင်းကြီးသည် မီတာ (၇၀)၊ (၈၀) ခန့် ရှည်လျားသည်။ ဒါသည် ရောမ ငှက်ကြီးထက် သေးငယ်ခြင်း မရှိသလို အနက်ရောင် မာကြောသော သတ္တုများဖြင့်

ခန္ဓာကိုယ်ကို ဖုံးအုပ်ထားသော်လည်း ၎င်း၏လည်ပင်းကို ရောမငှက်ကြီးက ချုပ်နှောင်ထားသည်။ မည်သို့ပင် ရုန်းကန်စေကာမူ ငှက်ကြီး၏ ခြေထောက်များထဲမှ လွတ်မြောက်သွားခြင်း မရှိချေ။

“ဒါက ဓါးသွား မိကျောင်းလား”

လီလန်က လင်းဟွမ်ကို ထိတ်လန့်တကြား မေးလိုက်သည်။

“ဟုတ်တယ်”

လင်းဟွမ်သည် ထိုမြင်ကွင်းကို ကြည့်ရင်း စိုးရိမ်လာသည်။

ရီရီယွီလည်း မျက်မှောင် ကြုတ်နေပြီး အခြေအနေ မကောင်းလှပေ။

အမြီး ကိုးချောင်းနှင့် ရွှေရောင် အမောက်ကြီးရှိသော ရောမငှက်ကြီးသည် သူတို့၏ ပစ်မှတ်ဖြစ်သော မီးဖီးနစ်ငှက် ဖြစ်သည်။

ခါးသွားမိချောင်းမှာလည်း မီးဒြပ်စင်မှ ပြောင်းလဲလာသော မွန်းစတား တစ်ကောင်ဖြစ်ပြီး ရက်စက်ကြမ်းကြုတ်မှုကို သရဖူ ဆောင်းသော

သန္ဓေနှစ်ကြိမ်ပြောင်း မွန်းစတားတစ်ကောင်ပင်။ ထိုကဲ့သို့ မွန်းစတားတစ်ကောင်ပင် ပြန်လည် တိုက်ခိုက်နိုင်ခြင်း မရှိဘဲ အလွယ်တကူ ဖမ်းဆီးခြင်း ခံနေရသည်။

ဒါကို ကြည့်ခြင်းအားဖြင့် မီးဖီးနစ်ဌက်၏ စွမ်းအားကို တိုက်ရိုက် နားလည်သွားကြ၏။

မီးဖီးနစ်ဌက်သည် ၎င်း၏ ခြေသည်းထဲတွင် ကုတ်ယူထားသော ဓါးသွားမိကျောင်းနှင့် အတူ သူတို့သုံးယောက် ရှိရာ မီးတောင်သို့ ဦးတည် ပျံသန်းလာသည်။

လင်းဟွမ်တို့သည် သူတို့ကို မမြင်ရအောင် ချက်ချင်းပုန်းပြီး ခေါင်းလေးသာ ပြူထွက်ကာ ချောင်းကြည့် လိုက်ကြသည်။

ထို့နောက် မီးဖီနစ်ဌက်က မိကျောင်းကြီးကို ပစ်ချလိုက်သည်။

ပစ်ချခံလိုက်ရသော ဓါးသွား မိကျောင်းသည် မီးဖီးနစ်ဌက်ကို မနိုင်ကြောင်း သိနေသဖြင့် ချော်ရည်ကန်ထဲ ခုန်ချရန် ကြိုးစားလိုက်သော်လည်း လေထဲ လွင့်ထွက်သွားပြီး ၎င်း၏ လည်ပင်းကို မီးဖိနစ်ဌက်က ကုတ်ယူလိုက်သည်။

ထိုမိကျောင်းကြီးသည် အမြီးနှင့် ခန္ဓာကိုယ်ကို ယက်ကန်ယက်ကန် လှုပ်ပြီး ရုန်းကန်နေသော်လည်း မီးဖိုးနစ်ဌက်၏ ခရမ်းရောင် ခြေသည်းများကြားက မလွတ်မြောက်နိုင်ပေ။

မီးဖိုးနစ်ဌက်၏ အပြာရောင် မျက်လုံးတစ်စုံက ရုန်းကန်နေသော ဓါးသွားမိချောင်းကို စိုက်ကြည့် နေသော်လည်း စားမည့်ပုံ မရှိချေ။

မကြာခင် မိကျောင်းကြီးသည် မည်သို့မျှ မလွတ်မြောက် နိုင်ကြောင်း သိသွားကာ အနက်ရောင် သတ္တုပုံစံရှိသော အရောင်သည် စတင်

ပြောင်းလဲလာပြီး ခန္ဓာကိုယ် တစ်ခုလုံးကို ချော်ရည်များ ဖုံးလွှမ်းသွားသလို ဖြစ်လာသည်။

အစပိုင်းတွင် အနက်ရောင် ရှိနေသော ကိုယ်ထည်သည် အနီရောင်ပြောင်းသွားပြီး မကြာခင် ရဲရဲတောက် နီလာသည်။ စက္ကန့်ပိုင်းလေး အတွင်းမှာပင် ခါးသွား မိကျောင်းကြီးသည် ရဲရဲတောက်နေသော အနီရောင် သလင်းကျောက်ပုံစံ ပြောင်းသွားသည်။

“ဘာလုပ် နေတာလဲ”

လီလန်က လင်းဟွမ်ကို တိုးတိုးလေး မေးလိုက်သည်။

“ဒါက သလင်းကျောက် ပြောင်းလဲခြင်း စွမ်းရည်ပဲ။ ဒီလို ပုံစံဖြစ်နေမှ သူ့ရဲ့ခံစစ်စွမ်းရည်က အထွတ်အထိတ်ကို ရောက်သွားမှာ”

လင်းဟွမ်က ပြောလိုက်ပြီးနောက်

သူ ပြောလိုက်သည့်အတိုင်းပင် မီးဖီးနစ်ငှက်က ခါးသွားမိချောင်း၏ နောက်ကျောကို ဖမ်းယူရန် ခြေသည်း ရှည်ကြီးများဖြင့် ထိုးခဲ့သော်လည်း အလွယ်တကူ ထိုးဖောက်နိုင်ခြင်း မရှိတော့ချေ။

ခါးသွား မိကျောင်းကြီးသည် ၎င်း၏ ခံစစ်ပုံစံ သလင်းကျောက်ထဲတွင် နာကျင်မှုကြောင့် ခဏတာမျှ ရုန်းကန်နေခဲ့သော်လည်း နောက်ပိုင်း၌ လုံးဝ မလှုပ်ရှားတော့ချေ။

၎င်း၏ ခန္ဓာကိုယ်ပေါ်ရှိ အနီရောင် မီးတောက်များလည်း မှိန်ကျလာပြီး စက္ကန့်ပိုင်းလေး အတွင်းမှာပင် အနက်ရောင် ပြန်ပြောင်းသွားသည်။

"သေပြီလား"

လီလန်က မေးလိုက်သော်

"ငါတော့ မထင်ဘူး"

လင်းဟွမ်သည် သူ မြင်နေရသော အရာကြောင့် အံ့အားသင့်နေသော်လည်း ခါးသွား မိကျောင်း၏ အော်ရာကို ခံစားရသေးသည်။

ထို့နောက် မီးဖီးနစ်ဌက်က ခါးသွားမိချောင်း၏ နောက်ကျောမှ ခြေသည်းကို ဖယ်ရှားလိုက်ရာ ခါးသွားမိကျောင်းသည် နောက်တစ်ကြိမ် ပြန်လှုပ်လာသည်။

မီးဖိုနစ်ဌက်သည် ခါးသွားမိကျောင်းကို လွှတ်ပေးပြီး ၎င်း၏တောင်ပံများကို ခတ်ကာ လေထဲ ပျံသန်းသွားသည်။

ခါးသွားမိချောင်းသည် ၎င်း၏ အမြီးကို ယက်ကန်ယက်ကန် လှုပ်ကာ မဝေးသော ချော်ရည်အိုင်ထဲသို့ ခုန်ဆင်းပြီး ပျောက်ကွယ် သွား၏။

“ခါးသွားမိချောင်းကို မစားဘူးလား။ ဘာဖြစ်လို့ လွှတ်ပေးလိုက်တာလဲ”

လီလန်သည် သူ မြင်နေသော အရာကို နားမလည်နိုင် ဖြစ်နေသောကြောင့်

လင်းဟွမ်က ခန့်မှန်းလိုက်သည်။

“စားဖို့ အစီအစဥ် မရှိဘူး။ အဲ့ဒီအစား ဓါးသွား မိချောင်းထဲက မီးစွမ်းအင်ကို ထုတ်နေယူတာပဲ”

“မွန်းစတား စွယ်စုံကျမ်းထဲမှာ မွန်းစတားတွေကြားက ပေါင်းစည်း ဆက်ဆံမှုဟာ စားဖို့တစ်ခုတည်း မဟုတ်ဘူး။ ဒြပ်စင် ပေါင်းစပ်တာလည်း ပါတယ်လို့ ဆိုထားတယ်။ ဒါပေမယ့် ငါတို့ တွေ့ခဲ့တဲ့ အရာက အဲ့ဒီလို

မဟုတ်ဘူး။ သူတို့ကြားထဲက ဆက်ဆံရေးက ငါတို့လူသားတွေ ထင်ထားတာထက် ပို ရှုပ်ထွေးတဲ့ ပုံပဲ”

## အခန်း(၃၀၂) - လင်းဟွမ်၏ သတ်ဖြတ်မှု အစီအစဉ်။

ဓါးသွား မိကျောင်းကြီး လွတ်မြောက်သွားသည့်အချိန်၌ လေထဲတွင် ရှိနေသော မီးဖိုးနစ်ဌက်သည် ၎င်း၏အတောင်ပံများကို ခတ်ကာ ချော်ရည် ပင်လယ်ထဲသို့ နောက်တစ်ကြိမ် ထိုးဆင်း သွားပြန်သည်။

“ပြေးသွားပြီလား”

ရီရီယွီက ဒေါသတကြီး အော်ဟစ်လိုက်သည်။ နောက်ဆုံးတွင် မီးဖီးနစ်ငှက်ကို ရှာတွေ့ခဲ့သော်လည်း ချော်ရည်ထဲ ငုံ့ဆင်းသွားသည်ကို ဤအတိုင်းသာ ကြည့်နေခဲ့ရသည်။

"စိတ်မပူနဲ့။ ထွက်မပြေးသွားဘူး"

လင်းဟွမ်က ခေါင်းခါပြီး

"မီးဖီးနစ်ငှက်တွေရဲ့ စရိုက်အရ ချော်ရည်ထဲ ငုပ်နေမယ့်အစား ထွက်သွားချင် ထွက်သွားလိမ့်မယ်။ ကြည့်ရတာတော့ ခါးသွား မိကျောင်းနောက်တစ်ကောင် ထပ်ဖမ်းတာ ဖြစ်နိုင်တယ်။ အခု

မင်းတို့ နှစ်ယောက်လည်း မီးဖိုးနစ်၌ကက်ရဲ့ စွမ်းရည်ကို မြင်ပြီးပြီ။ သန္ဓေနှစ်ကြိမ်ပြောင်း ခါးသွားမိကျောင်းတောင် ပြန်ပြီး မတိုက်ခိုက်နိုင်ဘူး။ ဖြစ်နိုင်ရင် ငါတို့တွေ အစီအစဉ် တစ်ခုခုတော့ လုပ်သင့်တယ်”

လီလန်၏ ရယ်တတ်၊ မောတတ်၊ ပျော်ရွှင်တတ်သော အမူအရာသည် ယခုအချိန်၌ ပျောက်ကွယ်သွားကာ

“ငါတို့ ရပ်နေတဲ့နေရာက တိုက်ပွဲအတွက် မသင့်တော်ဘူး။ ငါတို့တွေ လှုပ်ရှားဖို့အတွက်

နေရာတွေ အများကြီး မရှိဘူး။ မီးတောင်ချော်ရည်ထဲ ပြုတ်ကျသွားရင်လည်း ဝိညာဉ်ချော်ရည်တွေ ဖြစ်နေလို့ ကျိန်းသေပေါက် သေလိမ့်မယ်။ ချော်ရည်ပင်လယ်ထဲမှာ ငါတို့ ရပ်ဖို့နေရာ မရှိဘူး။ မီးတောင် တောင်ခြေမှာ တိုက်ခိုက်နိုင်ပေမယ့် နောက်ကျောမှာ မီးတောင်တွေ ပိတ်ဆို့နေအုံးမှာပဲ။ တကယ်လို့ တိုက်ခိုက်ပြီး မနိုင်ရင် ပြေးစရာလမ်းကြောင်း မရှိဘူး”

လီလန်က သူ စိုးရိမ်ပူပန်နေသော အကြောင်းအရာကို ထုတ်ဖော် ပြောဆိုလိုက်လျှင်

“ငါ့မှာ သန္ဓေနှစ်ကြိမ်ပြောင်း အဖြူရောင် မီးလျှံအဆင့် မျှော်လင့်ချက်အရိုးဝိညာဉ် မွန်းစတား တစ်ကောင်ရှိတယ်။ ငါ စဉ်းစားနေတာက မီးဖိုးနစ်ဌက်ကို အာရုံလွှဲနေတဲ့ အချိန်မှာ မျှော်လင့်ချက် အရိုးဝိညာဉ်က သူ့ကို ချိတ်ပိတ် လိုက်ဖို့ပဲ။ သူ့ရဲ့ ကံကြမ္မာစွမ်းအား ချိတ်ပိတ် ခံလိုက်ရရင် မီးဖိုးနစ်ဌက် အဆုံးသတ်သွားပြီ။ ဒါဆိုရင်ရီရီယွီက သူ့ရဲ့ မွန်းစတားကိုစီးပြီး သွားသတ်လို့ ရပြီ”

လင်းဟွမ်က ထိုကဲ့သို့ပြောပြီး လီလန်ကို ကြည့်လိုက်ပြီး

"မင်းက ဒီမှာနေခဲ့။ အဝေးကို ထွက်ပြေးလာရင် မင်းရဲ့ပုံ့သန်းနိုင်တဲ့ မွန်းစတားနဲ့ ပိတ်ဆို့လိုက်။ စက္ကန့်နည်းနည်းလောက် အချိန်ဆွဲ ထားမယ် ဆိုရင်တောင် လုံလောက်ပြီ"

"ကောင်းပြီ.."

လင်းဟွမ်၏ အစီအစဉ်ကို နားထောင်နေစဉ် လီလန်၏ မျက်နှာအမူအရာက လုံး၀ လေးနက်၍ သဘောထား ကွဲလွဲခြင်း မရှိပေ။ မီးဖိုးနစ်ဌက်ကို

သူကိုယ်တိုင် တိုက်ခိုက်ပါက ချက်ချင်း အသတ်ခံရမည်ကို ကောင်းကောင်း သိနေသည်။

လင်းဟွမ်သည် မီးဖီးနစ်ကို အာရုံလွှဲရန် သူ့ကိုယ်သူ စတေးထားသည်။ လီလန်က အနောက်မှ လိုက်ခဲ့လျှင် ဝန်ထုပ်ဝန်ပိုးသာ ဖြစ်နေမည်မှာ သေချာသည်။

ထိုအချိန်၌ လင်းဟွမ်သည် မီးဖီးနစ်ဌက် လွတ်မြောက်ရန် မဖြစ်နိုင်ကြောင်း သေချာနေသဖြင့် ထိုအလုပ်ကို တာဝန်ပေးခဲ့ခြင်းပင်။

ဤကဲ့သို့ အားကောင်းသော မွန်းစတားမျိုးသည် သူ့ကို တိုက်ခိုက်လာပါက တိုက်ခိုက်သူကို ပြင်းပြင်းထန်ထန် တုံ့ပြန်လိမ့်မည်။

ရီရီယွီကမူ လင်းဟွမ်က ဘာကြောင့် ဤကဲ့သို့ အစီအစဉ်မျိုး ချမှတ်လဲဆိုသည်ကို မသိသဖြင့် ဘာမှမပြောပေ။ လင်းဟွမ်ဖြစ်စေ၊ လီလန်ဖြစ်စေ သူမကို အဆင့်လှမ်းနိုင်အောင် အကူအညီပေးရန် ဤနေရာတွင် ရှိနေကြခြင်းပင်။

လီလန်သည် သူမတို့နှင့်အတူ လိုက်လာရန် သဘောတူခဲ့သောကြောင့် ခင်မင် ရင်းနှီးမှုကို

သက်သေ ပြပြီးသား ဖြစ်သည်။ ကူညီနိုင်ခြင်း၊ မကူညီနိုင်ခြင်းကို စိတ်ထဲမထားချေ။ ဝန်ထုပ်ဝန်ပိုး မဖြစ်ခဲ့လျှင်ပင် ကျေးဇူးတင်မိလိမ့်မည်။

သူတို့ နှစ်ယောက်လုံးသည် အစီအစဉ်ကို ဦးနှောက်ထဲ မှတ်ထားလိုက်ပြီး မျှော်လင့်ချက် အရိုးဝိညာဉ်အကြောင်း မမေးခဲ့ကြပေ။

"အဲ့ဒါဆို ငါက ဒီနေရာမှာ ဆင်းလိုက်မယ်။ မင်းတို့နှစ်ယောက်က အခုပဲ ပုန်းနေကြတော့။ ရိရိယွို၊ ငါက မီးဖိုးနစ်ဌက်ကို တိုက်ခိုက်နေတဲ့အချိန် မင်းက စိတ်ရှည်ရှည်ထား၊ မျှော်လင့်ချက်

အရိုးဝိညာဉ်ရဲ့ ချိန်းကြိုးတွေ ချည်နှောင်ပြီးတဲ့ အချိန်ရောက်မှ တိုက်ခိုက်နော် ဒီလိုမှမဟုတ်ရင် ငါတို့ရဲ့အစီအစဉ်တွေ ပျက်စီးသွားလိမ့်မယ်”

လင်းဟွမ်က သတိပေးလိုက်လျှင်

“ကောင်းပြီ”

ရီရီယွီက ခေါင်းညိတ်လိုက်၏။

ထို့နောက် လင်းဟွမ်သည် အလက်ဇန္ဒြား လင်းယုန်ကို ဆင့်ခေါ်ကာ မီးတောင်ရှိရာဘက်သို့ ဦးတည် ပျံသန်းသွားသည်။

ချော်ရည် ပင်လယ်နှင့် နှစ်မီတာအကွာတွင် ဆင်းသက်လိုက်ပြီးနောက် အလက် ဇန္ဒြား လင်းယုန်ကို ပြန်သိမ်းကာ မျှော်လင့်ချက် အရိုးဝိညာဉ်ကို ဆင့်ခေါ်လိုက်သည်။

ရီရီယွီနှင့် လီလန်တို့သည် အလွန် ကြီးမားသော မျှော်လင့်ချက် အရိုးဝိညာဉ်ကြီးကို တွေ့သောအခါ ထိတ်လန့်သွားကြသည်။

လင်းဟွမ်က သူ၏ဆင့်ခေါ် မွန်းစတားဟု ပြောခဲ့သော်လည်း ရီရီယွီနှင့် လီလန်တို့ကမူ အစောပိုင်းက သူတို့သတ်ခဲ့သော မျှော်လင့်ချက်

အရိုးဝိညာဉ်နှင့် တော်တော်လေး ဆင်တူသည်ဟု ထင်နေကြသည်။

“ဒီမျှော်လင့်ချက် အရိုးဝိညာဉ်က စောစောက သတ်ခဲ့တဲ့တစ်ကောင်နဲ့ တူတယ်လို့ မထင်ဘူးလား”

လီလန်က ရီရီယွီကို မေးလိုက်သော်

“အရွယ်အစားတူတဲ့ မွန်းစတား ရုပ်တွေက အတူတူပဲ။ ဒါပေမယ့် ဒါက ထင်ယောင်ထင်မှား ဖြစ်တာလည်း ဖြစ်နိုင်တယ်။ လူအမွှာတွေလိုပေါ့။ သူတို့က အရုပ်တူပြီး အလုံးအထည်ချင်းလည်း

တူနေရင် ဘယ်သူက ဘယ်သူလဲဆိုတာ ခွဲခြားပြောဖို့ ခက်လိမ့်မယ်”

ရီရီယွီက ရှင်းပြသည်။ သူမ စိတ်ထဲတွင် သံသယအချို့ ရှိနေသော်လည်း လင်းဟွမ်၏ လျှို့ဝှက်ချက်များ ပါဝင်နေသောကြောင့် နောက်ထပ် မစူးစမ်း မလေ့လာ ချင်တော့ပေ။

“အရွယ်အစား တူနေလို့ ထင်ယောင်ထင်မှား ဖြစ်တာလား”

လီလန်က မျက်မှောင်ကြုတ်ပြီး စဉ်းစားကာ ထူးဆန်းသည်ဟု ထင်မိသော်လည်း ရီရီယွီ၏ ရှင်းပြချက်ကို လက်ခံလိုက်၏။

လင်းဟွမ်သည် မျှော်လင့်ချက် အရိုးဝိညာဉ်ကို ဆင့်ခေါ်ပြီးနောက်

“ချော်ရည်မှာ ပုန်းနေပြီး မင်းရဲ့အောက်ရာကို အကောင်းဆုံး ဖုံးကွယ်ထား။ မီးဖီးနစ်ငှက် ငါနဲ့ တိုက်ခိုက်နေရင်း တစ်ချိန်ချိန် အာရုံ လွတ်သွားလိမ့်မယ်။ အဲ့ဒီ အခွင့်အရေးယူပြီး သူ့ကို ချိန်းကြိုးနဲ့ ထိန်းချုပ်လိုက်”

"ဟီး ဟီး ဟီး.. မင်းက မီးဖိုးနစ်ဌက်ကို သတ်ဖို့ ပြောနေတာလား။ မင်းကို ကူညီရတာ ဝမ်းသာပါတယ် သခင်.."

မျှော်လင့်ချက် အရိုးဝိညာဉ်သည် သူ၏ သွေးရောင်တောက်ပနေသော ဝတ်ရုံကို လေထဲတွင် တလူလူလွင့်နေပြီး အပြာရောင် တောက်ပလာကာ စိတ်လှုပ်ရှားစွာ ပြောလိုက်သောအခါ

"ဒီကောင်က... သာလွန်မွန်းစတားတွေ အားလုံးမှာ တကယ်ပဲ ကိုယ်ပိုင် လက္ခဏာတွေ၊ စရိုက်တွေ ရှိနေတာလား"

လင်းဟွမ်သည် အစောပိုင်းတုန်းက သူ၏ အယူအဆ မှန်ကန်နေလိမ့်မည်ဟု မမျှော်လင့် ထားခဲ့ပေ။ သို့သော်လည်း မျှော်လင့်ချက် အရိုးဝိညာဉ်သည် မသေခင်က ရှိခဲ့သည့်စရိုက်ကို ထိန်းသိမ်းထားပုံ ရှိသော်လည်း လင်းဟွမ်သည် ၎င်း၏အမှတ်တရ အပြောင်းများကို ဆက်လက် ထိန်းသိမ်းထားနိုင်မလား ဆိုသည်ကို မသေချာပေ။

လင်းဟွမ် မမျှော်လင့်ထားသည့် အခိုက်အတန့်မှာပင် မျှော်လင့်ချက် အရိုးဝိညာဉ်က သူ၏ အော်ရာများကို ရုပ်သိမ်းပြီး ချော်ရည်ထဲ

ခုန်ဆင်းသွားသည်။ မျှော်လင့်ချက် အရိုးဝိညာဉ်တွင် သေခြင်းတရားအတုကို ဖန်တီးနိုင်သည့် စွမ်းရည် ရှိနေသောကြောင့် အော်ရာ သိမ်းခြင်းက လွယ်ကူသော လုပ်ဆောင်မှုတစ်ခု ဖြစ်သည်။ သို့သော်လည်း လင်းဟွမ်ပင် မသိနိုင်အောင် အော်ရာကို ဖုံးကွယ်ထားနိုင်ခြင်းက ကြောက်စရာပင်

ထို့နောက် လင်းဟွမ်သည် မီးတောင်ထိပ်ဝ၌ မတ်တပ်ရပ်ပြီး မီးဖိုးနစ်ဌက်ကို စိတ်ရှည်စွာ စောင့်ဆိုင်းနေခဲ့သည်။

အချိန်တွေ တရွေ့ရွေ့ ကုန်ဆုံးသွားကာ သူတို့ သုံးယောက် စောင့်ဆိုင်း လာခဲ့သည်မှာ နာရီဝက်ခန့် ရှိသွားပြီ။ ညနေ (၆) နာရီ ထိုးခါနီးသောအခါ ကောင်းကင်ကြီး မည်းမှောင်လာသည်။

ရီရီယွီသည် မီးတောင်ထိပ်တွင် ပုန်းအောင်းနေရင်း စိတ်မရှည်တော့ချေ။ မီးဖီးနစ်ငှက် နောက်တစ်ကြိမ် ပြန် မပေါ်လာတော့မည်ကို စိုးရိမ်နေခဲ့သည်။

လီလန်ကမူ စိတ်အေးလာသည်။ မီးဖီးနစ်ငှက်က သန္ဓေနှစ်ကြိမ်ပြောင်း ဓါးသွား မိကျောင်းအား

ဖမ်းထားသည်ကို မြင်လိုက် ကတည်းက ကြောက်လန့်နေခဲ့ခြင်းပင်။

သူတို့ သုံးယောက်ထဲတွင် အတည်ငြိမ်ဆုံးက လင်းဟွမ်ပင်။ မီးဖိုးနစ်ဌက်ကို မတိုက်ခိုက်နိုင်ကြောင်း ကောင်းကောင်း သိနေသည်။

သို့သော်လည်း တိုက်ပွဲတစ်ခုသည် အစွမ်းအစ တစ်ခုတည်း အပေါ်တွင်သာ မူတည်သည် မဟုတ်ပေ။ နည်းစနစ်များ၊ ဗျူဟာများကို မှန်ကန်စွာ အကောင်အထည် ဖော်နေသရွေ့ အနိုင်ယူရန်

ဖြစ်နိုင်သည်။ ထို့အပြင် မသတ်နိုင်လျှင်ပင် ထွက်ပြေးနိုင် လိမ့်မည်ဟု ယုံကြည်နေသည်။

လင်းဟွမ်သည် မီးဖီးနစ်ဌက်ကို မကြောက်ဘဲ ဆန့်ကျင်ဘက် အနေဖြင့် တိုက်ပွဲအတွက် စိတ်လှုပ်ရှားနေ၏။

နောက်ထပ် နာရီဝက် ကြာသွားသည်။ (၆) နာရီခွဲခါနီး၌ လီလန်နှင့် ရီရီယွီတို့သည် မီးဖီးနစ်ဌက် ပြန် မလာနိုင်တော့ကြောင်း တွေးလိုက်မိပြီး

ရီရီယွီက လင်းဟွမ်ကို စွန့်လွှတ်ဖို့ပြောရန် လုပ်လိုက်စဉ် ချော်ရည် မျက်နှာပြင်သည် ပြင်းပြင်းထန်ထန် တုန်ခါလာသည်။

ထို့နောက် မီးဖီးနစ်ငှက်ကြီးသည် သူ့ခန္ဓာကိုယ်ထက် အဆ အနည်းငယ် ပိုကြီးသော ခါးသွားမိကျောင်းကြီး တစ်ကောင်နှင့်အတူ ချော်ရည်မျက်နှာပြင်ပေါ် ပေါ်ထွက်လာသည်။

## အခန်း(၃၀၃) - ပြဿနာရှာသော လင်းဟွမ်။

"ကျီး"

မီးဖိုးနစ်ဌက်သည် ချော်ရည် ပင်လယ်ပြင်မှ ထွက်ပေါ်လာသည့် အချိန်၌ စိတ်လှုပ်ရှားစွာ အော်ဟာစ်လိုက်သည်။ ၎င်းသည် မီးတောင်ထိပ်ဝသို့ ပျံသန်းလာစဉ် ပုရွက်ဆိတ် တစ်ကောင်ကဲ့သို့ သေးငယ်သော လင်းဟွမ်ကို သတိထားလိုက်မိသည်။

လင်းဟွမ်၏ အော်ရာသည် သူ့အား ခြိမ်းခြောက်နိုင်ခြင်း မရှိကြောင်း သိပြီးနောက် စိတ်ထဲတွင် ရှိနေသော ပို၍ အရေးကြီးသည့် အရာများကို ဦးစားပေးကာ လုံးဝ လျစ်လျူရှု လိုက်သည်။

လင်းဟွမ်နှင့် မီတာ (၅၀၀) ပင် မဝေးသော နေရာ၌ ဓါးသွားမိကျောင်းနှင့်အတူ ဆင်းသက် လာ၏။

လင်းဟွမ်သည် လုံးဝ လျစ်လျူရှုခြင်း ခံထားရသည့်အတွက် ဆွံ့အကာ သူသည်

မီးဖိုးနစ်ဌက် မျက်လုံးထဲတွင် ပုရွက်ဆိတ်တစ်ကောင် အရွယ်အစားမျှသာ ဖြစ်သော်လည်း မီးဖိုးနစ်သွေး မျိုးဆက် ပါဝင်သော ငှက်မွန်းစတား အများစုသည် ထူးခြားသော အမြင်အာရုံ ရှိသဖြင့် သူ့ကို သတိထားမိမှာ သေချာသည်။ ခြိမ်းခြောက်မှုတစ်ခု မဟုတ်သောကြောင့် သူ့ကို လျစ်လျူရှုထားခြင်း ဖြစ်နိုင်သည်။

လင်းဟွမ်သည် မီးဖိုးနစ်ဌက်၏ အဆင့်တန်းခွဲခြားသော တုံ့ပြန်မှုကို မြင်ပြီးနောက်

အနေရခက်စွာ ပြုံးလိုက်ပြီး သူ့ကို လျစ်လျူရှုထား လိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ။

မီးတောင်ထိပ်၏ နောက်ကွယ်တွင် ပုန်းကွယ်နေသော ရိုရိုယွိသည် မီးဖိုးနစ်ဌက်ကို မြင်လိုက်သောအခါ စိတ်သက်သာရာ ရသွားသည်။

သို့သော်လည်း မီးဖိုးနစ်ဌက်က လင်းဟွမ်ကို လျစ်လျူရှုထားကြောင်း မြင်လိုက်လျှင် ရယ်ချင်စိတ်ကို မထိန်းနိုင်ခဲ့ချေ

စိတ်သက်သာရာရနေသော လီလန်ကမူ ယခုအခါ၌ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။

လင်းဟွမ်သည် ခါးသွားမိကျောင်း အနီရောင်ပြောင်းသွားအောင် စောင့်ဆိုင်းနေသော မီးဖီးနစ်ငှက်ကို စောင့်ကြည့် နေခဲ့သည်။ မီးဖီးနစ်ငှက်က ခါးသွားမိကျောင်းကို သတ်မည် မဟုတ်ကြောင်း သိနေသလို ခါးသွားမိကျောင်း ကိုယ်ထဲက မီးစွမ်းအင်ကို စုပ်ယူရန် လုပ်နေကြောင်းကိုလည်း သိနေသည်။

ယခုအခါ၌ ခါးသွား မိကျောင်းသည် ဖြည်းဖြည်းချင်း အနီရောင် ပြောင်းလာသဖြင့် လင်းဟွမ်သည် နောက်ထပ် စောင့်ဆိုင်း၍ မရတော့ကြောင်း သိလိုက်သည်။

မီးဖိုးနစ်ဌက်၏ အာရုံကို ဖမ်းစားနိုင်အောင် တစ်ခုခု လုပ်ရမည်။ ထိုသို့ မဟုတ်ပါက ခါးသွားမိကျောင်းနှင့်အတူ နောက်တစ်ကြိမ် ပြန်ပေါ်လာမည့် အချိန်အထိ စောင့်ဆိုင်း နေရလိမ့်မည်။

ထို့နောက် (၁၁) လက်နက်ကို ထုတ်ကာ အမြှောက်ပုံစံ ပြောင်းလဲလိုက်သည်။

လီလန်နှင့် ရီရီယွီသည် လင်းဟွမ် လုပ်ဆောင်နေသမျှကို မြင်နေရသဖြင့် လင်းဟွမ်ကို ကြည့်နေရင်း ဆွံ့အနေသည်။

"သူက ပြဿနာရှာမှ ဖြစ်မှာလား"

လီလန်လည်း အူကြောင်ကြောင် ဖြစ်သွားကာ လင်းဟွမ် ပစ်ခတ်ပြီးပါက ဘာတွေ ဖြစ်ပျက်လာမလဲ ဆိုသည်ကို ခန့်မှန်းနိုင်သည်။

လင်းဟွမ်က မီးဖီးနစ်ဌက်ကို လှမ်းကြည့်နေရင်း ကံကြမ္မာစွမ်းအားကို အမြောက်ထဲ ထည့်လိုက်သည်။ အမြောက်ထဲသို့ ကံကြမ္မာစက်ဝိုင်း တစ်ခု ထည့်သွင်း၍ ပြီးခါနီးတွင် မီးဖီးနစ်ဌက် ခြေသည်းများကြားတွင် ဖမ်းထားသော ဓါးသွား မိကျောင်းကြီးသည် လုံးဝ နီရဲသွားသည်။

"အချိန်ကျပြီ"

ဓါးသွား မိကျောင်း အနီရောင် ပြောင်းသွားသည့်အချိန်၌ အမြောက်ထိပ်ဝသည် ရွှေရောင် အလင်းများ တောက်ပလာပြီး

ရွှေရောင်အလင်းတန်း တစ်ခုကို မီးဖီးနစ်ဌက်ထံ ပစ်လွှတ်လိုက်၏။

ဒိုင်း..

မီးဖီးနစ်ဌက်သည် သတိ မထားမိသောကြောင့် ကျယ်လောင်သော ပေါက်ကွဲသံနှင့်အတူ အပစ်ခံလိုက်ရသည်။ ပုရွက်ဆိတ်တစ်ကောင်က လူတစ်ယောက်ကို တိုက်ခိုက်လိမ့်မည့်ဟု မမျှော်လင့်ထားသကဲ့သို့ပင်။

မီးဖီးနစ်ဌက်သည် အပစ်ခံရသည့်အချိန်၌ ၎င်း၏ဗီဇကြောင့် အတောင်ပံများ ခတ်ကာ ဓါးသွား မိကျောင်းကို မတော်တဆ လွှတ်ပေးလိုက်မိသည်။

ဓါးသွား မိကျောင်းသည် လွတ်မြောက် သွားသည်နှင့် တပြိုင်နက် ချော်ရည်ကန်ထဲ ပြေးဆင်းသွားသည်။

လေထဲတွင် ပျံသန်းနေသော မီးဖီးနစ်ငှက်သည် ၎င်း၏သားကောင် လွတ်မြောက် သွားသည်ကို မြင်လိုက်လျှင် ဒေါသပေါက်ကွဲ သွားပြီး တိုက်ခိုက်မှုသည် ၎င်းကို မထိခိုက်ခဲ့သော်လည်း

မာနကိုတော့ စိန်ခေါ်ခဲ့ချေပြီ။ ထို့အပြင် ထိုတိုက်ခိုက်မှုကြောင့် သားကောင် လွတ်မြောက်သွားသောကြောင့် လင်းဟွမ်ကို လက်စားချေချင်လာသည်။

ကျွီး… ..

ဤ၊တစ်ကြိမ်၌ မီးဖီးနစ်ဌက်သည် ၎င်း၏ အောက်တွင် ရှိနေသော လင်းဟွမ်ကို သတ်ဖြတ်ချင်သော မျက်လုံးများဖြင့် စိုက်ကြည့်ပြီး အော်ဟစ်လိုက်သည်။

လင်းဟွမ်သည် ဒေါသထွက်နေသော မီးဖီးနစ်ဌက်၏ မျက်လုံးကို မြင်လိုက်သော်လည်း ကြောက်ရွံ့ခြင်း မရှိပေ။ ထိုအစား စိတ်လှုပ်ရှား လာပြီးနောက် မီးဖီးနစ်ဌက်ကို အမြှောက်ကြီးဖြင့် နောက်တစ်ကြိမ် ချိန်လိုက်သည်။

မီးဖီးနစ်ဌက်သည် လင်းဟွမ်က ထိုကဲ့သို့ လုပ်ဆောင်သည့်ကို မြင်လျှင် အတောင်ပံများကို ခတ်ပြီး ပြင်းပြင်းထန်ထန် ခါယမ်းလိုက်သည်။ ထောင်ပေါင်းများစွာသော အနီရောင်အမွေးများသည်

မိုးကြိုး ပစ်လိုက်သည့်အလား လင်းဟွမ်ထံ လျှင်မြန်စွာ တိုးဝင်သွားသည်။

အနီရောင်အမွေးများသည် လင်းဟွမ် အနားသို့ ရောက်သောအခါ ရွှေရောင် တောက်ပနေသော မီးတောက်များအဖြစ် ပြောင်းလဲသွားကာ ဒါသည် နေရာကြီးတစ်ခုလုံးကို တိုက်ခိုက်သည့်အခါ အသုံးပြုသော စွမ်းရည်တစ်ခု ဖြစ်သည်။

မီးဖီးနစ်ဌက်သည် လင်းဟွမ်ကို ထွက်ပြေးရန် အခွင့်အရေး မပေးဘဲ သေချာပေါက် သတ်ဖြတ်ချင်နေသည်မှာ ထင်ရှားနေသည်။

လင်းပွှမ်သည် ဥက္ကာပျံကဲ့သို့ ကြွေဆင်းလာသော ရွှေရောင် မီးတောက်များကြားတွင် နစ်မြုပ်သွားသည်။ ထိုအမွှေးများသည် တစ်ခုခုနှင့် ထိမိတိုင်း ကျယ်လောင်သော ပေါက်ကွဲသံကြီးများ ထွက်ပေါ်လာပြီး နေရာတိုင်းတွင် မီးပွားများ၊ ဖုန်မှုန့်များ တလူလူ လွင့်ပျံနေသည်။

ရီရီယွီနှင့် လီလန်တို့လည်း စိတ်ပူလာကြသည်။ ယခုအခါ၌ ဖုန်မှုန့်များ ဖုံးလွှမ်းနေသော မီးတောင်ထိပ်ဝကို လှမ်းကြည့်ပြီး စိုးရိမ်နေကြသည်။

လင်းဟွမ်သည် တစ်ဦးချင်းတိုက်ပွဲ ဖြစ်ခဲ့ပါက ရှောင်တိမ်း နိုင်သေးသည်။ မီးဖီးနစ်ဌက်က စစခြင်း၌ပင် ဤကဲ့သို့ ပြင်းထန်ပြီးလျင်မြန်သော တိုက်ခိုက်မှုကို ထုတ်သုံးလိုက်သဖြင့် လွတ်မြောက်ရန် ခက်ခဲသွားစေသည်။

သူတို့နှစ်ယောက်သည် မီးဖီးနစ်ဌက်က စစချင်း၌ ဤမျှ ပြင်းထန်သော တိုက်ခိုက်မှုမျိုး ပြုလုပ်လိမ့်မည်ဟု မမျှော်လင့်ထားခဲ့ကြပေ။

ဤကဲ့သို့ တိုက်ခိုက်မှုသည် တစ်ဦးချင်း တစ်ယောက်ချင်း တိုက်ခိုက်မှုနှင့် ယှဉ်ပါက

ပိုအားနည်းသော်လည်း မီးဖိုးနစ်ဌက်က အဖြူရောင်မီးလျှံအဆင့် သန္ဓေနှစ်ကြိမ်ပြောင်း ဖီးနစ်အမျိုးအနွယ်ဝင် မွန်းစတား တစ်ကောင် ဖြစ်နေသည်။

တိုက်ခိုက်ရေး အဆင့်တူသော သန္ဓေနှစ်ကြိမ်ပြောင်း မွန်းစတားများကြားတွင် အစာကွင်းဆက်၏ ထိပ်ဆုံး၌ ရပ်တည်နေသော မွန်းစတား တစ်ကောင် ဖြစ်သည်။ ၎င်းအသုံးပြုလိုက်သော ဧရိယာတစ်ခုလုံးပေါ် သက်ရောက်သည့် တိုက်ခိုက်မှုသည် အဆင့်တူ

မွန်းစတားများ၏ အဆုံးစွန်သော စွမ်းရည်နှင့်ပင် နှိုင်းယှဉ်နိုင်သည်။

မီးဖီးနစ်ဌက်သည် လင်းဟွမ် ထွက်ပြေးခြင်းကို တားဆီးချင်သောကြောင့် ဤကဲ့သို့ တိုက်ခိုက်မှုကို အသုံးပြုခဲ့ခြင်းပင်။ လင်းဟွမ်၏ အော်ရာက အစွမ်းထက်ခြင်း မရှိကြောင်း ခံစားနိုင်ပြီး ထိမှန်သွားပါက သေချာပေါက် သေဆုံးသွားလိမ့်မည်ဟု ခန့်မှန်းထားသည်။

သို့သော်လည်း မီးဖီးနစ်ဌက်သည် တိုက်ခိုက်မှု လုပ်ဆောင်ပြီးသည့်နှင့် မထွက်သွားဘဲ စိတ်ရှည်စွာ

စောင့်ဆိုင်းနေခဲ့သည်။ ထိုလူ သေဆုံးမှုကို မမြင်ရမခြင်း စိတ်ကျေနပ်မှု ရလိမ့်မည် မဟုတ်ချေ။

ခါးသွားမိကျောင်းကို ဖမ်းယူရန် တစ်နာရီကျော် ကြိုးစားခဲ့ရပြီး ထိုလူသား၏ နှောင့်ယှက်မှုကြောင့် ထွက်ပြေး လွတ်မြောက်သွားခဲ့သည်။

ရီရီယွီနှင့် လီလန်တို့သည်လည်း ရလဒ်ကို သိချင်စိတ်နှင့် ဖုန်မှုန့်များ ပျောက်ကွယ်သည်အထိ စိတ်ရှည်စွာ စောင့်ဆိုင်းနေကြသော်လည်း အပျက်သဘော ဆောင်သော အတွေးများကြောင့် သူတို့၏ မျက်နှာအခြေအနေမှာ မကောင်းမွန်လှပေ။

မီးဖီးနစ်ဌက်၏ ပြင်းထန်သော တိုက်ခိုက်မှုအောက်တွင် လင်းဟွမ် သေဆုံးသွားနိုင်သည်။

ခဏအကြာ မီးဖီးနစ်ဌက်၏ စိတ်ရှည်မှု ကုန်ခန်းသွားပုံရကာ ဖုန်မှုန့်များကို ရှင်းထုတ်ရန် အတောင်ပံများကို ခတ်လိုက်သည်။

"အာ.."

ဖုန်မှုန့်များ လွင့်စင်သွားချိန်၌ မီးတောင်ထိပ်ဝတွင် အနက်ရောင်အရိပ်တစ်ခုကို

မြင်လိုက်ရကာ ထိခိုက်ခြင်းမရှိသော လင်းဟွမ် ထွက်ပေါ်လာသည်။

"ဒီလို ကြောက်စရာ ကောင်းတဲ့ တိုက်ခိုက်မှုမျိုးမှာ ငါ သေသွားမယ်လို့ တွေးလိုက်မိသား။ ငါ့မှာ ဒီလိုခံစစ်စွမ်းရည် ရှိနေတာ ကံကောင်းသွားတယ်"

လင်းဟွမ်သည် လေထဲက မီးဖီးနစ်ငှက်ကို ကြည့်ပြီး စပ်ဖြဲဖြဲ ဟန်အမူအရာဖြင့် ပြောလိုက်သည်။

သူ၏အကြည့်များက စိန်ခေါ်နေသလိုပင်။

“ဟေ့၊ မင်းမှာရှိတာ အကုန်ထုတ်နော်။ ငါ့ အရည်အချင်းရဲ့ အကန့်အသတ်ကို သိချင်လို့ပါကွာ”

## အခန်း(၃၀၄) - လင်းဟွမ်နှင့် မီးဖီးနစ်ဌက်တို့၏ တိုက်ပွဲ။

မီးဖီးနစ်ဌက်သည် သန္ဓေနှစ်ကြိမ်ပြောင်း မွန်းစတား တစ်ကောင် ဖြစ်ပြီး ယခင်က လူများနှင့်တွေ့ဖူးသောကြောင့် လူသား ဘာသာစကားကို နားလည်ကာ လင်းဟွမ်၏ စိန်ခေါ်လိုက်သော စကားကြောင့် ပို၍ပင် ဒေါသ ပေါက်ကွဲသွားသည်။

၎င်း၏ ပထမဦးဆုံး တိုက်ခိုက်မှုကို ကာကွယ်ရန် အသုံးပြုခဲ့သော အနက်ရောင်ဒိုင်းက ဘာလဲ ဆိုသည်ကို မသိသော်လည်း ကိုယ့်ကိုယ်ကို ကာကွယ်နိုင်ခဲ့သည်မှာ အံ့သြစရာပင်။

သို့သော်လည်း ဤတိုက်ခိုက်မှုသည် ၎င်း၏ အပြင်းထန်ဆုံး တိုက်ခိုက်မှု မဟုတ်သေးပေ။ ဤအနက်ရောင်ဒိုင်းသည် ၎င်း၏ နောက်တစ်ကြိမ် တိုက်ခိုက်မှုကို ကာကွယ်နိုင်လိမ့်မည်ဟု မယုံကြည်ပေ။

ထိုအချိန်၌ လင်းဟွမ်သည် အဆုံးစွန်ထိ တိုက်ခိုက်နိုင်ရန် အမှောင်ထု ဒိုင်းကို မည်သည့်အချိန်ကမျှ မသုံးချင်ခဲ့ပေ။ ဤဟာင်းလင်းပြင် အပျက်အစီးနေရာသို့ ဝင်ရောက်ခဲ့သော ရည်ရွယ်ချက်မှာ လေ့ကျင့်မှုမှတစ်ဆင့် ပိုမို တိုးတက်လာစေရန် ဖြစ်သည်။

မီးဖီးနစ်ငှက်သည် အစွမ်းထက်သော်လည်း သူ့ကို ထွက်ပြေးစေလောက်သည့်အထိ အစွမ်းထက်နေခြင်း မဟုတ်ပေ။

ဆန့်ကျင်ဘက်အနေဖြင့် မီးဖိုးနစ်ဌက်၏ ဖိအားအောက်တွင် သူ့ အကန့်အသတ် ရောက်သည်အထိ တိုးတက် လာလိမ့်မည်ဟု ယုံကြည်နေသည်။ ဒါသည် မီးဖိုးနစ်ဌက်ကို စိန်ခေါ်ရသည့် အကြောင်းအရင်းပင်။

မီးတောင်ထိပ်တွင် ရှိနေသော ရီရီယွီနှင့် လီလန်တို့သည် လင်းဟွမ် ပြောလိုက်သော စကားကို မကြားလိုက်ကြပေ။ ထိုသို့မဟုတ်ပါက အောက်မေးရိုးများ ပြုတ်ကျသည့်အထိ ပါးစပ် အဟောင်းသား ဖြစ်နေကြမည်သာ။

သို့သော်လည်း ယခုအခါတွင် မီးဖီးနစ်ဌက် ဒေါသထွက်နေသည်။ ထိုသို့မဟုတ်ပါက မီးဖီးနစ်ဌက်၏ လှပသော အမြီးကိုးချောင်းသည် အနီရောင် ပြောင်းနေမည် မဟုတ်ပေ။ ဒေါသ အပြည့်အဝ ပေါက်ကွဲသွားသည့် အချိန်မှသာ အမြီးတစ်ခုလုံး အနီရောင်ပြောင်းခြင်းဖြစ်ပြီး ဒါသည် ဒေါသကြောင့် ရှူးသွပ်သွားသည့် လက္ခဏာ တစ်ရပ်ပင်။

လင်းဟွမ်သည် မီးဖီးနစ်ဌက်ကို ကြည့်ရင်း အခြေအနေကို သိလိုက်သည်။

မီးဖိုးနစ်ဌက်သည် ၎င်း၏အမြီး အနီရောင်ပြောင်းလာသည်နှင့်အမျှ အမြီးကို လှုပ်ခါပြီး ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။

မီးတောက်ကြာပွတ် ကိုးခုပေါ်လာပြီး မီတာရာနှင့်ချီဝေးသော လင်းဟွမ်ထံ ချက်ချင်းရောက်သွားသည်။ ထိုကြာပွတ်များသည် လျင်မြန်လွန်းသဖြင့် အသံ၏ အတားအဆီးကိုပင် ချိုးဖျက်ထားသွားပြီး လေထဲ၌ ပေါက်ကွဲသံများ ထွက်ပေါ်နေ၏။

လင်းဟွမ်သည် ထိုအချင်းအရာကို ကြည့်ပြီးနောက် ကာကွယ်နိုင်ခြင်း မရှိကြောင်း သိလိုက်သည်။ အကယ်၍ သူသာ ကြာပွတ်နှင့် တစ်ကြိမ် အရိုက်ခံရလျှင်ပင် အသက်မရှင်နိုင်တော့ချေ။

မသေလျှင်ပင် ဒဏ်ရာ ပြင်းပြင်းထန်ထန် ရသွားပြီး ထိုအချိန်၌ ခွန်အားများ လုံး၀ ဆုံးရှုံးသွားလိမ့်မည်။

လင်းဟွမ်သည် နှစ်ခါပြန် မစဉ်းစားဘဲ တမန်တော်အရှိန်နှင့် တိမ်ခြေလှမ်းကို အသုံးပြုပြီး

ကြာပွတ်များကို ရှောင်တိမ်းလိုက်၏။ သူသည် နယ်မြေအသေး နှင့်အတူ အကန့်အသတ်မဲ့ အမြင်အာရုံကိုပင် အသက်သွင်းလိုက် လိုက်သေးသည်။ လင်းဟွမ်သည် ကြာပွတ်ကိုးချောင်းနှင့်အတူ လည့်ပတ်၍ ကခုန်နေသလို ဖြစ်နေသော်လည်း တစ်ကြိမ်မျှ အရိုက်မခံရပဲ အဝတ်အစားကိုပင် မထိချေ။

မီးတောင်ထိပ်သည် ကြာပွတ်များဖြင့် အရိုက် ခံရသောအခါ ပြတ်ရှရာများ၊ အစင်းရာများ

ပေါ်လာကာ လောင်ကျွမ်းသွားပြီး အနက်ရောင် အမှတ်အသားများ ကျန်ရစ်ခဲ့သည်။

အမှတ်အသား တစ်ခုစီသည် မီတာရာနှင့်ချီ ရှည်လျားပြီး နှစ်မီတာခန့် နက်သည်။ ဒါသည် မီးတောင်ကြာပွတ်ကြောင်း ကျန်ရစ် ခဲ့သော အစင်းရာများပင်။

ကံကောင်းထောင်မစွာဖြင့် သူတို့ တိုက်ခိုက်နေသော ပတ်ဝန်းကျင်ရှိ မြေပြင်က ပိုထူနေသည်။ အကယ်၍ သူတို့သာ အခြားနေရာ၌

တိုက်ခိုက်ခဲ့ပါက မြေပြင်သည် အစကတည်းက ပြိုကျပျက်စီး သွားလိမ့်မည်။

အဝေးမှ လှမ်းကြည့်နေသော ရီရီယွီနှင့် လီလန်တို့သည် စိတ်ပူနေကြပြီး သူတို့လှုပ်ရှားနေသော အရှိန်က မြန်ဆန် လွန်းသောကြောင့် အဖြစ်အပျက်များကို ရိပ်ဖမ်း သံဖမ်း ရိပ်ခနဲ ရိပ်ခနဲသာ မြင်နိုင်ကြသည်။

အကယ်၍ သူတို့သာ ကြာပွတ်ဖြင့် တိုက်ခိုက်ခံရပါက တစ်စက္ကန့်အတွင်းမှာပင် အပိုင်းပိုင်း ပြတ်ပြီးသေရလိမ့်မည်။

အမှန်တကယ်ဆို လင်းဟွမ်သည် အကန့်သတ်မဲ့ အမြင်အာရုံကို အသက် သွင်းခဲ့သော်လည်း ကြာပွတ်ရိုက်ချက်များကို ရိပ်ခနဲသာ မြင်နိုင်ခဲ့သည်။ နယ်မြေထိန်းချုပ်ခြင်း ဆိုင်ရာ အာရုံခံနိုင်စွမ်းကို အသုံးပြု၍ ကြာပွတ်ရိုက်ချက်များကို ရှောင်ရှား နိုင်ခဲ့ခြင်းပင်။

ဒါသည် အာရုံခံစက်ဝိုင်းမှ အဆင့်မြင့် တက်လာသော အာရုံခံစွမ်းရည်တစ်ခု ဖြစ်သည်။ ထိုစွမ်းရည်သည် မီတာတစ်ရာ အချင်းဝက်အတွင်းရှိ မည်သည့်အရာကိုမဆို အာရုံခံနိုင်သည်။ ထို့ကြောင့်

ကြာပွတ်နှင့်မထိခင် မီတာ ၁၀၀ အကွာသို့ ရောက်သည်နှင့် ရှောင်ရှားနေခဲ့သည့်အပြင် တမန်တော်အရှိန်၏ အကူအညီဖြင့် ရိုက်ချက်များကို အလွယ်တကူ ရှောင်ရှားနိုင်ခဲ့သည်။

ရီရီယွီနှင့် လီလန်တို့သည် ကြာပွတ် ရိုက်ချက်များကို အလွယ်တကူ ရှောင်ရှားနေသော လင်းဟွမ်ကိုကြည့်ရင်း တုန်လှုပ်နေကြသည်။

"သူ ဘယ်လို လုပ်နေတာလဲ.."

လီလန်သည် ရွှေအဆင့် ပြည့်ဝအဆင့်တွင် ရှိနေသော်လည်း လင်းဟွမ်က မည်သို့မည်ပုံ လုပ်ဆောင်နေကြောင်း နားမလည်နိုင်ပေ

"ငါလည်း နားမလည်ဘူး။ သူ့ရဲ့ တုံ့ပြန်မှုနဲ့ အရှိန်က သန့်ရှင်းမီးလျှံအဆင့် ရှိနေတဲ့ပုံပဲ။ နောက်ပြီးတော့ ကြာပွတ်ရဲ့ လှုပ်ရှားမှုတွေကို ငါ လုံးဝ မမြင်ရဘူး။ အရိပ်ပဲ တွေ့ရတယ်။ သူကတော့ ကြာပွတ် တိုက်ခိုက်တဲ့ လမ်းကြောင်းကို ရှင်းရှင်းလင်းလင်း မြင်နေရတယ် ဆိုတာ ထင်ရှားတယ်"

ရီရီယွိလည်း မယုံကြည်နိုင် ဖြစ်နေသည်။

"ဒါဆိုရင် ဒဏ္ဍာရီလာ ပါရမီရှင်ပဲ ဖြစ်ရမယ်"

လီလန်က အလန့်တကြား အော်ဟစ်လိုက်လျှင်

"သာမန် ပါရမီရှင်တစ်ယောက်တောင် ဒီလောက် အစွမ်းထက်မှာ မဟုတ်ဘူး။ ငါ့အစ်ကိုက ပါရမီရှင်အဆင့်နဲ့ နီးစပ်တယ်။ သူက ရွှေအဆင့်ပြည့်ဝအဆင့်မှာ သန့်ရှင်း မီးလျှံအဆင့် မွန်းစတားတစ်ကောင်ကို တိုက်ခိုက်နိုင်ပေမယ့် သန့်ရှင်း မီးလျှံအဆင့်မှာ ရှိတဲ့ သန္ဓေပြောင်း မွန်းစတားနဲ့ တိုက်ခိုက်မယ်ဆိုရင်တော့ အခြေအနေ

မကောင်းနိုင်ဘူး။ နောက်ပြီးတော့ ဒီဖီးနစ်ဌက်က သန္ဓေနှစ်ကြိမ်ပြောင်း မွန်းစတား။ အဲ့ဒီမွန်းစတားတွေထဲမှာတောင် ထိပ်ဆုံးက ရှိနေတာ"

"လင်းဟွမ်ကလည်း အခုမှ ရွှေအဆင့် (၃) ပဲ ရှိသေးတယ်။ ရွှေအဆင့် ပြည့်ဝအဆင့်တောင် မရောက်သေးဘူး။ သူက သာလွန်အဆင့် မတက်လှမ်းခင် အရည်အချင်းတွေ မြှင့်တင်ဖို့ နေရာတွေ အများကြီး ကျန်သေးတယ်လေ"

ရီရီယွီသည် ရီကျန်း၏ တိုက်ခိုက်မှုကို မြင်ဖူးသဖြင့် ပါရမီရှင်တစ်ယောက်က မည်မျှ လုပ်နိုင်ကြောင်း သိနေသည်။ အဆင့်တူ မုဆိုးများကြား၌ လင်းဟွမ်၏ စွမ်းဆောင်ရည်သည် ရီကျန်းထက်ပင် ကျော်လွန်နေခဲ့ပြီ။

အမှန်တကယ်ဆို လင်းဟွမ်သည် မီးဖီးနစ်ဌက်ထက် အလုံးစုံ အားနည်းသော်လည်း ယခုလက်ရှိတွင် မီးဖီးနစ်ဌက်၏ တိုက်ခိုက်မှုကို ကာကွယ်ရန် အသုံးပြုနိုင်သော စွမ်းရည်များစွာ

ရှိနေသဖြင့် မီးဖိုးနစ်ဌက်၏ တိုက်ခိုက်မှုက သူ့ကို မထိမှန်ခြင်းပင်။

ရီရီယွိနှင့် လီလန်တို့ မြင်နေရသည်မှာ ထင်ယောင်ထင်မှားသာ ဖြစ်နေခြင်းသာ။ ဒါသည် ထိပ်တိုက် ရင်ဆိုင်ခြင်းနှင့် မတူပေ။ လင်းဟွမ် အစပိုင်းက အသုံးပြုသော မွန်းစတား ကာကွယ်ရေး စွမ်းရည်ကို အသုံးပြုခဲ့သည်။

သူက မီးဖိုးနစ်ဌက်၏ တိုက်ခိုက်မှုကို ရှောင်ရှားသလို မီးဖိုးနစ်ဌက်ကလည်း သူ့ အမြောက်ကြောင့် လုံး၀ မထိခိုက်နိုင်ချေ။

လင်းဟွမ်၏ လက်ရှိစွမ်းရည်နှင့် ထိပ်တိုက် ရင်ဆိုင်ပါက တစ်ချက်တည်းနှင့် သေဆုံးသွားလိမ့်မည်။

သို့သော်လည်း အဝေးမှ ကြည့်နေကြသော ရီရီယွီနှင့် လီလန်တို့က ထိုအကြောင်းကို မသိကြချေ။

ထိုအတောအတွင်း၌ လင်းဟွမ်နှင့် မီးဖီးနစ်ဌက်တို့၏ တိုက်ပွဲသည် ဆက်လက်ဖြစ်ပွားနေခဲ့သည်။

မီးဖီးနစ်ဌက်သည် ၎င်း၏ တိုက်ခိုက်မှု မထိရောက်ကြောင်း သိလိုက်ရလျှင် ထိတ်လန့်သွားသည်။

အစောပိုင်းတုန်းက မီးတောက် ကွင်းပြင်ကို ထိုလူသား ရှောင်ရှား နိုင်ခဲ့ခြင်းသည် ကံကောင်းခြင်းဟု ယူဆနိုင်သော်လည်း ယခု တစ်ကြိမ်တွင်မူ ကံကောင်းခြင်းက သူ့ကို အကူအညီ မပေးနိုင်တော့ပေ။

တစ်စက္ကန့်အတွင်း၌ အရေအတွက်ပေါင်း တစ်ထောင်ကျော် တိုက်ခိုက်ခဲ့သော်လည်း ထိုလူသားကို တစ်ချက်မှ မထိမှန်သေးပေ။

"ကြောက်စရာကောင်းတဲ့ စွမ်းရည်၊ ထူးချွန်လွန်းတဲ့ လှုပ်ရှားမှု စွမ်းရည်၊ သူ့ရဲ့ တိုက်ခိုက်မှု အဆင့်က အားနည်းနေတာပဲ ရှိတယ်။ ဒီလူသားက အလုံးစုံ အားကောင်းတယ်'

မီးဖိုးနစ်ဌက်သည် စိတ်ထဲမှ တွေးလိုက်သော်လည်း အသိအမှတ်ပြုခြင်းကြောင့် လွှတ်ပေးမည်ဟု ဆိုလိုခြင်း မဟုတ်ချေ။

မွန်းစတားများ အတွက်မူ လူသားများက ပို၍ အစွမ်း ထက်လာသည်နှင့်အမျှ သူတို့ကို ပို၍ ခြိမ်းခြောက် လာခြင်းပင်။

သန့်ရှင်း မီးလျှံအဆင့်ကိုပင် မရောက်သေးသော ဤလူသားက ဤကဲ့သို့ လုပ်ဆောင်နိုင်ခဲ့လျှင် နောင်တစ်ချိန် သာလွန်လူသား ဖြစ်လာသောအခါ စိတ်ကူးယဉ်၍ မရတော့ချေ။

အကယ်၍ ယခုတစ်ကြိမ်တွင် ဤလူသားကို မသတ်ဖြတ်နိုင်ခဲ့ပါက ဤလူသား သာလွန်အဆင့်သို့

တက်လှမ်း သွားသောအခါ သူ့ကိုသတ်ဖြတ်ရန် နောက်တစ်ကြိမ် ကျိန်းသေပေါက် ပြန်လာလိမ့်မည်။

မီးဖိုးနစ်ငှက်သည် ဤကဲ့သို့ ရန်စမျိုးကို မမွေးထားချင်ပေ။ ထို့ကြောင့် ၎င်း၏ အပြာရောင် မျက်လုံးထဲတွင် သတ်ဖြတ်ချင်သော စိတ်ဆန္ဒများက ပို၍ ပြင်းထန်လာသည်။

## အခန်း(၁၀၅) - အတိုင်းထက် အလွန်။

မီးတောက်ကြာပွတ် ကိုးခုသည် ကောင်းကင်ကို ဖြတ်သန်း၍ ရိုက်ခတ် နေသောကြောင့် မြေပြင်တစ်ခုလုံးတွင် မီတာရာနှင့်ချီသော ပင့်ကူအိမ် ကဲ့သို့ အက်ကွဲကြောင်းကြီးများ ဖြစ်ပေါ်နေသည်။

မီးဖိုးနစ်၏ အမြီးကြာပွတ်သည် အစွမ်း ထက်လွန်းသောကြောင့် တိုက်ခိုက်မှု တစ်ခုစီတိုင်းတွင် သတ္တုကို ချိုးဖျက်ရန် အင်အား

လုံလောက်နေပြီး မြေပြင်ပေါ်တွင် အပေါက်များ ဖြစ်ပေါ်နေသည်။

သို့သော်လည်း ဤကဲ့သို့ တိုက်ခိုက်မှုမျိုးသည် လင်းဟွမ်ကို ထိခိုက် ဒဏ်ရာရစေရန် မလုပ်နိုင်ခဲ့။ ၎င်း၏ အမြီးကြာပွတ် ရိုက်ချက်များသည် မိနစ်အနည်းငယ် ကြာသည့်တိုင်အောင် အသုံးမဝင်ခဲ့ချေ။

မီးဖိုးနစ်ဌက်သည် သတ်ဖြတ်ချင်စိတ်ဖြင့် အော်ဟစ်လိုက်ကာ ပါးစပ်ကို အကျယ်ကြီး

ဖွင့်လိုက်လျှင် နှုတ်သီးမှ အနီရောင်မီးလျှံများ ထွက်ပေါ်လာသည်။

မီတာရာနှင့်ချီ ကွာဝေးသော နေရာတွင် ရှိနေသည့် လင်းဟွမ်သည် ၎င်း၏နှုတ်သီးအတွင်း၌ စွမ်းအင် ကြီးကြီးမားမား ပြောင်းလဲလာကြောင်း ရှင်းရှင်းလင်းလင်း သိလိုက်၏။

လင်းဟွမ်သည် မီးဖီးနစ်ငှက်၏ အကြောင်းကို ကောင်းကောင်း နားလည်နေသောကြောင့် ထိတ်လန့်သွားပြီးနောက် သေချာသည်မှာ သူ မြင်လိုက်သည်နှင့် မီးဖီးနစ်၏ မည်ကဲ့သို့

တိုက်ခိုက်မှုမျိုးနှင့် ကြုံရမလဲ ဆိုသည်ကို သိနေသည်။

မီးဖီးနစ်ဌက်၏ နှုတ်သီးထိပ်တွင် စွမ်းအင်အလုံးတစ်ခု ဖြစ်တည်လာပြီး အထွတ်အထိပ်သို့ ရောက်ရှိသွားကာ မီးတောက်၏ ထိပ်ဖျားသည် ကတော့ချွန် ပုံစံ ပြောင်းလဲလာကာ လျှပ်စစ်လွန်ကြီးကဲ့သို့ လည်ပတ်၍ လင်းဟွမ်ထံ တိုးဝင်လာသည်။

ဒါသည် မီးဖီးနစ်ဌက် ပိုင်ဆိုင်သော အပြင်းထန်ဆုံး တိုက်ခိုက်မှုစွမ်းရည် ဖြစ်သည့် နဂါးမီးတောက် ဝိညာဉ်လွှန်သွားပင်။

လင်းဟွမ်၏ လှုပ်ရှားမှုကို အမြီးကြာပွတ်ဖြင့် ထိန်းချုပ်၍ ကန့်သတ်ထားသေည်လည်း ယခုမူ ထိုစွမ်းရည်ကို ထပ်မံပေါင်းစပ်၍ လင်းဟွမ်ကို သတ်ပစ်ရန် ကြိုးစားလိုက်၏။

မီးဖီးနစ်ဌက်သည် ၎င်း၏ အမြီးကြာပွတ်က လင်းဟွမ်ကို အန္တရာယ်မပြုနိုင်ကြောင်း သဘော ပေါက်လိုက်သဖြင့် ထိုကဲ့သို့ ပေါင်းစပ်စွမ်းရည်ကို

အသုံးပြုရန် ကြိုးစားလာခြင်းပင်။ ထို့ကြောင့် လင်းဟွမ်၏ လှုပ်ရှားမှုကို အမြီးကြာပွတ်ဖြင့် ကန့်သတ်လိုက်ပြီး လင်းဟွမ် ရှောင်ရန်နေရာ မရှိတော့သည့်အချိန်၌ တစ်ချက်တည်းဖြင့် သတ်ဖြတ်ရန် ကြံစည်နေသည်။

လင်းဟွမ်သည် သူ့အနီးနားရှိ နေရာလွတ်များ ကျုံ့သွားသည်ကို သတိပြုလိုက်မိပြီးနောက် မီးဖီးနစ်ဌက်က နဂါးမီးတောက် ဝိညာဉ်လွန်သွားကို ထုတ်လွှတ်ရန် စွမ်းအင် စုဆောင်းနေကြောင်း

တွေ့လိုက်လျှင် မီးဖိုးနစ်ဌက်၏ ရည်ရွယ်ချက်ကို ချက်ချင်း နားလည်သွားသည်။

"သန္တေနှစ်ကြိမ်ပြောင်း မွန်းစတားတစ်ကောင်ကို ဘယ်တော့မှ လျှော့မတွက်နဲ့။"

လင်းဟွမ်က မျက်မှောင်ကြုတ်လိုက်သည်။ အကယ်၍ ဒါကို တားမြစ်စွမ်းရည်ဟု မယူဆပါက ဒါသည် မီးဖိုးနစ် ပိုင်ဆိုင်သော အစွမ်းထက်ဆုံး စွမ်းရည်တစ်ခု ဖြစ်ကြောင်း ရှင်းရှင်းလင်းလင်း သိထားသည်။

သူ၏ အမှောင်ထုဒိုင်းက မည်မျှ တောင့်ခံနိုင်မလဲ ဆိုသည်ကို သူလည်း မသေချာတော့ပေ။

"ငါ့ကို နေရာကျဉ်းကျပ်အောင်လုပ်လို့ ဘာအသုံး ဝင်မှာလဲ။"

လင်းဟွမ်က ခနဲ့တဲ့တဲ့ ပြုံးလိုက်သည်။

နဂါးမီးတောက် ဝိညာဉ် လွန်သွားကြီး ပစ်လွှတ် လိုက်သည်နှင့် တပြိုင်နက် လင်းဟွမ်သည် တိမ်ခြေလှမ်းကို အသုံးပြုနေရာမှ မိုးကြိုးခြေလှမ်းသို့ ရုတ်တရက် ပြောင်းလဲလိုက်သည်။ ထို့နောက် မိုးကြိုးခြေလှမ်းကို အသုံးပြု လိုက်သလို

တမန်တော်အရှိန်ကိုလည်း အမြင့်ဆုံး အခြေအနေအထိ အသက်သွင်းလိုက်ပြီး ရှေ့တစ်လှမ်းတိုး၍ ကြာပွတ်အမြီးကိုးခုကို ရှောင်တိမ်းလိုက်သည်။

"ဘုန်း..."

နောက်ထပ်အခိုက်အတန့်တွင် ကျယ်လောင်သော ပေါက်ကွဲသံကြီးတစ်ခု ကြားလိုက်ရပြီး မီးတောင်များ ချက်ချင်း ပြိုကျသွားသည်။

နဂါးမီးတောက် ဝိညာဉ်လွှန်သွားသည် ကြီးမားသော မီးတောင်ကြီးကို ထိုးဖောက်

သွားရုံသာမက မြေပြင်ပေါ်တွင် တစ်ကီလိုမီတာကျော် နက်ရှိုင်းသော ဧရာမလျှိုကြီးတစ်ခုကိုလည်း ဖြစ်ပေါ်လာစေသည်။ ဤကဲ့သို့ကြောက်မက်ဖွယ်ရာ မြင်ကွင်းကို မြင်လိုက်လျှင်လူတိုင်း ထိတ်လန့်သွားကြ၏။

မီးတောင်ထိပ်တွင် ပုန်းခိုနေသော ရီရီယွီနှင့်လီလန်တို့သည် ထိုကဲ့သို့ တိုက်ခိုက်မှုမျိုးကို ခံရပါကခန္ဓာကိုယ် အကြွင်းအကျန်ပင် ကျန်ခဲ့မည်မဟုတ်ကြောင်း တွေးလိုက်မိသဖြင့် ထိတ်လန့်သွားကြသည်။

"မင်းရဲ့ ဖျက်စီးနိုင်စွမ်းက တော်တော်လေး ကောင်းပါတယ် ဒါပေမဲ့ မင်းက နည်းနည်းလေး နွေးသေးတယ်"

လင်းဟွမ်သည် မီးတောင်နှင့် ကီလိုမီတာ ရာနှင့်ချီဝေးသော နေရာတွင် ရပ်နေပြီး တည်ငြိမ်သောပုံစံဖြင့် မီးဖီးနစ်ငှက်ကို လှမ်းအော် လိုက်သောအခါ

"စောက်ခွက် လာပြောင်တာလား"

မီးဖီးနစ်ငှက်က ဒေါသတကြီး အော်ဟစ် လိုက်သည်။ အများအားဖြင့် လူစကား ပြောချင်စိတ်

မရှိသော်လည်း လင်းဟွမ် ရန်စလွန်းသဖြင့် အရက်သမား တစ်ယောက်ကဲ့သို့ ပြန်အော်လိုက်သည်။

"ဟေး၊ မင်း စကားမပြောခင် လျှာကို တည့်တည့်လေး ထားပြီး ပြောလို့မရဘူးလား။ ဗျည်းတွေ၊ သရတွေကိုတောင် ခွဲခြားလို့ မရဘူး ဖြစ်နေပြီ။ ကြည့်ရတာတော့ မင်းကို ဆုံးမပေးဖို့ လိုနေပြီ ထင်တယ်။"

လင်းဟွမ်၏ မျက်နှာပေါ်တွင် လှောင်ပြောင်မှုများ ပြည့်နှက်နေကာ

"အိုး နောက်တစ်ခုလောက် ထပ်ပြောရအုံးမယ်။ ပင်လယ်ကမ်းခြေမှာ မင်းကို အရေခွံလေးချွတ်ပြီး ရောင်းရမယ်။ သေချာပေါက် ရောင်းကောင်းမှာပဲ"

"ခွေးမသား"

မီးဖိုးနစ်ဌက်၏ ဒေါသသည် ကန့်သတ်ချက်ကို ကျော်လွန်သွားပြီးနောက် ပါးစပ်ကြီး ဟကာ မီးတောက်များကို အရူးအမူး မှုတ်ထုတ်လိုက်သည်။

လေထုကို အနီရောင် မီးတောက်များ ဖုံးလွှမ်းသွားပြီး ပို၍ပင် ပူပြင်းလာသည်။ ခဏအကြာ မီးတောက်များသည် ကောင်းကင်ယံသို့ လျှံကျလာပြီး

တောင်ကုန်း တစ်ဝက်ခန့်ရှိ နေရာများကိုပင် ဖုံးလွှမ်းသွား၏။

အကန့်အသတ်မဲ့ မီးတောက်သည် အဝေးရောက် တိုက်ခိုက်မှု အမျိုးအစား တစ်ခုပင်။ ယခင်က အသုံးပြုခဲ့သော မီးတောက်ကွင်းပြင်နှင့် နှိုင်းယှဉ်ပါက ယခု တစ်ခေါက်သည် ပိုမိုကြီးမားသော နေရာကို ဖုံးအုပ်နိုင်ပြီး လင်းပွှမ်အတွက် လွတ်မြောက်ရန် နေရာမရှိပေ။

"မင်းက တိုက်ခိုက်တာကလွဲလို့ တခြားဘာမှ မလုပ်တတ်ဘူးလား"

လင်းပွှမ်သည် အမှောင်ထုဒိုင်းကို အသက်ပြန်သွင်းပြီး ဘောလုံးပုံစံ ပြောင်းလဲကာ ခန္ဓာကိုယ်ကို လုံခြုံအောင် ဖုံးအုပ်လိုက်သည်။

လင်းပွှမ်က အမှောင်ထုဒိုင်းကို အသက်သွင်းပြီးသည့် အချိန်၌ နေရာတစ်ခုလုံးကို မီးတောက်များ ဖုံးလွှမ်းသွားသော်လည်း ပူလောင်ပြင်းထန်သော အနီရောင် မီးတောက်များသည် အမှောင်ထုဒိုင်းနှင့် ဖုံးအုပ်ထားသော လင်းပွှမ်ထံ ရောက်ရှိနိုင်ခြင်း

မရှိခဲ့ပေ။ မီးတောက်၏ အပူသည်ပင် အမှောင်ထုဒိုင်းကို ဖြတ်ကျော်နိုင်ခြင်း မရှိခဲ့ချေ။

အမှောင်ထုဒိုင်း၏ အပြင်ဘက်တွင် သီးခြားအလွှာ တစ်ခုကဲ့သို့ မဲမှောင်နေသော ကန့်လန့်ကာ တစ်ခုခြားနေသည်။ အမှောင်ထုဒိုင်း အတွင်းဘက်၌ ဘာတွေ ဖြစ်ပျက်နေလဲ ဆိုသည်ကို မည်သူမှ မမြင်နိုင်ပေ။ သို့သော်လည်း လင်းပွမ်ကမူ မှန်ကဲ့သို့ ထွင်းဖောက်ပြီး မြင်နေရသည်။

လင်းဟွမ်သည် ဖန်အလွှာဖြင့် ခြားထားသော အပြင်ဘက်ရှိ မီးတောက်ပင်လယ်ကြီးကို ကြည့်ကာ စိတ်သက်သာရာ ရသွားသည်။

အမှောင်ထုဒိုင်း၏ ကာကွယ်ရေးသည် မည်မျှ အတိုင်းအတာအထိ တောင့်ခံနိုင်မည် ဆိုသည်ကို သူမသိပေ။ ပြိုင်ဘက်၏ တိုက်ခိုက်ရေးအစွမ်းသည် အသုံးပြုသူထက် ဆယ်ဆ မပိုသရွေ့ ဒိုင်းသည် ကွဲမည်မဟုတ်ကြောင်း ဖော်ပြ ထားသည်။ အမှန်တကယ်ဆို ဒါသည် အကြမ်းဖျဉ်း

ခန့်မှန်းချက်မျှသာ ဖြစ်ပြီး တိတိကျကျ စံနှုန်း မရှိချေ။

အကယ်၍ လင်းဟွမ်သာ သူ၏ကံကြမ္မာစက်ဝိုင်း ငါးခုထဲတွင် ရှိနေသော ကံကြမ္မာစွမ်းအား အားလုံးကို ထုတ်ယူပြီး ကမ္ဘာသန့်စင်ခြင်း ဓါးအကွက်ကို သုံးစွဲလိုက်မည် ဆိုပါက အဖြူရောင် မီးလျှံအဆင့် မွန်းစတားများ အားလုံးကို စက္ကန့်ပိုင်းလေးအတွင်း သတ်ပစ်နိုင်သည့် ကြောက်စရာကောင်းသော စွမ်းအားကို ထုတ်လွှင့်နိုင်သည်။ ထိုထက် ဆယ်ဆ ပိုမို ပြင်းထန်သော တိုက်ခိုက်ရေး အစွမ်း

အကြောင်းကို စဉ်းစားကြည့်ရုံဖြင့် အရိုးပင် အေးစိမ့်သွားသည်။

သို့သော်လည်း လင်းဟွမ်သည် ရန်သူရှေ့တွင် ရှိနေသောကြောင့် သူ၏ ခုခံစွမ်းအား ကန့်သတ်ချက်များကို ရှုးမိုက်စွာ စမ်းသပ်မည် မဟုတ်ပေ။ ထို့ကြောင့် သူသည် မီးဖီးနစ်ငှက်၏ ကနဦး တိုက်ခိုက်မှုများကို ရှောင်ရှားနေခဲ့ပြီး အဝေးတိုက်ခိုက်ခြင်းကို စတင် တိုက်ခိုက်သည့်နောက် လင်းဟွမ်က

အမှောင်ထုဒိုင်းဖြင့် ကိုယ့်ကိုယ်ကို ကာကွယ်လိုက်ခြင်းပင်။

နီရဲနေသော မီးတောက်များကို အလွှာတစ်ခုက ခွဲခြားပေးထားသဖြင့် လင်းဟွမ်အတွက် တော်တော်လေး လုံခြုံနေသည်။ ခေါင်းကို မော့ကြည့်လိုက်ရာ မီးဖီးနစ်ငှက်က နောက်ထပ် စွမ်းရည်များ အသုံးပြုရန် ပြင်ဆင်နေသည်ကို တွေ့လိုက်ရကာ လင်းဟွမ်၏ မျက်လုံး သူငယ်အိမ်များသည် ချက်ချင်း လှုပ်ခါသွားပြီး မျက်နှာမှာ ညှိုးကျသွားသည်။

လေထဲ၌ အပြာရောင်မျက်လုံးက ဒေါသကြောင့် တောက်ပလာပြီး ပါးစပ်မှ မီးတောက်များ ထွက်ပေါ်လာသည်။

မီးဖိုးနစ်ငှက်၏ ဦးခေါင်းပေါ်တွင် ရွှေရောင် အလင်းတန်းတစ်ခု ထွက်ပေါ်လာပြီး ၎င်း၏ ကိုယ်ထည်ရှေ့တွင် လွင့်မျောနေသည်။ ဒါသည် ရွှေရောင်မီးလျှံ တစ်ခုနှင့်ဆင်တူပြီး မမြင်နိုင်သော စွမ်းအားက ဖုံးအုပ်ထားသည်။

“တောက် ဒါ တားမြစ်စွမ်းရည်ပဲ”

လင်းဟွမ်သည် စိုးရိမ်စိတ်ဖြင့် တံတွေးတစ်ချက် မျိုချလိုက်ပြီး မီးစွမ်းရည်က ဘာလဲဆိုသည်ကို ရှင်းရှင်းလင်းလင်း သိနေသည်။

ထိုရွှေမီးလျှံသည် မီးဖီးနစ်၏ မွေးရာပါ ဇာတိမီးလျှံ ဖြစ်သည်။

သာမန် အခြေအနေဆိုလျှင် မီးဖီးနစ်ဌက်သည် ထိုမီးလျှံကို ထုတ်လုပ်ရန် နှစ်ပေါင်း ရာနှင့်ချီ၍ အချိန်ယူရသောကြောင့် ဤစွမ်းရည်ကို အသုံးပြုရန် မဖြစ်နိုင်ပေ။

အများအားဖြင့် ထိုမီးလျှံသည် မီးဖီးနက်ဌက်၏ ဗိုက်ထဲတွင်ရှိနေပြီး အများစုမှာ ထိုမီးလျှံကို တစ်ဝက်တစ်ပျက်သာ အသက်သွင်းထားသည်။

ထိုမီးလျှံသည် ၎င်း၏ ကိုယ်ထဲမှ ထွက်လာပြီးနောက် ချိတ်ဖွင့်လိုက်သည်နှင့် ပတ်ဝန်းကျင်ရှိ အပူစွမ်းအင်ကို လျင်မြန်စွာ စုပ်ယူနိုင်ပြီး အလွန် အလွန်ကြီးမားသော ပေါက်ကွဲစွမ်းအားရှိသည့် မီးလုံး တစ်ခု ဖန်တီးနိုင်သည်။ အပူစုပ်ယူမှု ပမာဏ များလေလေ

မီးလုံးထဲတွင် စွမ်းအင်ပါဝင်မှု မြင့်မားလေလေ ဖြစ်သည်။

အကယ်၍ လုံလောက်သော အပူစွမ်းအားကို စုပ်ယူမိပါက အမြင့်ဆုံး စွမ်းအားအထိ ချဲ့ထွင်နိုင်ပြီး ထိုမီးပွားလေးသည် စတုရန်းကီလိုမီတာ တစ်သောင်းကျော်သော နေရာများကိုပင် ဖျက်စီးနိုင်ပြီး ကမ္ဘာပေါ်ရှိ အဏုမြူဗုံးနှင့် ဆင်တူသည်။

"ငါတော့ ပြီးသွားပြီ..."

လင်းဟွမ်သည် ထိုသို့သော တိုက်ခိုက်မှုကို မကာကွယ် နိုင်တော့ကြောင်း အတည်ပြုပြီးသည်နှင့် နောက်ကျောမှ ချွေးစေးများ စိမ့်ထွက်လာ၏။

## အခန်း(၃၀၆) - သွေးဝတ်ရုံ၏ ရည်မှန်းချက်။

သန္ဓေနှစ်ကြိမ်ပြောင်း မွန်းစတားများထဲတွင် အနည်းငယ်မျှသာ တားမြစ်စွမ်းရည်ကို ပိုင်ဆိုင်ကြသည်။ ထိုသို့သော စွမ်းရည်များသည် သာမန်အခြေအနေတွင် အသုံးပြုရန် ခက်ခဲပြီး အများအားဖြင့် သုံးစွဲသူ အပေါ်၌ ဘေးထွက်ဆိုးကျိုးများ ကျန်ခဲ့သောကြောင့် ထိုစွမ်းရည်များသည် အခြားသောစွမ်းရည်များနှင့် ကွာခြားသည်။

မီးဖိုးနစ်ငှက်၏ မီးလျှံ စွမ်းရည်သည် နှစ်တစ်ရာကျော် ကြာအောင် စုဆောင်းထားပြီးနောက် တစ်ကြိမ်သာ အသုံးပြုနိုင်သည်။ ၎င်းတွင် ကြီးမားသော စွမ်းအားရှိသော်လည်း ပတ်ဝန်းကျင်ဆိုင်ရာ အကြောင်းအရာများကြောင့် အသုံးပြုရန် သိသာသော ကန့်သတ်ချက်များ ရှိနေသည်။

အကြောင်းမှု စွမ်းအင်ထုတ်လုပ်ရန် ပြင်ပအပူစွမ်းအင် စုပ်ယူမှုအပေါ် မှီခိုနေရသောကြောင့်

ဖြစ်သည်။ အပူစွမ်းအင် လုံလောက်စွာ ရရှိသည့် နေရာများတွင် ပိုမို အားကောင်း လာလိမ့်မည်။

ဆန့်ကျင်ဘက်အားဖြင့် အပူချိန် အလွန်နိမ့်သော နေရာများတွင် တိုက်ခိုက်ပါက သာမန် စွမ်းရည်ထက်ပင် ဆိုးဝါးနိုင်သေးပြီး ပြိုင်ဘက်ကို မည်သည့်အရာမှ ပြုလုပ်နိုင်မည် မဟုတ်ပေ။

သို့သော်လည်း ယခုလက်ရှိ မီးဖီးနစ်ဌက် မီးလျှံထုတ်လွှတ်သည့် နေရာ အနီးတစ်ဝိုက်တွင် ချော်ရည်အိုင်နှင့် မီးတောင်များ ရာနှင့်ချီ ရှိနေပြီး မီးလျှံကို အမြင့်ဆုံး အခြေအနေထိ

ရောက်အောင် လုပ်ဆောင်ပေးရန် အပူစွမ်းအင် လုံလောက် နေသည် ။ ထိုတိုက်ခိုက်မှုသည် ဇရိယာစတုရန်းကီလိုမီတာ တစ်သောင်းကျော်အထိ လွှမ်းခြုံနိုင်သည်။

မီးတောင်ထိပ်တွင် ရှိနေသော လင်းဟွမ်၊ ရီရီယွီနှင့် လီလန်တို့အပြင် အခြားသူများလည်း လွတ်မြောက်နိုင်မည် မဟုတ်ပေ။

ရီရီယွီသည် မွန်းစတား လမ်းညွှန်ကို မဖတ်သော်လည်း မီးဖီးနစ်ငှက်၏ တားမြစ်

စွမ်းရည်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်ကို သိနေသည်။

မီးဖီးနစ်ငှက်သည် သူမ၏ ပစ်မှတ်ဖြစ်သောကြောင့် အစောပိုင်းက ၎င်းနှင့်ပတ်သက်သော အကြောင်းအရာများကို လေ့လာခဲ့သဖြင့် မီးဖီးနစ်ငှက်နှင့် ပတ်သက်သည့် အရာအားလုံးကို သိရှိနေခဲ့ခြင်းပင်။

ထိုမီးလျှံ ထုတ်လွှတ်လိုက်သည်ကို မြင်လိုက်လျှင် သူတို့အားလုံးသည် တခဏလေးအတွင်း စိတ်လွတ်သွားကြသည်။

" တားမြစ်မီးလျှံ စွမ်းရည်လား။ ဒါက ဘယ်လို ဖြစ်နိုင်မှာလဲ။ မှတ်တမ်းတွေအရ မီးဖီးနစ်ငှက်က သူ့ရဲ့ တားမြစ်စွမ်းရည်ကို အလွယ်တကူ ထုတ်မသုံးဘူးလေ"

ရီရီယွီက အံ့အားသင့်သွားပြီး

"အကွာအဝေးက နီးလွန်းတယ်။ ထွက်ပြေး လွတ်မြောက်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ မီးလျှံကို ချိတ်ဖြည်ဖို့ကလည်း ဆယ်စက္ကန့်အတွင်းမှာ အမြင့်ဆုံး အခြေအနေအထိ မြင့်တက်လာလိမ့်မယ်။ အဲဒီနောက် စတုရန်း ကီလိုမီတာ

တစ်သောင်းကျော်ရှိတဲ့ နေရာတစ်ခုလုံး လွှမ်းခြုံသွားလိမ့်မယ်။ ”

လီလန်သည် ကူကယ်ရာမဲ့စွာ ခေါင်းရမ်းရင်း

“ဒီနေရာမှာ သေရလိမ့်မယ်လို့ ဘယ်တုန်းကမှ မတွေးထားခဲ့မိဘူး”

ထိုအချိန်တွင် လင်းဟွမ်သည် မီးတောက်များဖြင့် ဝန်းရံခြင်း ခံထားရသော်လည်း မီးဖိုးနစ်ငှက်၏ လှုပ်ရှားမှုကို အမှောင်ထုဒိုင်းထဲမှတဆင့် မြင်နေရသေးသည်။

ပိုးစုန်းကြူးကဲ့သို့ သေးငယ်သော ရွှေရောင် အလင်းတန်းသည် အရေးမပါပုံ ရသော်လည်း ထိုအရာကို မြင်လိုက်သည့် အခိုက်အတန့်၌ လင်းဟွမ် မျက်နှာပျက်သွားကာ

"ငါ ပြောတာထက် စောသွားပြီ"

လင်းဟွမ်သည် ခဏမျှ ထိတ်လန့်သွားပြီးနောက် မျှော်လင့်ချက် အရိုးဝိညာဉ်နှင့် စိတ်ချင်း ဆက်သွယ်လိုက်ပြီး

"ငါ့ကို တွေ့သွားလား မတွေ့သွားလားဆိုတာ ဂရုမစိုက်ဘူး။ အခု ချက်ခြင်း လှုပ်ရှားတော့" လင်းဟွမ်က ချက်ချင်း ညွှန်ကြားလိုက်လျှင်

အစပိုင်းတွင် ဖီးနစ်မီး၌က် သတိမပြုမိသည့် အချိန်မှသာလျှင် မျှော်လင့်ချက် အရိုးဝိညာဉ်ကို တိုက်ခိုက် စေချင်ခဲ့သော်လည်း ယခု အခြေအနေက စောင့်ဆိုင်းရန် အခွင့်အရေး မပေးတော့ပေ။

မီးဖီးနစ်၌က်သည် လေထဲသို့ ခြေသည်းများ ဆန့်ထုတ်ကာ မီးလျှံကို ဆုပ်ကိုင်ရင်း

ချိတ်ပိတ်ထားသော အလွှာကို ဆုတ်ဖြဲ ပစ်လိုက်သည်။

ထိုစဉ် မရေမတွက်နိုင်သော ဖိနှိပ်ခြင်း ချိန်းကြိုးများသည် ချော်ရည်ထဲမှ ထွက်ပေါ်လာပြီး မီးဖိုးနစ်ဌက် ရှိနေသော ကောင်းကင်ယံသို့ ပျံတက်သွားသည်။

ဖိနှိပ်ခြင်း ချိန်းကြိုးများသည် မီးဖိုးနစ်ဌက် ရှိနေသောနေရာသို့ လျှင်မြန်သော အမြန်နှုန်းဖြင့် ရောက်ရှိလာ၏။

သို့သော် မီးဖိုးနစ်ဌက်သည် တစ်ခုခု မှားနေကြောင်း ခံစားလိုက်ရကာ ၎င်း၏ အတောင်ပံများကို ချက်ချင်းခတ်ပြီး မီတာ ရာနှင့်ချီမြင့်သော နေရာသို့ အရှိန်အဟုန်ဖြင့် ရွေ့သွားကာ ဖိနှိပ်ခြင်း ချိန်းကြိုးများ၏ ခြံနိုင် တိုက်ခိုက်ခြင်းကို ရှောင်ရှား နိုင်ခဲ့ချိန်တွင်

"သွားပြီ"

လင်းဟွမ်၏နှလုံးသည် ချက်ချင်း နစ်မြုပ် သွားသည်။

မီးတောင်ထိပ်တွင် ရှိနေသော ရီရီယွီနှင့် လီလန်တို့သည် ဖိနှိပ်ခြင်း ချိန်းကြိုးကို မြင်လိုက်လိုက်လျှင် မျှော်လင့်ချက်ရှိပြီဟု တွေးလိုက်မိကြသော်လည်း မီးဖိုးနစ်ဌက်က ထိုတိုက်ခိုက်မှုကို ရှောင်ရှားလိုက်သည့် အခိုက်အတန့်၌ သူတို့၏ အပြုံးများသည် ချက်ချင်း တောင့်တင်းသွားသည်။

"ငါတို့တော့ အဆုံးသတ်ပြီ"

လီလန်သည် တိုက်ပွဲရလဒ်ကို မကြည့်ဝံ့တော့ဘဲ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်၏။

ထိုစဉ် ချိန်းကြိုးတစ်ခုက အရိပ်အယောင် မပြဘဲ ရုတ်တရုတ် ပေါ်လာပြီး မီးလျှံကို ဖမ်းယူပြီး လျှပ်စီးကဲ့သို့ လျှင်မြန်သောအရှိန်ဖြင့် ချော်ရည်ထဲ ဆွဲခေါ်သွားသည်။

မီးဖိုးနစ်ဌက်ပင် ရုတ်တရက် ဖြစ်ပျက်သွားသဖြင့် တုံ့ပြန်နိုင်ခြင်း မရှိဘဲ မီးလျှံအား လုယူသွားသည်ကို ကြည့်ရုံသာ ကြည့်နေနိုင်ခဲ့သည်။

“ဟီးဟီး…”

ကောက်ကျစ်စွာ ရယ်မောလိုက်သော အသံကြီးတစ်ခု ထွက်ပေါ်လာပြီး ကြီးမားသော

လက်တစ်ဖက်က ချော်ရည်ထဲမှ ဖြည်းဖြည်းခြင်း ထွက်ပေါ်လာကာ

"ငတုံးဌက်၊ မင်းရဲ့လက်ဆောင်အတွက် ကျေးဇူးတင်ပါတယ်"

မျှော်လင့်ချက် အရိုးဝိညာဉ်က မီးဖိုးနစ်ဌက်ကို စာနာသနားခြင်း မရှိဘဲ စနောက်လိုက်လျှင်

"မင်းဖင်ကို မင်းဘာသာမင်း ကျေးဇူးသွားတင်"

မီးဖိုးနစ်ဌက်က အော်ဟစ်ပြီး အတောင်ပံများ ခတ်ကာ လင်းဟွမ်နှင့် မျှော်လင့်ချက် အရိုးဝိညာဉ် တို့ကို တိုက်ခိုက်လိုက်သော်လည်း

"ဟဲဟဲ၊ အခု ငါ့ဆီက ပြန်လုဖို့ နောက်ကျသွားပြီ"

မျှော်လင့်ချက် အရိုးဝိညာဉ်က လှောင်ပြောင်နေသော အပြုံးဖြင့် ပြောလိုက်ပြီးနောက် တွေဝေချင်း မရှိဘဲ သူ၏ မျက်လုံးပြာအတွင်းသို့ မီးလျှံကို တစ်ဝက်စီခွဲ၍ ထည့်လိုက်သည်။

နောက်အခိုက်အတန့်တွင် ရှောင်ဖိန်ထံမှ အကြောင်းကြားချက်တစ်ခု ဝင်လာသည်။

"မော်ကွန်းအဆင့် မွန်းစတားကတ် - မျှော်လင့်ချက် အရိုးဝိညာဉ်က စွမ်းရည်အသစ် မီးလျှံကို ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်"

လင်းဟွမ်သည် ထိုအကြောင်းကြားချက်ကို ကြားလိုက်လျှင် ကြောင်သွားသည်။ ဤကဲ့သို့ နည်းလမ်းဖြင့် စွမ်းရည်တစ်ခု ရရှိလိမ့်မည်ဟု မည်သည့်အခါကမျှ မမျှော်လင့်ထားခဲ့ပေ။

"အမျိုးအစားတူတဲ့ မွန်းစတားတွေဆီကပဲ စွမ်းရည် လုယူနိုင်တယ်လို့ ထင်နေခဲ့မိတယ်"

လင်းဟွမ်က မရေမရာ ရေရွတ်လိုက်လျှင်

"မလိုအပ်ဘူး။ တူညီတဲ့ဒြပ်စင် ဖြစ်နေရင် အားကောင်းတဲ့ မွန်းစတားက လုယူနိုင်တယ်။"

မကြာခင် သွေးရဲရဲလေး၏ မှတ်ချက် ပေါ်လာသည်။

မီးဖိုးနစ်ဌက်နှင့် မျှော်လင့်ချက် အရိုးဝိညာဉ်တို့ အချင်းချင်း တိုက်ခိုက်နေသည်ကို မြင်လိုက်လျှင် လင်းဟွမ် ခေါင်းကိုက်သွားပြီး

"သွေးဝတ်ရုံက မီးလျှံကို လုယူပြီး အခြေအနေကို ဖြေရှင်းလိုက်ပေမယ့် မီးဖိုးနစ်ဌက်ကို ဖိနှိပ်ခြင်း ချိန်းကြိုးနဲ့ ဖမ်းမယ့်အခွင့်အရေး လုံးဝ ဆုံးရှုံးသွားပြီ၊ စီစဉ်ထားတဲ့အတိုင်း ရီရီယွီက မသတ်နိုင်တော့ဘူး"

လင်းဟွမ်သည် စိတ်ထဲမှ တွေးလိုက်သည်။

"အခွင့်အရေး မရှိရင်၊ ငါတို့က အခွင့်အရေး ဖန်တီးရမယ်။ မျှော်လင့်ချက် အရိုးဝိညာဉ်က

မီးဖိုးနစ်ဌက်ကို အနိုင်မယူနိုင်ပေမယ့် အဲဒါကို ထိန်းချုပ်ပြီး ချိတ်ပိတ်ဖို့အတွက် ကောင်းကင် တမန်တော် တရားသူကြီးကို ဆင့်ခေါ်နိုင်သေးတယ်"

သွေးရဲရဲလေးက အကြံပြုလိုက်သော်

"ဒါက ငါတို့မှာရှိတဲ့ တစ်ခုတည်းသော ရွေးချယ်မှုပဲ၊ အာဏာရှင်ကို ခဏလောက် တစ်ယောက်ထဲ ထားခဲ့လို့ အဆင်ပြေပါတယ်..."

လင်းဟွမ်၌ ရှိနေသော မွန်းစတားကတ် အားလုံးထဲတွင် မျှော်လင့်ချက် အရိုးဝိညာဉ်နှင့်

ကောင်းကင်တမန်တော် တရားသူကြီး တို့သာ အဖြူရောင် မီးလျှံအဆင့်တွင် ရှိနေကြသည်။

သူတို့သည် လေထဲတွင် တိုက်ခိုက်နိုင်စွမ်းရှိပြီး ၎င်းတို့၏ စွမ်းရည်များဖြင့် မီးဖီးနစ်ငှက်ကို အချိန်တိုလေးအတွင်း တိုက်ခိုက်နိုင်သည်။ နှိုင်းယှဉ်ကြည့်ပါက အခြားမွန်းစတားများ၏ တိုက်ခိုက်ရေး အစွမ်းသည် အနည်းငယ် အားနည်းပြီး အများစုက မပျံသန်း နိုင်ကြပေ။ ထို့ကြောင့် မီးဖီးနစ်ငှက်ကသာ လွှမ်းမိုးသွားလိမ့်မည်။

လင်းဟွမ်သည် မီးဖီးနစ်ဌက်ကဲ့သို့ ပျံသန်းနိုင်ခြင်း သို့မဟုတ် အဝေး တိုက်ခိုက်မှုများကို လုံးဝ မလုပ်ဆောင်နိုင်သလို သူ၏ အဝေးတိုက်ခိုက်မှုတွင် အကန့်အသတ် ရှိနေသောကြောင့် သူသာ တိုက်ပွဲထဲ ဝင်ပါခဲ့လျှင်ပင် မီးဖီးနစ်ဌက်ကို အာရုံလွှဲရုံမှတပါး အခြားဘာမှ မလုပ်နိုင်ပေ။

"ငါ့မှာ အဝေးတိုက်ခိုက်မှုစွမ်းရည် တစ်ခု ဒါမှမဟုတ် မွန်းစတားစွမ်းရည်တစ်ခု ရဖို့လိုနေပြီ။ ဒီလိုမှမဟုတ်ရင် သေနတ်တစ်လက် ကိုင်ပြီး သေနတ်ပစ်စွမ်းရည်ကို မြှင့်တင်ရမယ်။"

လင်းဟွမ်သည် သေချာစွာစဉ်းစားပြီး ဆုံးဖြတ်လိုက်သည်။

လင်းဟွမ်သည် အမှောင်ထုဒိုင်း အပြင်ဘက်၌ မီးတောက်များ ငြိမ်းသက်သွားသည်ကို မြင်လိုက်လျှင် အချိန်မဆွဲတော့ဘဲ ကောင်းကင် တမန်တော် တရားသူကြီးကို ကတ်အဖြစ် ပြန်သိမ်းပြီး နောက်တစ်ကြိမ် ဆင့်ခေါ်လိုက်သည်။

စက္ကန့်အနည်းငယ်အတွင်းမှာပင် ကိုင်လီသည် ရီရီယွီနှင့် လီလန်တို့ရှေ့တွင် ပေါ်လာပြီး

ရင်သပ်ရှုမောဖွယ် ငွေရောင် ချပ်ဝတ်တန်ဆာကို ကျုံ့သွင်းလိုက်၏။

လင်းဟွမ်က အမှောင်ထုဒိုင်းကို ရုတ်သိမ်းပြီးသည်နှင့် ကိုင်လီကို ညွှန်ကြားချက် အသစ် ပေးလိုက်ပြီး

"ကိုင်လီ ၊သွေးဝတ်ရုံက ဖိနှိပ်ခြင်း ချိန်းကြိုးနဲ့ မီးဖီးနစ်ငှက်ကို ချိတ်ပိတ်နိုင်အောင် မီးဖီးနစ်ငှက်ကို ကူညီပြီး ထိန်းချုပ်ပေးပါ"

ကိုင်လီသည် လင်းဟွမ်ကို တစ်ချက်ကြည့်လိုက်ပြီးနောက် ဘာမှမပြောဘဲ တောင်ပံများခတ်ပြီး ပျောက်ကွယ်သွားသည်။

## အခန်း(၃၀၇) - ခရမ်းရွှေရောင် လျှပ်စီး။

ကောင်းကင်တမန်တော် တရားသူကြီး ကိုင်လီ ဝင်ပါလာသည်နှင့် တပြိုင်နက် တိုက်ပွဲသည် ပိုမို ပြင်းထန်လာသည်။

သန္ဓေနှစ်ကြိမ်ပြောင်း အဖြူရောင် မီးလျှံအဆင့် မွန်းစတား သုံးကောင်သည် အချင်းချင်း ထိပ်တိုက် တိုက်ခိုက်နေကြသဖြင့် လေထဲရှိ တိမ်များပင် ပျောက်ကွယ် သွားသည်။ လက်ကျန်

စွမ်းအားများကြောင့် မြေပြင်သည် အနည်းငယ် တုန်ခါနေသည်။

ပြင်းထန်သော ထိခိုက်မှုကြောင့် လေဖိအားနည်း ရပ်ဝန်းတစ်ခု ဖြစ်ပေါ်လာပြီး ချော်ရည်ပင်လယ် မျက်နှာပြင်ပေါ်တွင် လှိုင်းလုံးများ ပြင်းထန်စွာ ထွက်ပေါ်လာ၏။ မြေပြင်ပေါ်တွင် ကြွေမွနေသော ကျောက်တုံးများသည် နေရာအနှံ့သို့ ကျည်ဆန်များအလား လွင့်ထွက်နေပြီး ငြိမ်သက်နေသော ချော်ရည် ပင်လယ်ကြီးပေါ်တွင် လှိုင်း ပြင်းထန်နေသည်။

ကောင်းကင်တွင် မွန်းစတား သုံးကောင် အချင်းချင်း တိုက်ခိုက်နေကြသည်ကို မြင်လိုက်လျှင် လင်းဟွမ်က အံ့ဩထိတ်လန့်စွာ ရေရွတ်လိုက်ပြီး

"သာမန်လူသား တစ်ယောက် မပြောနဲ့ သန့်ရှင်းမီးလျှံအဆင့် လူသားတစ်ယောက်တောင် ဒီလိုမျိုး ဘယ်တော့မှ မလုပ်နိုင်ဘူး"

သာလွန်အဆင့်သို့ မရောက်ခင် လူတစ်ယောက်၏ ခန္ဓာကိုယ်ထဲမှ ကံကြမ္မာစွမ်းအားကို ခွဲထုတ်၍ မရပေ။ သူတို့၏ ကံကြမ္မာစွမ်းအားကို ခန္ဓာကိုယ်မှ ခွဲထုတ်နိုင်သော အထူးစွမ်းရည်ရှိသည့် မွန်းစတား

အချို့မှလွဲ၍ မွန်းစတား အများစုသည် လူသားများကဲ့သို့ အနီးကပ် တိုက်ခိုက်မှုကို သူတို့၏ အဓိက တိုက်ပွဲဗျူဟာအဖြစ် ရွေးချယ်တတ်ကြသည်။

သို့ရာတွင် ၎င်းတို့ကို သန့်ရှင်းမီးလျှံအဆင့်သို့ အဆင့်မြှင့်တင်ပြီးသည်နှင့် ၎င်းတို့၏ ကံကြမ္မာစွမ်းရည် အရည်အသွေးသည် ပြောင်းလဲသွားသည်။ သူတို့၏ ကံကြမ္မာ စွမ်းအားများကို ခန္ဓာကိုယ်ထဲမှ ခွဲထုတ်နိုင်သဖြင့် မွန်းစတားများ၏ တိုက်ခိုက်ရေး ပုံစံနှင့် လူသားများ၏

တိုက်ခိုက်ရေးပုံစံသည် ကွဲပြားလာပြီး ပျက်စီးခြင်း ပြင်းထန်မှုကလည်း ပိုမို မြင့်တက်လာ၏။

လင်းဟွမ်သည် သာလွန်မွန်းစတား သုံးကောင်ကြားတွင် လုံး၀ မပါ၀င်နိုင်သောကြောင့် ဘေးမှ ရပ်ကြည့် နေရသည်။ ဤကဲ့သို့ မလုပ်ဆောင်နိုင်သော အကြောင်းပြချက်တစ်ခုသည် မပျံသန်း နိုင်ခြင်းပင်။ နောက်တစ်ချက်မှာ သူ၏ ကံကြမ္မာစွမ်းအားကို ခန္ဓာကိုယ်ထဲမှ မခွဲထုတ်၍ မရပေ။

သူ၏အမြန်နှုန်းနှင့် ခုခံစွမ်းအားသည် သာလွန်မွန်းစတားသုံးကောင်နှင့် တန်းတူ ဖြစ်သော်လည်း အနီးကပ် တိုက်ခိုက်ရန် သူတို့အနားသို့ မချဉ်းကပ်နိုင်ပေ။ မီးဖီးနစ်ဌက်သည် လင်းဟွမ်၏ တိုက်ခိုက်မှုကို အလွယ်တကူ ရှောင်ရှားနိုင်နေသေးသည်။

"ဒီလို အခြေအနေမျိုးမှာ ငါက သူတို့အနားတောင် မကပ်နိုင်တော့ဘူး"

လေထဲမှ တိုက်ပွဲ ပိုမို ပြင်းထန်လာသဖြင့် လင်းဟွမ် ထိတ်လန့်သွားသည်။

ကောင်းကင်ကြီးသည် ပိုမို မည်းမှောင်လာပြီး ဟင်းလင်းပြင် အပျက်အစီးထဲမှ မွန်းစတားများသည် ပို၍ လှုပ်ရှား လာကြသည်။ သာလွန် မွန်းစတားသုံးကောင် ၏ တိုက်ပွဲကြောင့် ၎င်းတို့ ဝန်းကျင်ရှိ မွန်းစတား အများအပြားသည် ကြောက်လန့် နေကြသော်လည်း တိုက်ပွဲကြောင့် ဖြစ်ပေါ်လာသော စွမ်းအင် အတက်အကျများကြောင့် သူတို့ကို သားကောင်အဖြစ် အမဲလိုက်ရန် ပို၍ အစွမ်းထက်သော မွန်းစတားများလည်း ရောက်လာနိုင်သည်။

"အချိန်မဆွဲနဲ့။ တိုက်ပွဲကို မြန်မြန် အဆုံးသတ်လိုက်"

လင်းဟွမ်သည် တိုက်ပွဲကို အချိန်အကြာကြီး တိုက်ခိုက် နေသည်နှင့်အမျှ ပို၍ ဒုက္ခ ရောက်လာနိုင်ကြောင်း သိနေ၍

ကိုင်လီကို စိတ်ခြင်းဆက်သွယ်ပြီး ပြောလိုက်လျှင် သူမက တိုက်ပွဲထဲမှ ရုတ်တရက် ထွက်ခွာသွားသည်။

ခရမ်းရောင်လုံ့ရှည် တလျှောက်တွင် ရွှေရောင်အလင်းတန်း တစ်ခု အဆက်မပြတ် လင်းထိန်လာပြီး မိုးကြိုး အလုံးတစ်ခု လျင်မြန်စွာ

ဖြစ်ပေါ်လာသည်။ မိုးကြိုးအလုံး သည် စက္ကန့်အနည်းငယ် အတွင်းမှာပင် လက်သီးဆုပ် အရွယ်အစားအထိ ကြီးလာသည်။

ထို့နောက် ကိုင်လီသည် လုံထိပ်ဖျားကို မိုးပေါ်သို့ မြှောက်ကာ မိုးကြိုးစက်လုံးကို ကောင်းကင်ပေါ်သို့ ပစ်တင်လိုက်သည်။ ခဏလေး အတွင်းမှာပင် လေထုထဲ ထိုးဖောက် ဝင်ရောက်ပြီး ပေါက်ကွဲသွားကာ ပြိုးပြိုးပြက်ပြက် ရွှေရောင် အလင်းရောင်များ တောက်ပလာသည်။

မကြာခင် ကျယ်လောင်သော ပေါက်ကွဲသံကို ကြားလိုက်ရပြီး လေထုထဲတွင် တိမ်မည်းများ ချက်ချင်း ဖြစ်ပေါ်လာပြီး ထိုတိမ်မည်းများ အတွင်းတွင် ရွှေရောင်လျှပ်စီးများ တဖြတ်ဖြတ် လင်းလက် တောက်ပနေ၏။

ကိုင်လီသည် သူမ၏ မိုးကြိုးထိန်းချုပ်ခြင်းကို အသက်သွင်းထားရုံ သာမက ကောင်းကင်ပေါ်မှ တိမ်တိုက်ကို စိုက်ကြည့်နေသော လင်းဟွမ်၏ ကိုယ်ခန္ဓာမှတဆင့် ခရမ်းရောင် လျှပ်စီးကြောင်းများ စီးထွက်သွားသည်။

ခဏအကြာတွင် ခရမ်းရောင် လျှပ်စီးကြောင်းများသည် နေရာပေါင်းစုံမှ ထွက်ပေါ်လာပြီး ရွှေရောင် လျှပ်စီးကြောင်းများနှင့် ပေါင်းစပ်၍ အလှတရားကို မြှင့်တင် ပေးလိုက်သည်။

တိမ်လွှာများသည် ကွဲပြားသော ရွှေရောင်နှင့် ခရမ်းရောင် အနုအရင့်များ ရောစပ်ထားသော ပန်းချီကား တစ်ချပ်ကဲ့သို့ ဖြစ်နေပြီး အလွန် ဆန်းကြယ်ကာ လှပနေသည်။

မီးတောင်ထိပ်တွင် ရှိနေကြသော ရီရီယို နှင့်လီလန်တို့သည် ခေါင်းမော့ပြီး ကောင်းကင်ကို

မော့ကြည့် လိုက်စဉ် ကောင်းကင်သည် မှောင်မိုက်နေပြီး ခရမ်း ရွှေရောင်များ တောက်ပနေသောကြောင့် အလွန် ဆွဲဆောင်မှု ရှိနေသည်။

"ရွှေရောင် လျှပ်စီးကြောင်းက လူနဲ့တူတဲ့ မွန်းစတားရဲ့ ခန္ဓာကိုယ်က ပေါ်လာပေမယ့် တိမ်ထဲမှာရှိတဲ့ ခရမ်းရောင် လျှပ်စီးကြောင်းက ဘယ်ကနေ ရောက်လာတာလဲ"

လီလန်က သိချင်နေပြီး

"လင်းဟွမ်ကို ကြည့်လိုက်..."

ရီရီယွီက တိုးတိုးလေး ပြောလိုက်သောအခါ

လီလန်သည် လင်းဟွမ်၏ ခန္ဓာကိုယ်ပေါ်တွင် ခရမ်းရောင် လျှပ်စီးများ မှိန်ဖျော့ဖျော့ လင်းလက်နေကြောင်း သတိထားလိုက်မိကာ

"ဒါက ဒြပ်စင်ကို ထိန်းချုပ်နိုင်တဲ့ စွမ်းရည်လား”

လီလန်သည် အံ့သြသွားသည်။

ရီရီယွီကမူ တိတ်ဆိတ်နေပြီး လင်းဟွမ်ကို စိုက်ကြည့်ကာ တွေးတောနေသည်။

လင်းဟွမ်သည် မိုးကြိုး ထိန်းချုပ်ခြင်း စွမ်းရည်နှစ်ခုကို ထပ်လောင်း အားဖြည့်၍ အသုံးပြုရန် စဉ်းစားနေ ခဲ့သည်။ ထိုသို့ ပြုလုပ်ခြင်းဖြင့် လျှပ်စီးကြောင်းများ၏ ကြိမ်နှုန်းနှင့် သိပ်သည်းဆမှာ သိသိသာသာ တိုးလာမည်ဖြစ်ပြီး မီးဖိုးနစ်ငှက်၏ အမြင်အာရုံကိုလည်း ရှုပ်ထွေး သွားစေနိုင်သည်။

ကောင်းကင်ပေါ်တွင် ရှိနေသော တိမ်မည်းများသည် ဆယ်ကီလိုမီတာ ကျော်အထိ လွှမ်းခြုံထား၏။

မီးဖီးနစ်ဌက်လည်း ဒါကို သတိထားလိုက်မိသော်လည်း လျှပ်စီး ဒြပ်စင်ကို မတားဆီးနိုင်သောကြောင့် အနှောက်အယှက် မပေးတော့ပေ။

အကယ်၍ ဒါသည် ရေခဲဒြပ်စင် တိုက်ခိုက်မှု တစ်ခုဖြစ်ပါက မီးဖီးနစ်ဌက်သည် ကြောက်လန့်နေအုံးမည်။ လျှပ်စီးများနှင့် ပုံမှန်ကံကြမ္မာစွမ်းအား တိုက်ခိုက်မှုများ ကြားတွင် ကွာခြားချက်များစွာ မရှိပေ။ အများစုမှာ မီးဖီးနစ်ဌက်အတွက် ထုံကျင်ခြင်းသာ ဖြစ်လိမ့်မည်။

သို့သော်လည်း တိမ်တိုက် အမည်းကြီးသည် အပေါ်ဘက်တွင် ဖွဲ့စည်းနေခဲ့သည်မှာ ကြာနေပြီ ဖြစ်သော်လည်း မိုးကြိုး ပစ်ခတ်ခြင်း မပြုလုပ်သေးပေ။ ထို့ကြောင့် လင်းဟွမ်သည် အံ့ဩသင့် သွားပြီးနောက် သူ၏ အကန့်အသတ်မဲ့ အမြင်အာရုံကို အသက်သွင်းပြီ ကောင်းကင်ပေါ် မော့ကြည့်လိုက်စဉ်

တိမ်တိုက်ထဲတွင် ကိုင်လီ၏ ရွှေရောင် လျှပ်စီးကြောင်းများနှင့် သူ၏ ခရမ်းရောင် လျှပ်စီးကြောင်းတို့သည် ရောယှက်နေပြီး

ထူးထူးခြားခြား ပေါင်းစပ်သွားကာ ယခင်အရောင်နှစ်ခုနှင့် မတူဘဲ ခရမ်းရွှေရောင်အဖြစ် ပြောင်းလဲသွားသည်ကို သတိ ထားလိုက်မိပြီး

"ဒီလိုမျိုး ပြောင်းလဲမှုက ဘာလို့ ဖြစ်လာရတာလဲ၊ အမျိုးအစားတူတဲ့ စွမ်းရည်တွေ ပေါင်းစည်းခဲ့လို့လား။"

လင်းဟွမ်သည် ထိုအဖြစ်အပျက်နှင့် ပတ်သတ်၍ ကောင်းမွန်သော ရှင်းပြချက်ကို ရှာမတွေ့ခဲ့ပေ။ သူ၏ မိုးကြိုးထိန်းချုပ်ခြင်း စွမ်းရည်သည် ကိုင်လီထံမှ

ထုတ်ယူထားခြင်း ဖြစ်သော်လည်း ဤကဲ့သို့ ပြောင်းလဲမှုမျိုးကို မမျှော်လင့်ထားပေ။

ပထမ မိုးကြိုး ပေါင်းစပ်မှု အောင်မြင်သွားသည်နှင့် တပြိုင်နက် အခြားခရမ်းရောင်နှင့် ရွှေရောင်လျှပ်စီးကြောင်းများသည် တစ်ခုနှင့်တစ်ခု လျင်မြန်စွာ ပေါင်းစပ်လာပြီး ၎င်းတို့၏ အကြွင်းအကျန် လျှပ်စီးကြောင်းများထံ ကူးစက်သွားသည်။

ခဏအကြာတွင် ခရမ်းရောင်နှင့် ရွှေရောင်များသည် လုံးဝ ပျောက်ကွယ်သွားကာ

တိမ်တိုက် အလွှာများကြား၌ ပြင်းထန်စွာ တလက်လက် တောက်ပနေသော ခရမ်းရွှေရောင် လျှပ်စီးများနှင့် အစားထိုးသွားသည်။

မီးတောင်ထိပ်တွင် ရှိနေသော ရီရီယွီနှင့် လီလန်တို့လည်း ထိုအပြောင်းအလဲကို သတိထားမိလိုက်သော်လည်း မီးဖီးနစ်ဌက် တစ်ကောင်တည်းသာ သတိမထားမိခဲ့ပေ။

ကောင်းကင်တမန်တော် တရားသူကြီး ကိုင်လီ တိုက်ပွဲထဲမှ ထွက်ခွာသွားသည့် အချိန်၌ မီးဖီးနစ်ဌက်သည် ၎င်း၏ မီးလျှံကို

ပြန်လည် ရယူချင်သောကြောင့် မျှော်လင့်ချက် အရိုးဝိညာဉ်ကို သတ်ဖြတ်ရန် အာရုံစိုက်နေပြီး ကိုင်လီနောက်သို့ လိုက်ခြင်းမရှိခဲ့ပေ။

မီးဒြပ်စင် မွန်းစတားအနေဖြင့် မီးဖိုးနစ်ဌက်၏ တိုက်ခိုက်မှုသည် မျှော်လင့်ချက် အရိုးဝိညာဉ် အပေါ်တွင် အကန့်အသတ်ဖြင့်သာ သက်ရောက်မှု ရှိနေသည်။ ထို့ကြောင့် အနီးကပ် တိုက်ခိုက်ရန် ရွေးချယ်လိုက်၏။

တိုက်ပွဲအတွင်း၌ မျှော်လင့်ချက် အရိုးဝိညာဉ်သည် ၎င်း၏ ဖိနှိပ်ခြင်း ချိန်းကြိုးများကို ရုံဖန်ရံခါ

အသွင်မျိုးစုံ ပြောင်းပြီး ကာကွယ်နေခဲ့သည်။ လုံးဝ ပြန် မတိုက်ခိုက် နိုင်သော်လည်း အချိန်တိုလေးအတွင်း လွယ်လွယ်နှင့် ရှုံးနိမ့်မည် မဟုတ်ပေ။

ကောင်းကင်ပေါ်တွင် ခရမ်းရွှေရောင် လျှပ်စီးများ ဖြစ်ပေါ်လာပြီး ၎င်း၏ ရက်စက်ကြမ်းကြုတ်သော သဘာဝက ပေါ်လွင်လာသည်။ ထိုအချိန်၌ ကောင်းကင်ကြီးသည် မှောင်စ ပြုလာကာ တိမ်လွှာပေါ်တွင်ရှိသော ခရမ်းရွှေရောင် လျှပ်စီးများသည် ကောင်းကင်ကြီးကို ဖြတ်သန်းပြီး

မီးဖိုးနစ်ဌက်ကို ကြောက်မက်ဖွယ်ရာ ကောင်းသော အရှိန်ဖြင့် တိုက်ခိုက်လိုက်သည်။

လျှပ်စီးကြောင်းများ ပေါ်လာသည်နှင့် တပြိုင်နက် မီးဖိုးနစ်ဌက်သည် ကောင်းကင်ပေါ်မှ အန္တရာယ် ကျရောက်လာကြောင်း သတိ ထားမိ သွားသည်။ တိုက်ခိုက်မှုကို မရှောင်တိမ်းနိုင်ခင် လျှပ်စီးကြောင်းက ၎င်း၏ နောက်ကျောကို ရိုက်ခတ်သွားသည်။

အောဒ်ဟာစ်သံနှင့်အတူ မိုးခြိမ်းသံကို တပြိုင်နက် ကြားလိုက်ရပြီး မီးဖိုးနစ်ဌက်၏ ခန္ဓာကိုယ်ကို

ထိမှန်ပြီးနောက် ၎င်း၏ နောက်ကျောတွင် အနက်ရောင် မီးလောင်ဒဏ်ရာတစ်ခု ဖြစ်ပေါ် လာသည်။

ဒဏ်ရာသည် ပြင်းထန်ခြင်း မရှိသော်လည်း မီးဖိုးနက်ဌက်သည် တစ်ခါမှ မခံစားဖူးသော နာကျင်မှုဝေဒနာက ၎င်း၏ ခန္ဓာကိုယ်အနှံ့ ပျံ့နှံ့သွားသည်။ မီးဖိုးနစ်ဌက်သည် အတောင်ပံများကို ချက်ခြင်းခတ်ကာ မျှော်လင့်ချက် အရိုးဝိညာဉ်နှင့် တိုက်ခိုက်နေမှုကို စွန့်လွှတ်ပြီး

ကောင်းကင်ပေါ်သို့ ကြောက်လန့်တကြား လှမ်းကြည့်လိုက်စဉ်

တိမ်လွှာများကြားတွင် ခရမ်းရွှေရောင် လျှပ်စီးကြောင်းများ ဒုတိယအကြိမ် ဖြစ်ပေါ်လာပြီး ကြောက်မက်ဖွယ်ရာ စွမ်းအားတစ်ခု ရောက်ရှိလာခြင်းကို ညွှန်ပြနေသည်။

မီးဖီးနစ်ဌက်သည် ထိုတိုက်ခိုက်မှုကို ရှောင်တိမ်းရန် အတောင်ပံများကို ချက်ခြင်း ခတ်လိုက်သည်။ ပထမအကြိမ် တိုက်ခိုက်မှုသည် အတွင်းပိုင်း ဒဏ်ရာ မရရှိခဲ့သော်လည်း

မီးဖိုးနစ်ဌက်၏ အမွေးအတောင် ကာကွယ်စည်း ကျိုးပေါက်သွားခဲ့ပြီး ဒါသည် အလွန် နာကျင်စေသောကြောင့် တစ်ချိန်တည်းမှာပင် ထုံကျင်သွားစေသည်။ ထိုလျှပ်စီးကြောင်းနှင့် နောက်တစ်ကြိမ် ထပ် မထိချင်တော့ပေ။

ဒုတိယမြောက် လျှပ်စီးကြောင်းသည် မီးဖိုးနစ်ဌက် ရှောင်တိမ်းလိုက်သဖြင့် လွဲချော် သွားသော်လည်း တတိယ၊ စတုတ္ထနှင့် ပဉ္စမ လျှပ်စီးကြောင်းများကို မိုးကြိုးမုန်တိုင်း ပစ်ချကဲ့သို့ အရှူးအမူး ပစ်ချလိုက်သည်။

## အခန်း(၃၀၈) - မီးနှင့်လျှပ်စီးတို့၏ တိုက်ပွဲ

ကောင်းကင်ယံတွင် မိုးခြိမ်းနေပြီး ခရမ်းရွှေရောင် လျှပ်စီးများသည် မိုးရွာသကဲ့သို့ အဆက်မပျက် ကျဆင်းလာသည်။ ၎င်း၏ ပင်ကိုယ် သဘာဝအရ မိုးကြိုးဒြပ်စင်ကို ဂရုမစိုက်သော မီးဖီးနစ်ငှက်သည် ပထမဦးဆုံးအကြိမ် တိုက်ခိုက်ခံရပြီးနောက် တိုက်ခိုက်မှုများကို ရှောင်တိမ်းရန် အတောင်ပံများကို ချက်ချင်း ခတ်လိုက်သည်။

မီးဖိုးနစ်ဌက်သည် ၎င်း၏စွမ်းရည်ကို အမြင့်ဆုံး အခြေအနေအထိ ထုတ်လိုက်သဖြင့် ကြည့်လိုက်ပါက နေရာကူးပြောင်းသွားသလို ဖြစ်နေသည်။ အတောင်ပံ ခတ်လိုက်တိုင်း လျှပ်စီးကြောင်း တိုက်ခိုက်မှုကို ချက်ချင်း ရှောင်ရှားပြီး ပျောက်ကွယ်သွားသည်။

ဒါသည် ဖလစ်ကာ (ရိပ်ခနဲ ခုန်ခုန်ကူးခြင်း) ကို အသုံးပြု နေပုံရသော်လည်း အမှန်တကယ်တွင် မီးဖိုးနစ်ဌက်က နေရာကူးပြောင်းခြင်း စွမ်းရည်ကို အမြင့်ဆုံးအထိ အသုံးပြုနေခြင်းပင်။ လေထဲတွင် မီးဖိုးနစ်ဌက်သည် အတောင်ပံများကို ဆက်တိုက်

ခတ်ပြီး ခရမ်းရွှေရောင် လျှပ်စီးကြောင်းများ တိုက်ခိုက်မှုကို ရှောင်ရှားရန် အဆက်မပျက် နေရာပြောင်းလဲနေ၏။

တိုက်ခိုက်မှု အနည်းငယ်ကို အောင်မြင်စွာ ရှောင်တိမ်းပြီးနောက် မီးတောင်ထိပ်တွင် အချင်းဝက် မီတာ အနည်းငယ်ခန့်ရှိသော အနက်ရောင် တွင်းကြီးတစ်ခု ပေါ်လာသည်။

ထိုအရာသည် မြင့်မားသော အပူချိန်ကို ရုတ်တရက် ထုတ်လွှင့်သည့် ခရမ်းရွှေရောင် လျှပ်စီးကြောင်းများကြောင့် မီးတောင်ကျောက်၏

အတွင်းပိုင်း ဖွဲ့စည်းပုံ အရည်ပျော်သွားခြင်းပင်။ တွင်းကြီးနှင့် ပတ်ဝန်းကျင်ရှိ မြေပြင်ကို လျှပ်စီးကြောင်းများ ထိမှန်သွားသောအခါ မရေမတွက်နိုင်သည့် ထူးခြားသော အမှတ်အသားများ ပေါ်လာသည်။

အပူချိန်မြင့်မားသော လျှပ်စီးကြောင်းများကြောင့် ဖွဲ့စည်းလာသော ကျောက်တုံးကို ဤကမ္ဘာပေါ်တွင် မိုးကြိုးသွားဟု ခေါ်သည်။ ဒါသည် ရှားပါးပြီး ချမ်းသာသော ယောက်ျားအများစု စုဆောင်းချင်သော အဆုံးစွန်ဆုံး ရတနာ တစ်ခုဖြစ်သည်။

အဖွဲ့ခွဲ (၇) တွင် စုဆောင်းသူ သုံးယောက်သာ ထိုပစ္စည်းကို ပိုင်ဆိုင်သည်ဟု ဆိုကြသည်။

လင်းဟွမ်ကမူ ထိုအကြောင်းကို မသိသော်လည်း ရီရီယွီနှင့် လီလန်တို့သည် သူ့ကိုကြည့်နေရင်း မုန်းချင်သလိုလို ဖြစ်လာကာ

"ဒီမှာ မိုးကြိုးသွားတွေ အများကြီးပဲ။ အဲ့ဒီထဲက တစ်ခုလောက် ကောက်ယူပြီး လေလံပွဲမှာ ရောင်းလိုက်ရင် စျေးကောင်းရမှာ သေချာတယ်။ ငါတို့တော့ ချမ်းသာပြီ"

လီလန်က တံတွေးများကို အကြိမ်ကြိမ် မျိုချနေသည်။

"ငါ့အဘိုးအတွက် တစ်ခု ယူသွားရမယ်။ အဘိုးက သေချာပေါက် ကြိုက်မှာပဲ"

ရီရီယွီက တိုးတိုးလေး ရေရွတ်ရင်း သူမ၏ မေးစေ့ကို ပွတ်လိုက်သည်။

သူတို့နှစ်ယောက်သည် မိုးကြိုးသွားကို လှမ်းကြည့်ရင်း အသိစိတ် လွတ်သွားကာ အခြေအနေကို မေ့သွားသည်။

တိုက်ပွဲသည် ပြင်းထန်နေဆဲ ဖြစ်ပြီး မီးဖိုးနစ်ဌက်သည် မရပ်တန့်ဘဲ ရှောင်ရှားနေသော်လည်း တိုက်ခိုက်ရန် ခွန်အား မရှိတော့ချေ။ ကြောက်စရာ ကောင်းသော အရှိန်အဟုန်ကို ပေးစွမ်းနိုင်သည့် နေရာကူးပြောင်းခြင်း စွမ်းရည်ကို ပိုင်ဆိုင်ထားသော်လည်း လျှပ်စီးကြောင်းများ၏ တိုက်ခိုက်မှုကို အပြည့်အဝ မရှောင်ရှား နိုင်ခဲ့ပေ။

ရုံဖန်ရုံခါ ခရမ်းရွှေရောင် လျှပ်စီးကြောင်းများ ထိမှန်နေပြီး တိုက်ခိုက်ခံရသည့် အခါတိုင်း

နာကျင်ပြီး ထုံကျင် ကိုက်ခဲသွားသည်။ တိုက်ခိုက်ခံရသော နေရာများတွင် အမဲရောင် မီးလောင်ဒဏ်ရာများ ကျန်ခဲ့သည်။

အစွမ်းထက်သော ပြန်လည် ကုသရေး စွမ်းရည်ရှိသော်လည်း အချိန်တိုလေးအတွင်း ပြန်လည်ကောင်းမွန်ရန် ခက်ခဲနေသည်။ မီးဖိုးနစ်ဌက်သည် အကြိမ်ပေါင်း များစွာ တိုက်ခိုက်ခံရပြီးနောက် နောက်ပြန်ဆုတ်ချင်စိတ် ပေါ်လာသည်။

တိမ်များ ဖုံးလွှမ်းနေသော နေရာအတွင်းတွင် ပိတ်မိနေပါက အဆိုးဆုံး အခြေအနေ ဖြစ်သွားနိုင်သဖြင့် တိမ်မည်းများ အောက်မှ ရုန်းထွက်ပြီး လူစုကွဲမည့် အချိန်ကို စောင့်ဆိုင်းချင်နေသည်။

ထို့ကြောင့် အတောင်ပံများ ခတ်ပြီး ချော်ရည် ပင်လယ်ဘက် ပျံပြေးသွားစဉ်

မီးတောက်နေသော ချိန်းကြိုးများသည် ကောင်းကင်ကို ဖြတ်သန်းလာ၍ ပိုက်ကွန်ကြီး

တစ်ခုအဖြစ် ပြောင်းလဲသွားပြီး မီးဖီးနစ်ဌက်၏ လမ်းကြောင်းကို ပိတ်ဆို့ထားသည်။

မီးဖီးနစ်သည် ဒါက ဖိနိပ်ခြင်း ချိန်းကြိုးဖြစ်ကြောင်း သိလိုက်သည်နှင့် လုံးဝ မထိရဲပေ။ လျင်မြန်စွာ နောက်ပြန်လှည့်ပြီး နောက်တစ်နေရာသို့ ဦးတည် ပျံသွားသည်။ ဖိနိပ်ခြင်း ချိန်းကြိုးက နောက်တစ်ကြိမ် ပေါ်လာပြီး ၎င်း၏လမ်းကြောင်းကို ထပ်မံ ပိတ်ဆို့လိုက်ပြန်၏။

ဖိနိပ်ခြင်း ချိန်းကြိုး၏ အမြန်နှုန်းသည် မီးဖီးနစ်ဌက်၏ အမြန်နှုန်းနှင့် အတူတူ

ဖြစ်သော်လည်း ဖမ်းမရသော အကြောင်းအရင်းမှာ ဖိနိပ်ခြင်း ချိန်းကြိုးသည် မီးဖိုးနစ်ဌက်၏ ဦးတည်ရာကို ခန့်မှန်း၍ မရသလို ထောင့်ချိုးများကို လျင်မြန်စွာ ချိုးကွေ့၍ ရှောင်တိမ်းနိုင်သောကြောင့် ဖြစ်သည်။

သို့သော်လည်း မီးဖိုးနစ်ဌက် ထွက်ပြေးရန် ကြံစည်နေသည်ကို သိထားသဖြင့် ၎င်း ဦးတည်ရာ လမ်းကြောင်းကို ဖော်ထုတ်လိုက်သည်နှင့် သံကြိုးများက ဖမ်းယူရန် ပို၍ လွယ်ကူလာလိမ့်မည်။

"ဟီး.... ဟီး.... ဟီး...... ရှားရှားပါးပါးပါပဲ။ မီးဖီးနစ်ဌက်က တိုက်ပွဲထဲက ထွက်ပြေးနေပါလား။ ဘယ်လောက်တောင် ရှက်စရာ ကောင်းလိုက်လဲ"

မျှော်လင့်ချက် အရိုးဝိညာဉ်က လှောင်ပြောင်လိုက်ပြီး

"မင်းသာ ငါ့ကို ဖီးနစ်သွေးမျိုးဆက်ကို ပေးရင် မင်းကို လွှတ်ပေးလိုက်မယ်"

"ဒီကောင်"

လင်းဟွမ်သည် ထိုစကားကို ကြားလိုက်လျှင် ဆွံ့အသွားသည်။

လင်းဟွမ်၏ ရှေ့မှာပင် မျှော်လင့်ချက် အရိုးဝိညာဉ်က မီးဖိုးနစ်ဌက်ကို လွှတ်ပေးမည်ဟု သတ္တိရှိရှိ ပြောဆိုနေပြီး မသေဆုံးခင်ကထက်ပင် အခြေအနေ ပိုဆိုးနေသေးသည်။

လင်းဟွမ်သည် မွန်းစတားတွင် ထိုကဲ့သို့ သဘောထားအမျိုးမျိုး ရှိကြောင်း သိသော်လည်း မွန်းစတားကတ်၏ စည်းမျဉ်းများဖြင့် ကန့်သတ်

ထားသောကြောင့် လင်းဟွမ်၏အမိန့်ကို မလိုက်နာဘဲ မနေရဲသည့်အကြောင်းကို သိနေသည်။

မမျှော်လင့်ဘဲ မီးဖိုးနစ်ဌက်က ဒေါသထွက်ခြင်း မရှိပေ။ ထိုအစား မျှော်လင့်ချက် အရိုးဝိညာဉ်ကို လျစ်လျူရှုထားသည်။ ဤအချိန်အတောအတွင်း၌ ပြဿနာများကို ဖြေရှင်းနိုင်မည့် နည်းလမ်းများကို စဉ်းစားရင်း မိုးကြိုးများကို လျင်မြန်စွာ ရှောင်တိမ်းနေသည်။

ရုတ်တရက် တိုက်ပွဲအပြင်ဘက်တွင် ရပ်နေသော ကိုင်လီကို တစ်ချက် ကြည့်လိုက်ပြီး သူမ၏

ခန္ဓာကိုယ်ပေါ်တွင် ရွှေရောင်လျှပ်စီးများ တဖျက်ဖျက်လက်နေကာ သူမ၏မျက်လုံးက ဒေါသ အရိပ်အယောင်များကြောင့် တောက်ပနေသည်။

"ဒီလိုဖြစ်အောင် လုပ်နေတဲ့လူက မင်းပဲ။ ငါ ဒီနေရာက မထွက်နိုင်ဘူးဆိုရင် မင်းကို အရင်ဆုံး သတ်ပစ်မယ်။ မင်းသေသွားတာနဲ့ လျှပ်စီးတွေလည်း ပျောက်သွားမှာပဲ"

မီးဖီးနစ်ဌက်သည် ထိုကဲ့သို့ တွေးတောပြီးနောက် ကိုင်လီထံ ချက်ချင်း ပျံသန်းသွားသည်။

ကိုင်လီသည် လျှပ်စီးများ မိုးကြိုးများကို လျစ်လျူရှုပြီး သူမထံ အတင်းပျံသန်းလာသော မီးဖိုးနစ်ဌက်ကို မြင်လျှင် လုံကိုကိုင်လိုက်ကာ ကြောက်ရွံ့ခြင်း မရှိဘဲ တိုက်ပွဲဝင်ရန် အသင့်စောင့်နေခဲ့သည်။

သူမလက်ထဲမှ ခရမ်းရောင် လုံရှည်ကြီးသည် မီးဖိုးနစ်ဌက်၏ ခြေသည်းနှင့် ထိမှန်သွားချိန်

အရွယ်အစားခြင်း ကြီးကြီးမားမား ကွာခြားနေသော်လည်း ထိပ်တိုက်

တိုက်ခိုက်မှုကြောင့် နှစ်ယောက်လုံး၏ စွမ်းအားများ ညီမျှနေကြောင်း သက်သေပြခဲ့သည်။

ထင်ရှားသည်မှာ မီးဖိုးနစ်ဌက်သည် အနီးကပ် တိုက်ပွဲအတွက် ပြိုင်ဘက်ရွေးချယ်မှု မှားယွင်းခဲ့ပြီ။ အနီးကပ်တိုက်ခိုက်ရေး စွမ်းရည်အရ ကောင်းကင် တမန်တော် တရားသူကြီး ကိုင်လီသည် မျှော်လင့်ချက် အရိုးဝိညာဉ်ထက် ပိုမို အားကောင်း၏။

သူမသည် ယခင်က ဆိုးသွမ်းသော ရည်ရွယ်ချက်များ ရှိသည့် ရုပ်ဆိုးလူရွှင်တော်ကိုပင် ထိန်းချုပ်နိုင်ခဲ့သည်။

မီးဖီးနစ်ဌက်သည် အရွယ်အစား ကြီးမားပြီး ကြောက်စရာ ကောင်းသော်လည်း လက်တွေ့မှာမူ အနီးကပ် တိုက်ခိုက်မှု၌ ပျှမ်းမျှသာရှိပြီး အဝေးမှသာ တိုက်ခိုက်သော ဒြပ်စင်တိုက်ခိုက်မှု ကျွမ်းကျင်သည့် မွန်းစတား တစ်ကောင် ဖြစ်သည်။ ကိုင်လီကို အနီးကပ် ထိပ်တိုက် တိုက်ခိုက်ပါက ၎င်း လိုချင်သော ရလာဒ်ကို ရရှိလိမ့်မည် မဟုတ်ချေ။

မီးဖီးနစ်ဌက်သည် တိုက်ခိုက်ပြီးနောက် ၎င်း၏ အမှားကို သတိထားလိုက်မိသည်။ မီးဖီးနစ်ဌက်၏ အမြီးကိုးချောင်းသည် အနည်းငယ် တုန်ခါလာပြီး

မကြာခင် လေထဲ၌ မီးလောင်နေသော ကြာပွတ်ကိုးချောင်း ပေါ်လာကာ ကိုင်လီကို တိုက်ခိုက်လိုက်သည်။

ကိုင်လီသည် အဖြူရောင် မီးလျှံအဆင့် ဖြစ်ပြီး တမန်တော် အရှိန်ကို အသက် သွင်းပြီးသည်နှင့် မိုးကြိုး ခြေလှမ်းနှင့် တမန်တော်အရှိန်ကို အသက်သွင်းထားသည့် လင်းယှမ်ထက် အဆပေါင်း များစွာ ပိုမြန်လာသည်။

ကောင်းကင်ပေါ်မှ အရိပ်တစ်ခုအဖြစ် ပြောင်းလဲသွားကာ အမြီးကြာပွတ်များကို

အလွယ်တကူ ရှောင်တိမ်းနေပြီး ခရမ်းရောင်လုံ့ရှည်ကို ကိုင်ကာ တန်ပြန် တိုက်ခိုက်ခဲ့သည်။

မြေပြင်ပေါ်တွင် မတ်ရပ်နေသော လင်းဟွမ်သည် တိုက်ပွဲထဲ ဝင်မပါနိုင်သော်လည်း ကောင်းကင်တစ်ခွင် ပျံ့နှံ့နေသော လျှပ်စီးကြောင်းများကို ကိုင်လီနှင့်အတူ ထိန်းချုပ်ခဲ့သူ ဖြစ်သည်။

ကိုင်လီသည် တိုက်ပွဲ တိုက်ခိုက်နေသောကြောင့် လျှပ်စီးကြောင်းများကို မထိန်းချုပ် နိုင်တော့ပေ။ လင်းဟွမ်သည် မီးဖီးနစ်ဌက်ကို တိုက်ခိုက်နိုင်မည့် အခွင့်အရေးကောင်းအား လက်လွှတ် မခံချင်ပေ။

ထို့ကြောင့် ခရမ်းရွှေရောင် လျှပ်စီးကြောင်းများကို ထိန်းချုပ်ကာ မီးဖိုးနစ်ဌက်ကို တိုက်ခိုက်လိုက်သည်။

မီးဖိုးနစ်ဌက်သည် ကိုင်လီနှင့် တိုက်ခိုက်နေရသဖြင့် မိုးကြိုးများ အကြိမ်ပေါင်းများစွာ ထိမှန်နေပြီး အခြေအနေ ဆိုးရွားလာသည်။ ပြင်းထန်သော နာကျင်မှုနှင့်အတူ တွဲပါလာသော ထုံကျင်မှုက ၎င်း၏လှုပ်ရှားမှုကို ထိခိုက်စေသည်။

ကိုင်လီသည် ပြိုင်ဘက်နှင့် အကြာကြီး ကစားချင်စိတ် မရှိပေ။ ထို့ကြောင့် သူမ၏ တရားစီရင်ရေးလှံကို အပြည့်အဝ အားသွင်းပြီး

မီးဖိုးနစ်ဌက်၏ လည်ပင်းကို လှမ်းထိုးလိုက်သည်။ ဒဏ်ရာများထဲမှ သွေးများသည် တောက်လောင်နေသော မီးများအလား စီးကျလာ၏။

မီးဖိုးနစ်ဌက်သည် ၎င်း၏ဘဝတွင် ပထမဦးဆုံး အကြိမ် ဒဏ်ရာ ခံစားဖူးခြင်းပင်။

ကိုင်လီသည် အဆက်မပြတ် တိုက်ခိုက်နေပြီး သူမ၏လှံရှည်က အလင်းတန်းအဖြစ် ပြောင်းလဲကာ မီးဖိုးနစ်ကို အဆက်မပြတ် ထိမှန်နေခဲ့သည်။

မျှော်လင့်ချက် အရိုးဝိညာဉ်သည် အနောက်မှနေ၍ တိုက်ခိုက်ရန် အခွင့်အရေး ချောင်းနေပြီး

မီးဖိုးနစ်ဌက် ထွက်ခွာမည့် လမ်းကြောင်းအားလုံးကို ချိန်းကြိုးဖြင့် ပိတ်ဆို့ထားသည်။

ထိုစဉ် မီးဖိုးနစ်ဌက်၏ အမွေးများသည် စတင် လောင်ကျွမ်းလာပြီး တစ်ခဏလေး အတွင်းမှာပင် ကြီးမားသော မီးငှက်ကြီး တစ်ကောင်အဖြစ် ပြောင်းလဲသွားစဉ် ကိုင်လီ၏ လှံသည် မီးတောက်ထဲသို့ ထိုးဖောက် ဝင်ရောက်သွားသည်။

“ဒြပ်စင် ပြောင်းလဲခြင်းလား”

လင်းဟွမ် မျက်မှောင် ကြုတ်သွားသည်။ ဒြပ်စင်ပြောင်းလဲခြင်းကို ဖြတ်ကျော်ပြီးနောက်

မီးဖိုးနစ်ဌက်၏ ကိုယ်ထည်တွင် ပုံမှန်လက္ခဏာများ မရှိတော့ပေ။ ရုပ်ပိုင်းဆိုင်ရာ တိုက်ခိုက်မှုများကလည်း အကျိုးသက်ရောက်မှု မရှိတော့ချေ။

ကိုင်လီ၏လုံသည် ၎င်း၏ ခန္ဓာကိုယ်ထဲသို့ ထိုးဖောက် ဝင်ရောက် သွားသော်လည်း ရုပ်ပိုင်းဆိုင်ရာ တိုက်ခိုက်မှု ဖြစ်နေသဖြင့် အလုပ် မဖြစ်ခဲ့ပေ။ အကယ်၍ သူမက ကံကြမ္မာစွမ်းအားဖြင့် တိုက်ခိုက်မည်ဆိုပါက တိုက်ခိုက်မှု အပေါ်တွင် သက်ရောက်မှု ရှိလိမ့်မည်။

ထို့အပြင် ကောင်းကင်ပေါ်ရှိ ခရမ်းရွှေရောင် လျှပ်စီးကြောင်းများသည် ၎င်း ခန္ဓာကိုယ်ပေါ်ရှိ မီးတောက် အစိတ်အပိုင်းများကိုသာ ဖယ်ရှားနိုင်ပြီး ခန္ဓာကိုယ်ပေါ်တွင် သိသာသော သက်ရောက်မှု ရှိလိမ့်မည် မဟုတ်ပေ။

"မီးဖီးနစ်ဌက်က ဒြပ်စင် ပြောင်းလဲခြင်း လုပ်လိုက်ပြီ။ ငါတို့တော့ ကိုင်ကွယ်ဖို့ ပိုခက်လာပြီ"

ရီရီယွီသည် စိုက်ကြည့်ရင်း စိတ်ပျက်သွားကာ မီးဖီးနစ်ဌက်ကို အမဲ မလိုက်နိုင်တော့သဖြင့် စိတ်ဓာတ် ကျလာသည်။

ထိုစဉ် ကိုင်လီ၏ ခန္ဓာကိုယ်မှ ရွှေရောင်အလင်းများ ဖြာထွက်လာပြီး ခဏလေးအတွင်းမှာပင် လျှပ်စီးလူသား ဖြစ်သွားကာ သူမကလည်း ဒြပ်စင် ပြောင်းလဲခြင်းကို အသက်သွင်း လိုက်သည်။

## အခန်း(၃၀၉) - အောင်မြင်စွာ ဖမ်းချုပ်ခြင်း။

ကောင်းကင်ပေါ်တွင် ရွှေရောင်လျှပ်စီးနှင့် အနီရောင်မီးတောက် တို့သည် အဆက်မပြတ် တိုက်ခိုက်နေကြသည်။

တိုက်ခိုက်မှု တစ်ခုစီတိုင်းက အနီးအနား ပတ်ဝန်းကျင်ကို ပြင်းထန်စွာ လှုပ်ခတ်သွားစေကာ သူတို့နှစ်ယောက် အချင်းချင်း ထိပ်တိုက်ထိမိသော နေရာတွင် ပေါက်ကွဲ ထွက်သွားကြသည်။

ပြင်းထန်သော သက်ရောက်မှုကြောင့် လေဖိအား ရပ်ဝန်းသည် နေရာအနှံ့ ပျံ့နှံ့သွားပြီး လှိုင်းလုံးများ ဖြစ်ပေါ်လာသည်။ မိုးခြိမ်းသံထက်ပင် ပို၍ ကျယ်လောင်သော အသံများ ထွက်ပေါ်လာပြီး မီးတောင်ထိပ်တွင် ရှိနေသော ရီရီယွီနှင့် လီလန်တို့သည် နားအူသွားကြသည်။

ဒြပ်စင် ပြောင်းလဲခြင်းကို အသက်သွင်းပြီးနောက် မီးဖီးနစ်ငှက်၏ အရှိန်သည် ပို မြန်ဆန်လာသည်။ မိုးကြိုးထိမှန်မှုသည်လည်း သိသိသာသာ လျှော့ကျသွားပြီး မျှော်လင့်ချက် အရိုးဝိညာဉ်၏

ဖိနိပ်ခြင်းချိန်းကြိုးပင် ၎င်း၏အရှိန်ကို လိုက်မမီတော့ချေ။

မီးတောင်ခြေတွင် ရှိနေသော လင်းဟွမ် မျက်မှောင်ကြုတ်သွားကာ

“ဒီအတိုင်း ဆက်သွားနေမယ်ဆို မီးဖီးနစ်ဌက်ရဲ့ ကံကြမ္မာစွမ်းအား ကုန်ဆုံးမှုက ကိုင်လီရဲ့ ကံကြမ္မာစွမ်းအား ကုန်းဆုံးမှုထက် ထက်ဝက် နည်းနေတယ်။ ဒါပေမယ့် ဒီလို သက်ရောက်မှုကြောင့် အချိန်တိုလေး အတွင်းမှာ ဘယ်သူ အနိုင်ရမလဲ ဆိုတာ ငါ မသိနိုင်ဘူး။ ဒါပေမယ့် ဒီအတိုင်းပဲ

အချိန်တော်တော်လေး ကြာသွားမယ်ဆို ကိုင်လီ ပြိုလဲသွားလိမ့်မယ်”

လင်းဟွမ်သည် သူတို့နှစ်ယောက် အကြိမ်ပေါင်းများစွာ ထိပ်တိုက်နေသည်ကို ကြည့်ပြီးနောက် အခြေအနေကို သတိထားလိုက်မိပြီး

“မိုးကြိုးတွေကို လုံးဝ မရှောင်နိုင်အောင် နေရာတစ်ခုလုံး ကျယ်ကျယ်ပြန့်ပြန့် တိုက်ခိုက်ဖို့ အချိန်ရောက်ပြီ။ ကိုင်လီက အဲ့ဒီစွမ်းရည်ကို အသုံးပြုတဲ့လူပဲ။ လျှပ်စီးကြောင်း ကြောင့်တော့ မထိခိုက်နိုင်လောက်ပါဘူး”

လင်းဟွမ်သည် ဆက်လုပ်ရမည့် အစီအစဉ်ကို ချက်ချင်း စီစဉ်လိုက်ပြီးနောက် ခေါင်းမော့ကာ ကောင်းကင်ပေါ်ကို မော့ကြည့်လိုက်ချိန်တွင်

ကောင်းကင်ပေါ်တွင် တိမ်မည်းများ ဖုံးလွှမ်းနေပြီး ခရမ်းရွှေရောင် လျှပ်စီးများသည် မရပ်တန့်သေးဘဲ တိမ်များကြားတွင် ကခုန်၏။

လင်းဟွမ်၏ မျက်လုံးများသည် ဒေါသများကြောင့် တောက်ပလာပြီး

ခဏအကြာ လျှပ်စီးများ ပို၍ လင်းလက်လာသည်။

"ဆင်းလာစမ်း"

လင်းဟွမ်က ရင်းခေါင်း သံကြိုးနှင့် အောဲဟာစ်လိုက်ရာ လှျပ်စီးများသည် ရေတံခွန်မှ ရေများ စီးကျလာသကဲ့သို့ ပြိုဆင်းလာသည်။ လှျပ်စီးကြောင်းများ၏ ပစ်မှတ်သည် မီးဖိုးနစ်ငှက် တစ်ကောင်တည်းပင် မဟုတ်ချေ။ မိုးသည်းသန်စွာ ရွာသွန်းနေသကဲ့သို့ တိမ်မည်း ဖုံးအုပ်ထားသော မြေပြင်ရှိ နေရာတိုင်းကို ထိမှန်ကုန်သည်။

ကံကောင်းထောက်မစွာဖြင့် ရီရီယွိနှင့် လီလန်တို့သည် တိမ်မည်းများ ဖုံးလွှမ်းနေသော

နေရာနှင့် မီတာရာချီပြီး ဝေးကွာနေသဖြင့် တိုက်ခိုက်မှုမှ လွတ်ကင်းသွားကြသည်။

လင်းဟွမ်သည် ဒါကို တစ်ယောက်တည်း ထိန်းချုပ်ခဲ့ခြင်း မဟုတ်ပေ။ တိမ်တိုက် တိမ်လွှာများကြားရှိ လျှပ်စီးကြောင်းများကို ရည်ရွယ်ချက်ရှိရှိ ပေါင်းစည်းလိုက်သောအခါ တိမ်လွှာများ သယ်ဆောင်နိုင်သော ဝန် ကန့်သတ်ချက်ကို ကျော်လွန်သွားပြီး မိုးကြိုးများ မလွဲသာ မရှောင်သာ ပစ်ချလိုက်သည်။

တစ်ခဏလေး အတွင်းမှာပင် ထောင်နှင့်ချီသော မိုးကြိုးများသည် မီးတောင် တောင်ခြေ ဒေသတစ်ခုလုံးကို လွှမ်းခြုံပြီး ထိမှန်သွားသည်။

ခရမ်းရွှေရောင် လျှပ်စီးများသည် မီးဖိုးနစ်ဌက် တစ်ကောင်တည်းကိုသာမက ကိုင်လီနှင့်လင်းဟွမ်တို့ အပြင် ထိုအကွာအဝေးထဲ၌ ရှိနေသော အရာရာတိုင်းကို တိုက်ခိုက်လာသည်။

သို့သော်လည်း သူတို့ နှစ်ယောက်လုံးသည် လျှပ်စီးကြောင်းများကို ထုတ်လုပ်ခဲ့သူ

ဖြစ်သောကြောင့် လျှပ်စီးကြောင်းများကြောင့် ထိခိုက်ခြင်း မဖြစ်ခဲ့ပေ။

သို့သော်လည်း မျှော်လင့်ချက် အရိုးဝိညာဉ်သည် ချော်ရည်များကို ထိန်းချုပ်ပြီး ၎င်း၏ခေါင်းပေါ်တွင် အကာအကွယ် တစ်ခု ဖန်တီးလိုက်နိုင်ခဲ့သဖြင့် ချော်ရည် ပင်လယ်ထဲသို့ လျှပ်စီးကြောင်း အားလုံး လမ်းကြောင်းလွှဲနိုင်ခဲ့ပြီး တိုက်ခိုက်မှုကို အောင်မြင်စွာ ရှောင်ရှားနိုင်ခဲ့သည်။

မီးဖီးနစ်ဌက်သည် ထပ်ခါ တလဲလဲ မိုးကြိုး ထိမှန်ခံလိုက်ရသဖြင့် ၎င်း၏ တိုက်ခိုက်မှု

အမြစ်နှုန်းနှင့် သိပ်သည်းဆမှာ သိသိသာသာ လျော့ကျ သွားသည်။

လျှပ်စီးကြောင်းများသည် မီးဖိုးနစ်ဌက်၏ ခန္ဓာကိုယ်ပေါ်တွင် သိသာထင်ရှားသော သက်ရောက်မှု မရှိသော်လည်း တစ်နည်းနည်းအားဖြင့် မီးလျှံ ဒြပ်စင်ကို ကုန်ဆုံးသွားစေခဲ့သည်။

ထို့အပြင် လျှပ်စီးကြောင်းများနှင့် ဆက်စပ်နေသော လျှပ်စီး စွမ်းအင်များ ရှိနေသောကြောင့် တိုက်ခိုက်မှု တစ်ခုစီတိုင်းသည် မီးဖိုးနစ်ဌက်၏ စွမ်းအင်ပမာဏ များစွာ ကုန်ဆုံး

စေခဲ့သည်။ စွမ်းအင် ကုန်ဆုံးမှုနှုန်းသည် ကိုင်လီနှင့်ပင် ယှဉ်နိုင်လာသည်။

အခြားတစ်ဖက်တွင်မူ ကိုင်လီသည် ထိခိုက်ခြင်း မရှိပေ။ လျှပ်စီးကြောင်းများကြောင့် မည်သည့် ထိခိုက်မှုကိုမှ မခံစားရသည့်အပြင် ပတ်ဝန်းကျင်မှ လျှပ်စီးကြောင်းများကို စုပ်ယူရင်း သူမ၏အော်ရာက ပိုမို အားကောင်းလာ၏။

အခြေအနေသည် ပြောင်းပြန် လှန်သွားသည်။ အစပိုင်းက ဖိနှိပ်ခံနေရသော ကိုင်လီ၏ တိုက်ခိုက်မှုသည် ယခုအခါ၌ ပိုမို အားကောင်းလာပြီး

သူမသည် ကြောက်လန့်ခြင်း သို့မဟုတ် ထိန်ချန်ထားခြင်း မရှိတော့ဘဲ ရှုံးသွပ်စွာ တိုက်ခိုက်လာသည်။

အခြား တစ်ဖက်တွင်မူ မီးဖိုးနစ်ဌက်သည် ၎င်း၏စွမ်းအင်များ ကုန်ဆုံးလာပြီ ဖြစ်သောကြောင့် ဒြပ်စင် အသွင်ပြောင်းလဲမှု ကာလ တိုတောင်းလာတော့မည် ဖြစ်သဖြင့် စိုးရိမ်စ ပြုလာသည်။

ထို့ကြောင့် ထိုအဖြစ်အပျက်ကို ကာကွယ်နိုင်ရန် တိုက်ခိုက်ခြင်းအစား ခုခံမှုအဖြစ် ပြောင်းလဲ

လိုက်သည်။ ထို့အပြင် ကြိမ်နှုန်းမြင့်သော လျှပ်စီးကြောင်း တိုက်ခိုက်မှုသည် အချိန်အကြာကြီး အသုံး မပြုနိုင်ကြောင်း သိနေသဖြင့် လျှပ်စီးကြောင်းများ ရပ်တန့် သွားသည့်အခါမှသာ တန်ပြန် တိုက်စစ်ဆင်ရန် ပြင်ဆင်နေခဲ့သည်။

တစ်ခဏလေး အတွင်းမှာပင် မီးဖီးနစ်ဌက်သည် ကိုင်လီက အစွမ်းကုန် ထုတ်သုံးပြီး တိုက်ခိုက်နေကြောင်း သိသွားသည်။ မီးဖီးနစ်ဌက်၏ တိုက်ခိုက်မှုသည် ထူးခြားခြင်း မရှိသော်လည်း စွမ်းအင်သုံးစွဲမှုကို ရှောင်ရှားနိုင်ရန်အတွက်

စွမ်းအင်အနည်းကိုသာ သုံးပြီး လျှပ်စီးကြောင်း တိုက်ခိုက်မှုကို ရှောင်တိမ်းနေခဲ့သည်။

လင်းဟွမ်သည် လေထဲတွင် ရှိနေသော မျှော်လင့်ချက် အရိုးဝိညာဉ်၏ လှည့်ကွက် သေးသေးလေးကို ကြည့်ပြီး တောက်ပစွာ ပြုံးလိုက်မိ၏။

ကိုင်လီသည် ဒြပ်စင် အသွင်ပြောင်းလဲခြင်းကို အသက်သွင်းပြီးနောက် ပိုမို ကြီးထွားလာသည်။ အစောပိုင်းက လျှပ်စီးကြောင်းများကိုလည်း စုပ်ယူလိုက်သဖြင့် သူမ၏ခန္ဓာကိုယ်က ပိုမို ကျယ်ပြန့်

လာသည်။ လျှပ်စီး အသွင်ပြောင်းထားသော အခြေအနေတွင် သူမ၏အရပ်သည် ဆယ်မီတာခန့် မြင့်မားသည်။

မီးဖိုးနစ်ဌက် သတိမထားလိုက်မိသည့် အချိန်၌ ဖိနိပ်ခြင်းချိန်းကြိုး အနည်းငယ်သည် ၎င်းနောက်တွင် ဖုံးကွယ်ထားခဲ့ပြီး မျှော်လင့်ခြင်း အရိုးဝိညာဉ်သည် ၎င်း၏ ဖိနိပ်ခြင်း စွမ်းရည်ကို အသက်မသွင်းထားပါက ဖိနိပ်ခြင်း ချိန်းကြိုးများသည် သာမန်ချိန်းကြိုးများ အဖြစ်သာရှိပြီး ကိုင်လီကို ထိခိုက်လိမ့်မည် မဟုတ်ပေ။

မီးဖိုးနစ်ဌက်ကို ဖမ်းဆီးရန် အသင့်မဖြစ်သေးခင် မီးဖိုးနစ်ဌက်ကို လျှပ်စီးကြောင်း တစ်ခုက နောက်တစ်ကြိမ် ထိမှန်သွားသဖြင့် ကိုင်လီက ထိုအခွင့်အရေးကို ဆုပ်ကိုင်ကာ ချဉ်းကပ်သွားသည်။

ရွှေရောင် အလင်းတန်းနှင့် အနီရောင် အလင်းတန်းတို့သည် တစ်ခုနှင့်တစ်ခု ထိပ်တိုက် တွေ့ဆုံသွားပြန်သည်။

သို့သော်လည်း ထိုအခိုက်အတန့်လေးမှာပင် ရွှေရောင် အလင်းတန်းနောက်မှ အနီရောင်ရဲရဲ တောက်ပနေသော အလင်းတန်းသည်

ကြောက်စရာကောင်းသော အရှိန်အဟုန်ဖြင့် ထိုးထွက်လာကာ မီးဖီးနစ်ဌက်ထံ တိုးဝင်သွားသည်။

မီးဖီးနစ်ဌက်သည် ထိတ်လန့်စွာ တစ်ချက် ကြည့်လိုက်ရာ ဖိနိပ်ခြင်းချိန်းကြိုး ဖြစ်နေပြီး ချုပ်နှောင်ခြင်း မခံချင်သောကြောင့် ချက်ချင်း နောက်ပြန် ဆုတ်သွား၏။

မီးဖီးနစ်ဌက် နောက်ပြန် ဆုတ်သွားသော အရှိန်သည် ထိတ်လန့်စရာ ကောင်းအောင် မြန်ဆန်ခဲ့ပြီး မီးတောက် ချိန်းကြိုးများကို ချက်ချင်း

ဖယ်ရှားနိုင်ခဲ့သော်လည်း အမြီးက တစ်ခုခုနှင့် ညှပ်သွားသလို ခံစားလိုက်ရသည်။

နောက်လှည့် ကြည့်လိုက်ရာ ၎င်း၏အမြီးသည် မီးတောက်ချိန်းကြိုး တစ်ခုထဲတွင် နစ်ဝင်နေပြီး လွတ်မြောက်ခြင်း မရှိကြောင်း သိလိုက်ရသည်။ လွတ်မြောက်ရန် ရုန်းကုန်သော်လည်း ကံကြမ္မာစွမ်းအားများ လျှင်မြန်စွာ ကုန်ဆုံးလာကြောင်း သတိထားလိုက်မိသည်။

ထိုစဉ် နောက်ထပ် ချိန်းကြိုး ရှစ်ချောင်း ရောက်လာပြီး ချုပ်လှောင်သွားသည်။ ဒြပ်စင်ပုံစံ

ပြောင်းလဲထားသော မီးဖိုးနစ်ဌက်၏ ခန္ဓာကိုယ်သည် မူလပုံစံသို့ ချက်ချင်း ပြန်ပြောင်းသွား၏။

ချိန်းကြိုး ကိုးခုသည် မီးဖိုးနစ်ဌက်၏ ခန္ဓာကိုယ်ပေါ်တွင် လျင်မြန်စွာ ဖြန့်ကျဲသွားပြီး တောင်ပံများ၊ ခြေသည်းများနှင့် နှုတ်သီးကို ချုပ်နှောင်လိုက်သည်။

မီးဖိုးနစ်ဌက်၏ ကြီးမားသော ခန္ဓာကိုယ်ကြီးသည် ချိန်းကြိုးများ လက်ထဲမှ လွတ်မြောက်အောင် ယက်ကန်ယက်ကန် ရုန်းကန်နေရင်း မြေပြင်ပေါ်သို့ ချက်ချင်း ပြုတ်ကျသွားသည်။

အခြေအနေ အားလုံးက လျှပ်တပြက် ဖြစ်ပျက်သွားခြင်းပင်။

ရီရီယွိသည် တစ်ခဏမျှ အံ့ဩမှင်တက်နေပြီးနောက် သူမ၏ စီးတော်ယာဉ် မွန်းစတားကို ဆင့်ခေါ်ကာ အလောတကြီး ပြေးဝင်သွားသည်။

ခဏအကြာ ကောင်းကင်ပေါ်တွင် ပေါ်လာပြီး အစိမ်းရောင် ဓါးဓါတ်ကြွင်းကို ဆင့်ခေါ်ကာ မီးဖိုးနစ်ငှက်၏ရှေ့သို့ ရောက်လာသည်။

"အမြန် လက်စသတ်။ ချိန်ကြိုးတွေ လက်ထဲက လွတ်သွားရင် နောက်တစ်ကြိမ် ပြန်ဖမ်းဖို့ ခက်လိမ့်မယ်"

လင်းဟွမ်က ကမန်းကတန်း တိုက်တွန်း လိုက်လျှင်

"အင်း"

ရီရီယယ်သည် တဏှာမျှ တုံ့ဆိုင်းခြင်းမရှိဘဲ သူမ၏ အပြင်းထန်ဆုံးသော ဆေဘာကျင့်စဉ်ကို အသုံးပြုပြီး ကံကြမ္မာစွမ်းအားများကို ချက်ချင်း ထည့်သွင်း လိုက်သည်။

"ခွန်အားနည်းတဲ့ ပုရွတ်ဆိတ်၊ ငါ့ရဲ့ ကံကြမ္မာစွမ်းအားကို ချိတ်ပိတ် ထားရင်တောင် မင်းကငါ့ရဲ့ အကာအကွယ်ကို ဖြတ်ကျော်နိုင်မှာ မဟုတ်ဘူး"

မီးဖိုးနစ်ဌက်သည် ရီရီယွီကို တစ်ချက်ကြည့်ပြီး ပါးစပ်မသုံးဘဲ အသံ ထွက်လာသည်။

"ငါချိန်းကြိုးတွေကို ဖြတ်ပြီးတာနဲ့ နောက်ထပ် မီးလျှံတစ်ခု ချက်ချင်း အသက်သွင်းပြီး မင်းတို့ အားလုံးကို သတ်ပစ်မယ်"

"မင်းရဲ့ မီးလျှံ နောက်တစ်ကြိမ် အလုခံရမှာ မကြောက်ဘူးလား"

လင်းဟွမ်က စပ်ဖြဲဖြဲပြုံးပြီး နောက်ပြောင် လိုက်သည်။

ရီရီယွီ၏ အစိမ်းရောင်ဓါးရှည်သည် အနီရောင် ကံကြမ္မာ စွမ်းအားများ လျှင်မြန်စွာ ဖုံးအုပ်သွားသည်။

မူလက မကြောက်သော မီးဖီးနစ်ငှက်သည် ထိုဓါးရှည်ကို မြင်လိုက်သော အခိုက်အတန့်၌ စတင် ကြောက်လန့်လာ၏။ တစ်ချက် ကြည့်လိုက်ရုံဖြင့် ဓါးက အန္တရာယ်ရှိကြောင်း

ခံစားနိုင်ပြီး ယခုလက်ရှိ ကြုံတွေ့နေရသော အန္တရာယ်သည် ယခင်က ကြုံခဲ့ဖူးသော ပြိုင်ဘက်များထက် ကျော်လွန်သွားပြီးနောက် အသည်းအသန် စတင် ရုန်းကန်လာသည်။

"တောက်၊ ဒီအနီရောင် ကံကြမ္မာစွမ်းအားက ဘာကြီးလဲ"

မီးဖီးနစ်ငှက်၏ နလုံးသားထဲတွင် အကြောက်တရားများ မြင့်တက်လာသည်။ အနီရောင် ကံကြမ္မာ စွမ်းအားက ဘာမှန်း မသိသော်လည်း

ထိမှန်သွားပါက သေချာပေါက် သေရမည်ကို သိနေသည်။

ဖိနိပ်ခြင်း ချိန်းကြိုးထံမှ အက်ကွဲသံများကို ရုတ်တရက် ကြားလိုက်ရကာ မီးဖိုးနစ်ဌက်သည် ဖိနိပ်ခြင်း ချိန်းကြိုးများကို ဖြတ်နိုင်ရန် အတောင်ပံများကို ရုန်းကန်နေသည်။

ထွက်ပြေး ချင်သဖြင့် အတောင်ပံများကို အပြင်းအထိန် ရိုက်ခတ်နေသော်လည်း မီးဖိုးနစ်ဌက်၏ ကျန်ရှိနေသော ခန္ဓာကိုယ်ကို ချိန်းကြိုးများက ချုပ်နှောင် ထားသေးသည်။

အတောင်ပံများကို ပြင်းပြင်းထန်ထန် ခတ်လိုက်ရာ ဖိနိပ်ခြင်း ချိန်းကြိုးများသည် ချက်ချင်းပင် အပိုင်းပိုင်း ပြတ်တောက်သွားသောအခါ

"အခု ချက်ချင်းလုပ်"

လင်းဟွမ်က အော်ဟစ်လိုက်သည်။

ရီရီယွီ၏ သက်တံ့ စာကလေးသည် မီးဖိုးနစ်ဌက်၏ အော်ရာကြောင့် ကြောက်လန့်နေပြီး ရှေ့မတိုးဝံ့ပေ။

ထိုစဉ် ငွေရောင် အလင်းတန်းတစ်ခုသည် ကောင်းကင်ကို ဖြတ်သန်းလာပြီး နောက်ဆုံးချိန်းကြိုးကို ဖြတ်ရန် ရုန်းကန်နေသော မီးဖိုးနစ်ဌက်ထံ မရောက်သေးသော ရီရီယွီကို ဖမ်းချုပ်လိုက်သည်။